The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 6 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 11, 2019

# မြန်မာနဲ့ ယူကေ၊ မြန်မာနဲ့ အီးယူ ကုန်သွယ်မှုများ --- ဂျိခရိုးနီးသလား

စာမျက်နှာ - ၈ ➢




## မောတောင် ကုန်သွယ်ရေးစခန်းမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက် ကုန်သွယ်မှု လျာထားချက်အပေါ် ၃၄၆ ဒသမ ၁၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့

စာမျက်နှာ - ၁၂ ➢

## မယ်စဲ့ ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွင်း ကုန်သွယ်မှု အခြေအနေ

စာမျက်နှာ - ၁၂ ➢

## ၂၀၁၉ ခုနှစ်အတွက် ကုန်သွယ်မှု တာထွက်ကောင်းခဲ့သည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း

စာမျက်နှာ - ၁၃ ➢

## အိန္ဒိယနိုင်ငံ၏ ပဲလုံး- Peas (Pisum sativum) တင်သွင်းခွင့် ကန့်သတ်ချက်ကို ထပ်မံသက်တမ်းတိုးကြောင်း ကြေညာချက် ထုတ်ပြန်



စာမျက်နှာ - ၂၇ ➢


THE CENTRAL
WHERE THE FINEST MEETS
At the Corner of Kabar Aye Pagoda Road and Kanbe Road,
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.
BY INYA LAKE
HOTLINE
+959 777 773 770
/THECENTRALYANGON
PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm
All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in the project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Awareness Workshop on National Trade Portal ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် အဖွင့်အမှာစကားပြောကြား




Awareness Workshop on National Trade Portal အလုပ်ရုံဆွေးနွေးပွဲအား ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် USAID ရဲ့ ကူညီပံ့ပိုးပေးမှုဖြင့် တည်ထောင်ထားသော Myanmar National Trade Portal Website ကို အဆင့်မြှင့်တင်ထားရှိမှု အခြေအနေများနှင့် ဆောင်ရွက်ထားရှိမှုများအား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ အသိပေးဖြန့်ဝေလိုခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ National Trade Portal ကို USAID ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ၂၀၁၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် မေ ၂၆ ရက်တွင် တရားဝင် လွှင့်တင်ခဲ့ပြီး ASEAN Trade Repository – ATR သို့လည်း ချိတ်ဆက်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ Website တည်ထောင်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို များစွာအထောက် အကူပြုမည်ဖြစ်သည့်အပြင် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးသာမက ကုန်သွယ်မှုနှင့် ဆက်စပ်သော ကဏ္ဍများအားလုံးနှင့် ချိတ်ဆက်ဖော်ပြထားခြင်းမျိုး ဖြစ်ကြောင်း၊ အဆိုပါ Website အား ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစဉ်များကို USAID ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်နှစ် နှစ်တာကာလအတွင်း HS Code 2017 သို့ ပြောင်းလဲခြင်းများအပါအဝင် အချက်အလက်များ ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအဆင့်မြှင့်တင်ထားသော Website နဲ့ မူလ Website တို့အကြား ကွဲပြားချက်များအနေဖြင့် HS 2012 အစား HS 2017 ကို အသုံးပြုထားခြင်း၊ ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း အကောက်ခွန် မဟုတ်သော စီမံဆောင်ရွက်မှုများ (NTMs) များကို ခွဲခြား၍ သက်ဆိုင်ရာ ကုန်စည်များအလိုက် Procedure များနဲ့ ချိတ်ဆက်ထားခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ Myanmar National Trade Portal Website ကို တည်ထောင်နိုင်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်ပါ ကုန်သွယ်မှုအချက်အလက်များ ပွင့်လင်းမြင်သာဖြစ်စေရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်မှာဖြစ်ကြောင်း၊ ယခု Website ကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ပိုမိုပြည့်ပြည့်စုံစုံဖော်ပြနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ Website အောင်မြင်စွာ တည်ထောင်နိုင်ခြင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတစ်ခုတည်း၏ ဆောင်ရွက်မှုကြောင့် မဟုတ်ဘဲ ယနေ့တက်ရောက်လာကြသော ဌာနများအားလုံး၏ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးမှုကြောင့်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးဆောင်ရွက်ပေးမှုများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် မှတ်တမ်းတင်ပါကြောင်းနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာနများမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် USAID မှ တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် စွမ်းဆောင်ရည်မြင့်မားစွာ ဆောင်ရွက်နိုင်သော စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းလာစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးနိုင်ရေးကိစ္စကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်) ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ် (၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က အမှတ် (၂၂၈-၂၄၀)၊ ကမ်းနားလမ်း၊ ပန်းပဲတန်းမြို့နယ်ရှိ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တွင် ကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားများ စုစုပေါင်း ၉၀ ဦးခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုပညာပြန့်ပွားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဆောင်ရွက်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုဟူ၍ရှိသည့်အနက် ကုန်သွယ်မှုဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်မြင့်မားရန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များ စွမ်းဆောင်ရည်မြင့်မားရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပံ့ပိုး ပေးလျက်ရှိပါကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်ရရှိမှုသည် ကုန်သွယ်မှုဆောင်ရွက်ရာတွင်အလွန်အရေးပါသည်ဖြစ်ရာ Trade Portal ကဲ့သို့သော သတင်းအချက်အလက်အရင်းအမြစ်များကို ထိရောက်စွာအသုံးချသင့်ပါကြောင်း၊ သင်တန်းတွင် ဌာနဆိုင်ရာအသီးသီးမှ သင်တန်းနည်းပြများ၊ စီးပွားရေးပညာရှင်များ၏ ပို့ချမှုကို သေချာစွာ လေ့လာသင်ယူခြင်းဖြင့် မိမိတို့အတွက်ရော၊ နိုင်ငံအတွက်ပါ စွမ်းဆောင်ရည်မြင့်မားစွာဖြင့် လုပ်ငန်းများကို လုပ်ဆောင်စေနိုင်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ စည်းမျည်းစည်းကမ်းများကို သိရှိနားလည်သော လုပ်ငန်းရှင်များဖြစ်ပေါ်လာစေရေး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၉ ရက်မှ ဇွန် ၈ ရက်အထိ လေးလကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးပညာရှင်များမှ သင်ကြားပို့ချမည်ဖြစ်ကာ လေ့လာရေးခရီးများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**ကြည်သာသစ်နိုင်**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဇန်နဝါရီလအတွင်း ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့



ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာ ၆ဒသမ၉၅၅ သန်းတန်ဖိုးရှိညှော်မထဆန် ၂၂၆၈၃ တန်ကျော် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၁၆၄၅၅ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၈၉၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၅၃၂၉ တန်နဲ့ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှသုံးတန်ချိန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ငါးတန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကုန်သွယ်ရေးစခန်းများရဲ့ ဆန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၆၉၇၄ တန် အပို့လျော့ကျခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၁၉၈တန်ကျော် တင်ပို့ပြီး ယခင်တစ်ပတ်က ၁၄၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၁ တန်ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ဇန်နဝါရီတစ်လလုံးအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄၄ သမ ၆၀၅ သန်းတန်ဖိုးရှိဆန် ၁၄၈၃၂၄ တန်ကျော်တင်ပို့ခဲ့ပြီးအနီးစပ်ဆုံး ဒီဇင်ဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုလမှာ ၃၁၆၆၆ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ဆန်တင်ပို့မှုပိုမိုသလို ယခုလမှာ ဆန်ကွဲလည်း ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ယခုလမှာ အမေရိကန်ဒေါ်လာ သုည သမ ၄၉၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၉၀၆ တန်တင်ပို့ပြီး ဒီဇင်ဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၅၆၄ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီလ ၂၆ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ၉၆၄သန်း တန်ဖိုးရှိ ညှော်မထဆန်နဲ့ ပေါင်းဆန် တန်ချိန်၈၃၈၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်ဆန်တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၂၆၀၀၊ စင်ကာပူနိုင်ငံသို့၁၃၂၅တန်၊မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန်၆၅၀၊ တိုင်ဝမ်သို့၂၄၆တန်၊ အီးယူနိုင်ငံ များသို့ ၃၅၅၉ တန် တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ဇန်နဝါရီလအတွင်း ဆန်တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ၄၁ဒသမ၀၈၇ သန်းနဲ့၁၂၆၁၀၆တန်ဖြစ်ပြီးအနီးစပ်ဆုံး ဒီဇင်ဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုလမှာ ၅၀၉၁ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ် လာ ၂ ဒသမ ၉၀၅ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၀၇၅၀ တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ ၈၇၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၃၅၀၀ နဲ့ အီးယူနိုင်ငံများသို့ ၆၃၇၅ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။

ဇန်နဝါရီလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၉၂ သန်းဖိုးနဲ့ ၄၂၃၉၄ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ဒီဇင်ဘာလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၅၇၉၉ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ဇန်နဝါရီလအတွင်း ဆန်တင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၂၇၄၄၃၀ နဲ့ ဆန်ကွဲ ၁၂၆၅၆ တန်ဖြစ်ပြီး ကုန်သွယ်ရေးစခန်းမှရော ရေကြောင်းလမ်းမှပါ ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး**

# အရောင်းအဝယ်အေးပြီး ဆန်ကြမ်းတချို့ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာအရောင်းအဝယ်အေးပြီး ဆန်ကြမ်းတချို့ဈေးကျကြောင်းသိရပါတယ်။ ရန်ကုန် ဝါးတန်းဆန်ကုန်စည်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကိုကျပ် ၃၈၀၀၀နဲ့ လတ်စတစ်အိတ်ကို ကျပ် ၃၇၀၀၀၊ ပုသိမ်၊မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကိုကျပ်၄၂၀၀၀နဲ့ လတ်စတစ်အိတ်ကိုကျပ်၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကိုကျပ် ၃၆၀၀၀နဲ့လတ်စတစ်အိတ်ကိုကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကိုကျပ် ၄၈၀၀၀-၅၀၀၀၀၊ ပေါ်ဆန်းဆန်အသစ်တစ်အိတ်ကိုကျပ် ၃၂၀၀၀-၃၅၅၀၀၊ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကိုကျပ်၃၇၀၀၀-၄၂၀၀၀၊မွှေးကြီးရှယ်တစ်အိတ်ကို ကျပ် ၂၅၅၀၀-၂၆၀၀၀ ရှိပြီးယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်အဝင်ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးတဲ့အတွက် ဆန်ကြမ်းတချို့ ဈေးအနည်းငယ်ကျကြောင်းကုန်စည်ဒိုင်မှသိရပါတယ်။ ညှော်မထ ၂၅ မှတ်တစ်အိတ်ကို ကျပ် ၁၈၆၀၀-၁၉၀၀၀၊ ရက် (၉၀)ဆန် တစ်အိတ်ကို ကျပ် ၂၉၀၀၀-၃၁၀၀၀၊ သီးထပ်ရှယ်တစ်အိတ်ကိုကျပ် ၂၃၀၀၀-၂၄၀၀၀၊ အကြမ်းရှယ် တစ်အိတ်ကိုကျပ် ၂၀၃၀၀-၂၁၀၀၀ရှိပြီး ညှော်မထ ၂၅ မှတ်ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးကျကြောင်း ဝါးတန်းကုန်စည်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။ **ယဉ်ယဉ်အေး**

# ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် ဖေဖော်ဝါရီလ ပထမပတ် တရုတ်နှစ်ကူးရက်အတွင်း ဈေးအေး၊ အရောင်းအဝယ်အေး

ပုသိမ်မြို့နယ်ဆန်စပါးဈေးကွက်မှာ ဖေဖော်ဝါရီလ ပထမပတ်တရုတ်နှစ်ကူးရက်အတွင်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်ပိတ်၍ ဈေးအေးအရောင်းအဝယ်အေးလျှက်ရှိကြောင်း လက်ရှိ ဧရာဝတီ ပေါ်ဆန်းစပါး ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို၁၁သိန်းခွဲ၊၁၂သိန်းဆန်တစ်အိတ်ကို ကျပ် ၃၉၀၀၀/ ၄၀၀၀၀ ပေါ်ဆန်းရင် စပါး ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ကျပ် ၃၈၀၀၀/၃၉၀၀၀၊ မနောသုခ၊ မျိုးပွား၊ သီးထပ်ရင်စပါး ပေါင် ၅၀ တင်း ၁၀၀ ကို ၆၂၀၀၀၀/၆၃၀၀၀၀ ကျပ် ဆန်တစ်အိတ်ကို ကျပ် ၂၁၅၀၀/၂၂၀၀၀၊ ရွှေသွယ်စပါး ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၇၅၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၉၀၀၀/၃၀၀၀၀ ဈေးအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

ယခုနှစ်တောင်သူအများစုမှာ ယခင်နှစ်ကဈေးကောင်းရသောပေါ်ဆန်းစပါးအစိုက်များပြီး အစိုက်နည်းသွားသော ရွှေသွယ်စပါးအများစုမှာ လှောင်လက်ထဲတွင် ရောက်ရှိ၍ ရာသီဥတုပူလာ လျှင်စပါးကြိတ်ခွဲရာတွင်အကျိုးအကြေများပြီး စပါးဝယ်ယူရာတွင် စပါးအရည်အသွေးပေါ်မူတည်လျက် ဈေးနှုန်းအနိမ့်/အမြင့်ဖြစ်တတ်ကြောင်း စပါးအမျိုးအစားပေါ် မူတည်ကာ ကျပ်သောင်းဂဏန်းဝန်းကျင် အပြောင်းအလဲရှိကြောင်း ယခုနှစ်ဆန်စပါးဈေးကွက်တွင် တရုတ်ဈေးကွက် အဝယ်လိုက်လျှင် အရောင်းအဝယ်သွက်နိုင်ကြောင်း ဆန်ကုန်သည်အသိုင်းအဝိုင်းမှ သိသည်။ **မင်းမင်းဦး(ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၂-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၇ | ၃၉၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၇ | ၃၈၅ | ▽ | ၃၃၅ | ၃၃၅ | □ | ၃၈၀ | ၃၈၀ | □ | ၃၄၂ | ၃၅၃ | △ |
| ဆန်ဖြူ ၁၀% | ၃၈၆ | ၃၈၄ | ▽ | ၃၃၂ | ၃၃၂ | □ | - | - | - | ၃၃၇ | ၃၄၈ | △ |
| ဆန်ဖြူ ၁၅% | ၃၈၄ | ၃၈၂ | ▽ | ၃၂၉ | ၃၂၉ | □ | - | - | - | ၃၃၂ | ၃၄၃ | △ |
| ဆန်ဖြူ ၂၅% | ၃၇၆ | ၃၇၄ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၇၀ | ၃၆၅ | ▽ | ၃၁၃ | ၃၁၈ | △ |
| ပေါင်းဆန် | ၄၂၀ | ၄၂၀ | □ | - | - | - | ၃၈၃ | ၃၈၃ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၈-၂-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၄၀၀ | □ | ၂၂၅၀၀ | □ | ၉၀၀၀၀ | □ | ၄၅၀၀၀ | □ |
| ပုသိမ် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၉၈၀၀၀ | □ | ၃၈၀၀၀ | △ |
| ပဲခူး | ၅၄၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၃၀၀၀ | □ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၈၄၀၀ | △ | ၃၆၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | △ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | □ | ၂၀၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၅၀၀၀၀ | □ |
| မော်လမြိုင် | ၆၁၀၀ | □ | ၂၂၀၀၀ | □ | ၁၁၀၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၄၃၀ | □ | ၃၈၀၀၀ | □ | - | - | ၆၅၀၀၀ | □ |
| မြိတ် | ၆၅၀၀ | ▽ | ၂၃၀၀၀ | ▽ | - | - | ၃၉၀၀၀ | ▽ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၇၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၄-၂-၂၀၁၉ မှ ၈-၂-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 304 | 19,341,569.110 |
| 2 | Form D | 123 | 4,755,765.180 |
| 3 | Form E | 98 | 6,820,847.050 |
| 4 | Korea GSP | 7 | 445,025.700 |
| 5 | Form AK | 147 | 7,565,793.710 |
| 6 | Form AJ | 18 | 760,204.210 |
| 7 | Form AI | 84 | 2,611,322.744 |
| 8 | Form AANZ | 14 | 339,673.510 |
| 9 | Form DFTP | 1 | 253,955.520 |
| 10 | Form CHINA | 1 | 120,523,750 |
| **Grand Total** | | **797** | **43,014,680.484** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၈-၂-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁/၂ | ၈/၂ | ပြောင်းလဲမှု | ၁/၂ | ၈/၂ | ပြောင်းလဲမှု | ၁/၂ | ၈/၂ | ပြောင်းလဲမှု | ၁/၂ | ၈/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၃၁ | ၁၀၀၉ | ▲ | ၁၀၃၃ | ၁၀၈၃ | ▲ | ၉၅၀ | ၁၀၀၀ | ▲ | ၁၀၅၀ | ၉၅၀ | ▼ |
| ပဲစင်းငုံ | ၁၁၁၀ | ၁၁၉၄ | ▲ | ၁၂၅၀ | ၁၃၁၇ | ▲ | ၁၂၇၅ | ၁၃၁၅ | ▲ | ၁၂၆၅ | ၁၃၁၀ | ▲ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၈၀ | ■ | ၁၈၁၁ | ၁၈၆၇ | ▲ | ၁၇၃၆ | ၁၆၈၄ | ▼ | ၁၆၆၀ | ၁၆၁၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၂၅ | ▲ | ၁၂၄၀ | ၁၂၅၈ | ▲ | ၁၂၁၀ | ၁၂၈၉ | ▲ | ၁၂၄၀ | ၁၂၇၅ | ▲ |
| ပဲလွန်းဖြူ | ၉၅၀ | ၉၁၅ | ▼ | ၁၂၁၇ | ၁၂၁၇ | ■ | ၁၃၉၄ | ၁၃၉၄ | ■ | ၁၁၈၅ | ၁၁၈၅ | ■ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၀၄၄ | ၂၁၃၃ | ▲ | ၁၇၈၉ | ၁၇၈၉ | ■ | ၁၈၄၅ | ၁၇၄၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၆.၁.၁၉)ထိ | ယခုတစ်ပတ် (၂.၂.၁၉)ထိ | (၁.၁.၁၉) မှ (၂.၂.၁၉) ထိ |
| မတ်ပဲ | ၆၄၃၆၅ | ၄၈၆၉ | ၆၉၂၃၄ |
| ပဲတီစိမ်း | ၉၃၆၁ | ၃၄၂၄ | ၁၂၇၈၅ |
| ပဲစင်းငုံ | ၂၁၆၀၀ | ၆၇၄ | ၂၂၂၇၄ |
| ကုလားပဲ | ၆၃၄၁ | ၄၄၀ | ၆၇၈၁ |
| ပဲလွန်းဖြူ | ၈၃၄ | ၂၈၅ | ၁၁၁၉ |
| မြေထောက်ပဲ | ၂၁ | ၂၁၃ | ၂၃၄ |

## ပြည်ပဲတီစိမ်း အရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသီးနှံများ ယခင်လနှင့် ယှဉ်လျှင် ဝင်ရောက်မှုလျော့နည်းသွားတာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်းနှင့်ပြည် ပတ်ဝန်းကျင်ဒေသများမှ တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ကျော်ခန့်သာ ဝင်ရောက်ပြီး ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ရန်ကုန်၊ မန္တလေးလိုင်းသမားများ ဝယ်ယူနေကြတဲ့အတွက် ပဲတီစိမ်းသီးနှံဟာ လက်ကားသာ ရောင်းဝယ်မှုဖြစ်တဲ့ပဲသီးနှံဖြစ်သလို ပဲအထွက်လှိုင်ချိန်၊ ပဲပေါ်ချိန်ကာလများတွင်သာ အများအပြားရောင်းဝယ်မှုဖြစ်ခဲ့ကြပြီး ကျန်ကာလများတွင် အရောင်းအဝယ်အေးသွားတဲ့ပဲသီးနှံဖြစ်ကြောင်းလေ့လာသိရှိရပါတယ်။ ယခုတစ်ပတ်ပဲဈေးမှာ တစ်တင်းကျပ် ၃၀၀၀၀ နှင့် ကျပ် ၃၄၀၀၀အကြား အရည်အသွေးလိုက်၍ ဈေးကွာခြားခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ဘိုကိတ်ပဲသစ် လက်လီ/လက်ကားရောင်းဝယ်မှုဖြစ်

ဘိုကိတ်ပဲသစ်များ ပြည်ပဲဈေးကွက်သို့ နေ့စဉ်အိတ် ၂၀၀ကျော်ထိ ဝင်ရောက်မှုရှိတယ်လို့ သိရပါတယ်။ လက်လီလက်ကား ရောင်းဝယ်လျက်ရှိတာကြောင့် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၁၈၅၀၀ဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျော့သွားသလို ယခင်နှစ်ကာလတူထက်လည်း ဈေးလျော့နေခဲ့ပါတယ်။ ယခင်နှစ်က ပြည်ပဝယ်လက်ပဲ များဈေးအေးခဲ့ပြီး ပြည်တွင်းဝယ်လက်ပဲများ ဈေးကောင်းရခဲ့ပေမယ့် ယခုနှစ်မှာတော့ ပြည်တွင်းဝယ်လက်ပဲအချို့ဈေးအေးနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်မြေပဲဆန်ဈေးဝယ်လိုအားနည်းလို့ ဈေးပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ သရက်၊ မင်းတုန်း၊ ကံမ နှင့်ရွှေတောင်ဘက်မှ နေ့စဉ်ဝင်ရောက်မှုရှိနေသေးတဲ့အတွက် ဈေးကွက်တွင် မြေပဲဆန်ဆီ ဆန်(အဖြူ) ဈေးတစ်မျိုးသာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပြီး ကျန်မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပါတယ်။ မန္တလေးဝယ်လက်များက နေ့တိုင်းအဝယ်ရှိနေပေမယ့် ဝယ်လိုအားနည်းတဲ့အတွက် ဈေးကျလာတာဖြစ်တယ်လို့သိရပါတယ်။ ဆီစက်သမားများက ဆီကြိတ်ရန် ဆီဆန်(အဖြူ)ကို အဝယ်ရှိတဲ့အတွက် ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀ နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ၂၇၂၅ ကျပ်နှင့်လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၉၀၀ ဖြင့် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အရောင်းအဝယ် ဖြစ်တာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

# ပြည်တွင်း၌ကြယ်ပဲ တန်ဖိုးမြှင့်ထုတ်ကုန်စက်ရုံ တည်ဆောက်မည်



ပြည်တွင်း၌ အဆင့်မြင့် ကြယ်ပဲထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်ရန် ထိုင်းနိုင်ငံကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်၍ လုပ်ဆောင်နေကြောင်းသိရပါသည်။ ကြယ်ပဲစက်ရုံတည်ဆောက်နိုင်မည်ဆိုပါက ပြည်တွင်းမှ ထွက်ရှိသည့် ကြယ်ပဲသီးနှံများကို ၎င်းစက်ရုံတွင် အဆင့်မြင့် ကုန်ချောထုတ်လုပ်မှုများပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ချိနိုင်မည်ဖြစ်ပါသည်။

စက်ရုံကို အထက်မြန်မာပြည်ဘက်မှာ တည်ဆောက်ဖို့ရှိတယ်လို့လည်းသိရပါသည်။ လက်ရှိအချိန်တွင် မြန်မာ့ကြယ်ပဲကို ထိုင်းနိုင်ငံနှင့် ကိုးရီးယားနိုင်ငံတို့မှ အများဆုံး ဝယ်ယူလျက်ရှိပြီး ကြယ်ပဲမှ စားသောက်ကုန်၊ ခေါင်းလျှော်ရည် စသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နေကြောင်း သိရပါသည်။ ကြယ်ပဲကို အမေဇုန်တောအုပ်ထဲမှာ နှစ်ပေါင်း ၃၀၀၀ လောက်ကစပြီး Protein ကြွယ်ဝတဲ့ပဲအဖြစ် စိုက်ပျိုးခဲ့ကြပါသည်။ ကြယ်ပဲကို အမေရိကန်လူမျိုးတွေက မကြာသေးခင်နှစ်အနည်းငယ်ကမှ ကျန်းမာရေးအတွက် ကောင်းမွန်မှန်းသိလာခဲ့ကြသည်။ ကြယ်ပဲသည် သာမန်ပဲများနှင့် လုံးဝမတူဘဲ Protein,Omega 3,6,9,alpha-tocopherol vit E, Carotenoids(VitA) နဲ့Fiber တွေအများကြီးပါဝင်နေပါသည်။

ကြယ်ပဲဆီကို Proteinနဲ့ Omegas Fatty acid တွေပေါကြွယ်ဝလို့ ကမ္ဘာ့အကောင်းဆုံးဆီလို့လည်း တင်စားကြပါသည်။ သံလွင်ဆီနဲ့အနံ့အရသာ ခပ်ဆင်ဆင်ဆိုပေမဲ့ သံလွင်ဆီထက် အရသာပိုပေါ့ပြီး အစေ့အဆံ အရသာပို ကောင်းပါသည်။ သက်သတ်လွတ်စားတဲ့လူတွေ ရွေးချယ်သင့်တဲ့ဆီမျိုးဖြစ်ပါသည်။ ကြယ်ပဲ စားသုံးခြင်းဖြင့် အစာကြေလွယ်ခြင်း၊ ခန္ဓာကိုယ်ထဲရှိ မကောင်းတဲ့ LDL cholesterol ကို လျှော့ချပေးပြီး ကောင်းတဲ့ H DLcholester များကို မြှင့်တင်ပေးခြင်း၊ Tryptophan ပမာဏများစွာ ပါဝင်နေလို့ Serotonin hormone (Feel-good hormone) တွေပိုများလာစေပြီး စိတ်ဖိစီးမှုလျော့ကျစေကာ စိတ်တည်ငြိမ်ပျော်ရွှင်စေခြင်း၊ စိတ်ကိုမျှတစေတာကြောင့် အလေးချိန်ကို လျော့ကျစေနိုင်ခြင်း၊ နှလုံး၊ ဆီးချို၊ အရိုးအဆစ်၊ အမြင်အာရုံများနှင့် အဆစ်ရောင်ရောဂါများကိုလည်း ကာကွယ်ပေးပါသည်။ ကြယ်ပဲဆီသည် ဆံပင်၊ အရေပြားနဲ့ လက်သည်းခြေသည်းတွေကို ထိန်းပေးခြင်းဖြင့် အဆီဓာတ်ဖြည့်ပေးခြင်း၊ ရေဓာတ်ဖြည့်ပေးခြင်း၊ နေရောင်ခြည်ဒဏ် ကာကွယ်ပေးရာရောက်ပြီး ပျက်စီးသွားတဲ့ဆဲလ်တွေကို ပြန်လည်ပြုပြင်ပေးခြင်းများကြောင့် ကျန်းမာသန်စွမ်းစေပါသည်။

နိုင်ငံတကာဈေးကွက်ထဲမှာ ကြယ်ပဲကိုလှော်ထားတာရော၊ ဆီရော၊Powder ရော၊ ငါးကြီးဆီလို အဆီသောက်ဆေးအနေနဲ့ရော ရောက်ရှိနေပြီဖြစ်ပါသည်။ ငါးကြီးဆီလို Saturated Fat မများဘဲ ၆ ဒသမ ၃၉ ရာခိုင်နှုန်းသာ ပြည့်ဝဆီပါဝင်တာကြောင့် ကလေး၊ ကိုယ်ဝန်ဆောင်၊ အသက်ရွယ်ကြီးသူများအတွက် သင့်တော်တဲ့ပဲဖြစ်ပါသည်။ ကြယ်ပဲဆီကို ကမ္ဘာ့အကောင်းဆုံးပဲဆီ PUFA(Polyunsaturated Essential Fatty Acid)အဖြစ် သတ်မှတ်ရခြင်းမှာ Omega 3=48%၊ Omega 6=35%၊ Omega 9=9.8% ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ကြယ်ပဲဆီသည် တခြားဘယ်ပဲနဲ့မှမတူဘဲ စားသုံးသင့်တဲ့ပဲဖြစ်ပါသည်။ **ခင်မြနွယ်-** MYANTRADE(TIR)

## ပခုက္ကူကုန်စည်ဒိုင်နှင့် ရေစကြိုကုန်စည်ဒိုင်တို့တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီမှာ ဈေးအနည်းငယ်တက်နေပြီး ယခုတစ်ပတ်၏ဈေးနှုန်းများမှာ တစ်တင်းလျှင် ကျပ် ၂၅၂၀၀-၂၅၅၀၀ ၂၅၇၀၀-၂၆၄၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀ မှ ၂၀၀၊ ၂၀၁၇-၁၈ ခုနှစ်ထွက် ပဲစင်းငုံနီ (အဟောင်း)မှာ တစ်တင်းလျှင် ကျပ် ၂၀၅၀၀-၂၂၇၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ၁၀၀၊ ကုလားပဲဝါ HLမှာ တစ်တင်းလျှင် ကျပ် ၂၂၅၀၀-၂၃၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀၊ ကုလားပဲဝါလုံးကြီး ၉၂၉အသစ်တစ်တင်းလျှင်ကျပ် ၂၃၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀၊ ကုလားပဲဝါလုံးကြီး၉၂၉ အဟောင်းတစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဈေးဖြင့်အိတ်ရေ ၅၀၊ ကုလားပဲဖြူ V2အသစ်တစ်တင်းလျှင် ကျပ်၂၃၀၀ ဈေးဖြင့် အိတ်ရေ ၅၀ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ကျန်ပဲပုပ်တစ်တင်းလျှင်ကျပ် ၁၈၅၀၀ ဖြင့် အိတ် ၃၀ မှ ၅၀ ၊ နတ်တော်ပဲခေါ် ပဲလွန်းပြာတစ်တင်းလျှင် ကျပ် ၁၈၅၀၀-၁၉၀၀၀ ဖြင့် အိတ် ၅၀ ခန့် ဥပုသ်နေ့မှလွဲ၍ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ အညာဒေသ၏ အဓိကဆီထွက်သီးနှံဖြစ်သောနှမ်းနက်စမုံမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ မှ ၇၈၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်ရှိပြီး ယခုတစ်ပတ်တွင် နှမ်းနက်စမုံနှင့် ဂွနက်တို့မှာ အရောင်းအဝယ်အေးနေပါသည်။ နှမ်းနက်ဂွ တစ်တင်းလျှင် ကျပ် ၅၅၀၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့ CP မှာ တစ်တင်းလျှင် ကျပ် ၈၂၀၀ ဖြင့် အိတ်ရေ ၅၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက် ရှိပါသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်တစ်ပိဿာလျှင် ၃၁၀၀ မှ ၃၂၅၀ကျပ်၊ မတ်ပဲမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၁၉၀၀၀ မှ ၂၁၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်အားဖြင့် အနည်းငယ်သာဖြစ်နေပါသည်။ ပဲပုပ်တစ်တင်းလျှင် ကျပ် ၁၉၀၀၀၊ ပဲလွန်းပြာတစ်တင်းလျှင် ကျပ်၁၈၀၀၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၈၂၀၀၀ ဈေးဖြင့် အိတ်ရေ၅၀၀ မှ ၁၀၀၀ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲစင်းငုံသီးနှံ ယခင်နှစ်ထက်ဈေးကောင်းရနေ

ပြည်ဈေးကွက်အတွင်း ပဲစင်းငုံသီးနှံမှာ ပဲအထွက်လှိုင်ချိန်ဖြစ်လို့ ပဲဝင်ရောက်မှုများခဲ့ကာ တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက်နေ့စဉ်အဝယ်ရှိခဲ့တဲ့အတွက် ပဲဈေးကွက်မှာ အရောင်းအဝယ်သွက်လျက်ရှိတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာတစ်တင်းကျပ် ၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျော့သွားပေမယ့် မတ်ပဲသီးနှံထက်တော့ ဈေးပိုရနေခဲ့ပါတယ်။ ယခင်နှစ်က ပဲစင်းငုံသီးနှံဈေးမှာ ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့ပြီး ယခုနှစ်မှာတော့ ပဲသစ်ပေါ်စဈေးမှာကတည်းက ကျပ် ၂၀၀၀၀ ကျော်ရရှိလာခဲ့တဲ့အတွက် ယခင်နှစ်ဈေးနှင့်ယှဉ်လျှင် ဈေးကောင်းရလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

# လူကြိုက်များနေသည့် ဆိပ်ဖြူမြို့နယ်မှ ကြက်သွန်ကြော်လုပ်ငန်း

စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ဆိပ်ဖြူမြို့နယ်တာဝန်ခံ ဒုဦးစီးမှူး ဦးဇော်နေလင်း၊ ဒုဦးစီးမှူး ဒေါ်မြင့် မြင့်သန်းနှင့် အကြီးတန်းစာရေး ဒေါ်ချိုဝေလွင်တို့ ဝန်ထမ်းများအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်တွင် ဆိပ်ဖြူမြို့နယ်၊ ကိုးထောင့် ကျေးရွာရှိ စိန် ကြက်သွန်ကြော်လုပ်ငန်းသို့ ကွင်းဆင်းလေ့လာခဲ့ပါသည်။

အဆိုပါ 'စိန်' ကြက်သွန်ကြော်လုပ်ငန်းသို့ သွားရောက်လေ့လာရာတွင် လုပ်ငန်းရှင် ဒေါ်အိရွှေဇင်က မိမိ၏ ကြက် သွန်ကြော်လုပ်ငန်းသည် ၂၀၁၆ ခုနှစ်၊ မတ်လတွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ကုန်ကြမ်းအနေဖြင့်လည်း ဆိပ်ဖြူမြို့ပေါ်ရှိ ပွဲရုံများတွင် ဝယ်ယူကြောင်း၊ တစ်နေ့လျှင် ကြက်သွန်နီ ၅၀၀ ပိဿာကြော်ရပြီး ကြက်သွန်ကြော် ၁၂၅ ပိဿာ ထွက်ရှိကြောင်း၊ ကြက်သွန်ကြော်လျှင် တစ်ပိဿာခွဲ တစ်ဒယ်ကို အချိန်အားဖြင့် ၁၅ မိနစ်ကြာမြင့်ကြောင်း၊ ကြက်သွန်ကြော်ရာတွင် စားအုန်းဆီကို အသုံးပြုကြောင်း၊ တစ်နေ့လျှင် ၇၅ ပိဿာခန့်ကုန်ကြောင်း၊ မိမိ၏ထုတ်ကုန်ဖြစ်သော ကြက်သွန်ကြော်များကို ချောက်၊ ဆိပ်ဖြူ ရေနံချောင်း၊ မကွေး၊ ကျောက်ပန်းတောင်း၊ ရန်ကုန် စသည့်မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ အလှူအတန်းများနှင့် မင်္ဂလာပွဲများအခမ်းအနားများရှိလျှင် ပိုမိုရောင်းချရကြောင်း၊ လုပ်သားဦးရေအနေဖြင့် အမျိုးသမီး ၁၂ ဦး၊ အမျိုးသားရှစ်ဦးရှိပြီး လုပ်အားခအနေဖြင့် တစ်ရက်လျှင် အမျိုးသမီး ကျပ် ၃၀၀၀၊ အမျိုးသား ကျပ် ၅၀၀၀ ပေးကြောင်း၊ ဒေသခံများကိုလည်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ကြောင်း၊ အလုပ်ချိန်ကိုလည်း နံနက် ၇နာရီမှ ညနေ ၄ နာရီအထိ လုပ်ကိုင်ရကြောင်း၊ မိမိအနေဖြင့် UMFCCI ၌ ကျင်းပသော စွန့်ဦးတီထွင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ ပြည်ပပို့ကုန်တစ်ခုအဖြစ် ရည်မှန်းချက်ထားရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**သူဇာကျော် (ပခုက္ကူ)**

# ချင်းရွှေဟော်မှ ပြောင်းဖူးစေ့နဲ့အတူ ပြောင်းဖူးစိမ်းပါ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက် အထိရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၆၃ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၈၂၂၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှတန် ၁၈၅၀၀၊ လွယ်ဂျယ်မှ ၁၄၃၄ တန်၊ ချင်းရွှေဟော် မှ ၈၂၉၃ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါ စခန်း သုံးခုမှ ၄၉၉၅၅ တန်တင်ပို့ခဲ့တဲ့တာကြောင့် တန်ချိန်နှစ်သောင်းကျော် လျော့နည်းခဲ့တာ တွေ့ရပါတယ်။ ချင်းရွှေဟော်မှ ပြောင်းဖူးစေ့အပြင် အမေရိကန်ဒေါ်လာ၉၉၇၅ တန်ဖိုးရှိ ပြောင်းဖူးစိမ်း ၉၅ တန်ကိုလည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်သို့ပြောင်းကား ၅၅၅ စီးအဝင်ရှိပြီး ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက် အတွင်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ပြောင်းတစ်တန်ဈေးမှာ ၃၀၃၂၉၇ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။



အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၇၆၄၁၀ တန်ဖိုးရှိ ပြောင်းတန်ချိန် ၈၄၀ ကျော်ကိုလည်းကောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၀၅၀၃ တန်ဖိုးရှိ ပြောင်းတန် ၂၀၀ ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# ထောပတ်သီးစားဖွယ်ရာများ ပြင်ဆင်ချက်ပြုတ်နည်း ဆင့်ပွားသင်တန်း ညောင်ရွှေမြို့နယ်တွင် ပြုလုပ်

MFVP နှင့်မြန်မာနိုင်ငံ စားဖိုမှူးများအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့မှကြီးမှူးကျင်းပသော ထောပတ်သီး စားသောက်ဖွယ်ရာများ ပြင်ဆင်ချက်ပြုတ်နည်းဆင့်ပွားသင်တန်းကို ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု၊သပြေကုန်းကျေးရွာတွင် ဇန်နဝါရီ ၂၆ရက်က ကျင်းပခဲ့တယ်လို့သိရပါတယ်။

သင်တန်းပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ထောပတ်သီးကိုစားဖွယ်ရာအမျိုးမျိုး ပြင်ဆင်ချက်ပြုတ်ပြီး စားသုံးတတ်လာစေရန်၊ထောပတ်သီးစားသုံးမှုများပြားလာပြီး ထောပတ်သီးစားသုံးခြင်း ယဉ်ကျေးမှုထွန်းကားလာစေရန်၊ ပြည်ပဈေးကွက်အလားအလာရှိသည့် ထောပတ်သီးကို မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးလာစေခြင်းဖြင့် ထောပတ်သီးမှ ပြည်တွင်း၊ပြည်ပဝင်ငွေများရရှိလာကာ ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် ပြည်ပဝင်ငွေစီးဝင်လာစေရန် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ဆိုပါတယ်။

ဆင့်ပွားသင်တန်းတွင်ရှမ်းပြည်နယ်ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သင်တန်းဆရာ၊ ဆရာမများဖြစ်သော ဦးကျော်ကျော်မျိုး၊ ဦးကျော်ဦး၊ ဦးအိုက်စိုင်း၊ ဦးရွှေမြင့်နှင့်ဒေါ်နွယ်နွယ်ဝင်းတို့က စာတွေ့၊ လက်တွေ့ပို့ချပေးခဲ့ကြပါတယ်၊ ထောပတ်သီးစားဖွယ်ရာ ချက်ပြုတ်နည်းတွေကတော့ ထောပတ်သီးဆူရှီ (Avocado Sushi)၊ ထောပတ်ပါပလာသုတ် (Cracker on Avocado salad)၊ ကျန်းမာရေးနှင့်ညီညွတ်သောထောပတ်သီးသုပ် (Avocado Circle in Healthy Fruit Salad) ထောပတ်ကြက်ဥပါမုန့်လိပ် (poached Eggs in avocado on Ray Bread)၊ တူနာငါး ထောပတ်သီးသုပ် (Avocado in Tuna Salad with all Spice)၊ ဘီ. အယ်. တီ ထောပတ်သီးဘာဂါ( B.L.T Avocado Burger)တို့ဖြစ်ကြပါတယ်။

အဆိုပါသင်တန်းသို့ တက်ရောက်လာသည့် သင်တန်းသား၊ သူများအား အုပ်စု(၄)စုခွဲပြီး စားပွဲဝိုင်း လေးဝိုင်းဖြင့် ထောပတ်သီးစားဖွယ်ရာများ ပြင်ဆင်ချက်ပြုတ်နည်းများကို ယှဉ်ပြိုင်စေခဲ့ပြီး ဆုများကိုလည်းပေးအပ်ချီးမြှင့်ခဲ့တယ်လို့သိရပါတယ်။ တက်ရောက်ခဲ့သူများမှာ သပြေကုန်းနှင့် လယ်ဆောင်းရွာမှ ထောပတ်သီးစိုက်တောင်သူများ၊ ညောင်ရွှေမြို့ဟိုတယ်ဇုန်မှ စားဖိုမှူးများ အင်အား(၄၀)ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းမှတ်စုများကိုလည်း ဖြန့်ဝေပေးခဲ့လို့သိရပါတယ်။ ဆင့်ပွားသင်တန်းကို ကျောက်တစ်လုံးကြီးမြို့နယ်ခွဲ၊ နောင်ကားကျေးရွာတွင်လည်း ဆက်လက်ပြုလုပ်သွားမယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

## မြန်မာ့ဆိပ်ကမ်းတွင် ၇.၂.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | -MT ARMONIA | P'Oil(In Bulk) ၅၀၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | -PACAO | TEU ၉၆၃ တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -ALS SUZURAN | TEU ၄၄၀တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | -SINAR BANDUNG | TEU ၇၃၅ တင်၅၃၀ ချဆဲ |
| စက်မှုဆိပ်ကမ်း(၁) | -ANAN BHUM | TEU ၆၉၇ တင် ၆၄၀ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | -THAI BINH-688 | Urea(In Bulk) ၁၂၀၀၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | -MCC MERGUI | TEU ၉၀၀ တင်၄၄၁ ချဆဲ |
| MIPLဆိပ်ကမ်း | -MT MESON | P'Oil(In Bulk) ၄၂၉၉ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | -YANTRA BHUM | TEU ၂၆၅ တင်ဆဲ |
| Green Asia JETTY | -MT YU HAI | Diesel Oil & Mogas 19176 ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SERENE JESSICA | ဆန် ၁၀၀၀၀ ကုန်တင်ရန် | W/AFRICA | ၈.၂.၂၀၁၉ |
| BANOSA | Coal (In Bulk)၃၀၈၀၀ ကုန်ချရန် | S/AFRICA | ၁၀.၂.၂၀၁၉ |
| BAR BOUNY | Steel ၈၆၂၂ ကုန်ချရန် | UAE | ၁၂.၂.၂၀၁၉ |
| GLOBAL CARRIER | G/C 86 ကုန်ချရန် | RUSSIA | ၁၂.၂.၂၀၁၉ |
| HAI PHUONG SUN | Steel ၃၁၀၄ ကုန်ချရန် | VIETNAM | ၁၂.၂.၂၀၁၉ |
| MARITIME RAJA | TOWING FOR MV KALAW PANDOW | INDIA | ၁၅.၂.၂၀၁၉ |
| MODERN LINK | Unite Vehicle(RO RO ) ၃၅၆ကုန်ချရန် | JAPAN | ၁၇.၂.၂၀၁၉ |
| LEF KONIKO | Steel ၁၄၃၆၀ ကုန်ချရန် | CHINA | ၁၈.၂.၂၀၁၉ |
| VIKING SEA | Unite Vehicle(RO RO ) ၁၀၇ကုန်ချရန် | JAPAN | ၁၉.၂.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၂.၂၀၁၉ |
| SAN GIORGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၈.၂.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၉.၂.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၂.၂၀၁၉ |
| MCC SEOUL | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၂.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၂.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၂.၂.၂၀၁၉ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၂.၂၀၁၉ |
| KOTA HARTA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၂.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၂.၂၀၁၉ |
| NINOS | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU DONG | Diesel | - | ၁၇.၁.၂၀၁၉ |
| MT.KIRANA HASTA | Diesel | - | ၇.၂.၂၀၁၉ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၇.၂.၂၀၁၉ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၈.၂.၂၀၁၉ |
| MT.GREAT DIAMOND | Diesel | SINGAPORE | ၈.၂.၂၀၁၉ |
| MT.SENNA-5 | LPG Gas | SINGAPORE | ၈.၂.၂၀၁၉ |
| MT.GLORY STAR | MOGAS ( 92RON) | SINGAPORE | ၉.၂.၂၀၁၉ |
| MT.OCEAN MANTA | MOGAS ( 92RON) | SINGAPORE | ၉.၂.၂၀၁၉ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၁၀.၂.၂၀၁၉ |
| MT.FLY SEAL | Diesel | SINGAPORE | ၁၂.၂.၂၀၁၉ |
| MT.YU HAI | Diesel | SINGAPORE | ၁၈.၂.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၂၁.၂.၂၀၁၉ |

# ယခင်နှစ်ဈေးနှုန်းထက် ဖွဲနုဈေး မြင့်တက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်တွင် ဆန်ထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် မွေးမြူရေးအစာဖြစ်သော ဖွဲနုဈေး ကျပ် ၇၀၀၀ ကျော်မှ ၉၀၀၀ ထိ ဖြစ်လာသည့်အတွက် ဈေးကွက်အတွင်း ဖွဲနု ဝယ်လိုအားမြင့်တက်လာခဲ့ပါသည်။ ဇန်နဝါရီလအလယ်လောက်တွင် ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၇၀၀၀ ခန့်မှ လကုန်ရက်တွင် ကျပ် ၈၆၀၀ ထိဖြစ်လာပြီး ဖေဖော်ဝါရီလ ၂ ရက်မှစ၍ ကျပ် ၉၀၀၀ ထိမြင့် တက်ခဲ့ပါသည်။ ဖွဲနုဝယ်လက်စုံမှ ဈေးပေးဝယ်ယူလာကြသဖြင့် ဖွဲနုဈေးနှုန်းမြင့်တက်လာခဲ့ပြီး ယခင်နှစ်ကာလတူထက် ကျပ် ၂၅၀၀ခန့် မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ မွေးမြူရေး အစာစပ် စက်ရုံများနှင့် တွံတေးမြို့နယ်ရှိ ငါးကန်များသို့ အဓိက တင်ပို့လျက်ရှိကြောင်း ဖွဲနုတင်ပို့ ရောင်းချသူများထံမှ သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ဝင်ရောက်မှုများပြီး ဈေးနှုန်းများဆက်လက်ကျဆင်း



ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ ရေနံချောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ တောင်တွင်းစတဲ့နယ်စုံမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၆၀၀ မှ ၇၀၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေပြီး ယခင်တစ်ပတ်ထက် ဝင်ရောက်မှုထက်ဝက်နီးပါးခန့် ပိုမိုဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။

အရောင်းအဝယ်အနေဖြင့် ဝင်ရောက်မှုများပြီး ဈေးနှုန်းချိုသာနေပေမယ့် ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့်သာ နေ့စဉ်ရောင်းဝယ်မှုရှိသည့်အတွက် ပွဲရုံများအတွင်း ပစ္စည်းလက်ကျန် များပြားနေကြောင်းလည်း သိရပါတယ်။ ဈေးနှုန်းများအနေနဲ့ ယခုတစ်ပတ် ပွဲရုံလက်ကားဈေးများတွင် ကြီး/လတ်အမျိုးအစားများကို ဈေးနှုန်းများမခွဲခြားဘဲ တစ်ပိဿာကို(ကြီး/လတ်) ကျပ် ၆၀၀-၆၅၀၊ (သေး) ကျပ် ၅၀၀-၅၅၀ တို့ရှိပြီး လက်လီဈေးအသေးများတွင်လည်း ကြီး/လတ် အမျိုးအစားများကို ဈေးနှုန်းများ တူညီစွာရောင်းချကာ တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၈၀၀-၉၀၀-၁၀၀၀၊ (သေး) ကျပ် ၅၅၀-၆၀၀-၇၀၀ စသည့်ဈေးနှုန်းများဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ဝင်ရောက်လာသော ကြက်သွန်နီများမှာ အရည်အသွေးလည်းကောင်းကာ ဈေးနှုန်းများမှာလည်း ဈေးချိုနေသဖြင့် ယခင်တစ်ပတ် ဈေးနှုန်းထက် ပွဲရုံများအတွင်းရော လက်လီဈေးများတွင်ပါ ကျပ် ၁၀၀-၁၅၀ ခန့်ကျဆင်းသွားကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# ရေနံချောင်း၌ ကြက်သွန်နီလက်လီရောလက်ကားပါ ဈေးအေးနေ

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီများ ယခင်တစ်ပတ်ထက်ဈေးကျနေပြီး လက်လီဈေးပါ ဈေးကျ(ကျွဲကူးရေပါ)နေကြောင်း တောင်သူနှင့် ပွဲစားများထံက သိရသည်။

"ကြက်သွန်နီအသစ်ဖော်နေဆဲပါပဲ။ ဒါပေမဲ့ ယခင်တစ်ပတ်က လက်ကားဈေးကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၅၀ ရှိနေတာပါ။ လက်လီကျပ် ၇၀၀ ဈေးရှိတယ်။ တောင်သူအနေနဲ့အဲဒီဈေးကျပ် ၄၅၀ နှင့်ငွေပေါ်အောင် ရောင်းကြပါတယ်။ လက်ရှိယခုတစ်ပတ်မှာလက်ကားဈေး ကြက်သွန်နီ တစ်ပိဿာကျပ် ၃၇၀ ဈေးပေါက်တယ်။ လက်လီဈေးတစ်ပိဿာကျပ်၄၀၀ နှင့်ထိပ်စတစ်ပိဿာကျပ် ၆၀၀ ပဲရှိတော့တာ။ ဈေးကျတဲ့အပြင်အဝယ်လည်းအေးတယ်"ဟု မာန် မြေကျေးရွာအုပ်စုမှတောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီသည် မန္တလေးနှင့်ပြည်ဈေးကွက်အပြင် နယ်မြို့ငါးမြို့အထိ တင်ပို့ရသည့် ကြက်သွန်နီဖြစ်ကြောင်း၊ ယခုဈေးကွက်မှာ ပခုက္ကူ၊ ဆိပ်ဖြူ၊ မြင်းခြံ စသည့်မြို့နယ်တိုင်းကထွက်ရှိနေသည့်အပြင် ဈေးကွက်သို့ စုပြုံဝင်နေခြင်းကြောင့် ဈေးအေးနေကြောင်းပွဲစားဦးစိုးလွင်က သုံးသပ်ပြောဆိုသည်။

**ရွှေဇင်(ရေနံချောင်း)**

## ငရုတ်

# အညာဒေသ၌ ငရုတ်သစ်အစိုဈေးကောင်းရ၍တောင်သူများ အဆင်ပြေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကျေးရွာဆယ်ခုနှင့်ချောက်မြို့နယ် ကျောက်ရဲရွာ၊ ရွာသစ်၊ အေးရွာများ၌ ငရုတ်အသစ်များစတင် ဆွတ်ခူးလျက်ရှိရာ ငရုတ်အစို ဈေးကောင်းနေကြောင်း တောင်သူနှင့် ပွဲစားများထံမှ သိရသည်။

"ဒီဇင်ဘာနောက်ပိုင်းမှစိုက်တဲ့ ငရုတ်တွေဆွတ်ခူးနေပါတယ်။ ဒီနှစ်ဇန်နဝါရီလထဲစိုက်သူတွေကတော့ နောက်တစ်လကြာမှဆွတ်ခူးကြမှာပါ။ ကုန်စိမ်းဈေးကွက်မှာတော့ ငရုတ်အစိုအဝယ်များတယ်။ ယခင်နှစ်ကာလတူကငရုတ်တစ်ပိဿာ ကျပ် ၈၀၀ ပဲရတယ်။ ရောင်းတော့လည်းပွဲရုံရောင်းရတယ်။ စရိတ်စကလည်း နွားလှည်းတစ်စီးစာပိဿာချိန် ၂၀၀ ခန့်ကို ကျပ် ၇၀၀၀ ပေးရပါတယ်။ ယခုပေါက်ဈေးမှာ တစ်ပိဿာကျပ် ၁၂၀၀၀ ဈေးရနေတော့ အဆင်ပြေတယ်"ဟု ရေနံချောင်းမြို့နယ်က တောင်သူဦးလှဝင်းက ပြောသည်။

အဆိုပါဒေသရှိ ငရုတ်များကိုဒေသတွင်းရေနံချောင်းမြို့နယ်အပြင်မန္တလေး၊ မကွေး၊ ကျောက်ပန်းတောင်း စသည့်မြို့ငါးမြို့အထိ တင်ပို့နေရသည့်အပြင် ငရုတ်ခြောက်အမှုန့်စက်၊ အရောင်တင်စက်၊ ခွဲခြမ်းစက်များက ဝယ်နေကြောင်း သိရသည်။

"ငရုတ်ခြောက်အဟောင်း တစ်ပိဿာကျပ် ၄၅၀၀ ဈေးရှိတယ်။ လက်ကျန်ဆိုတာလည်း နည်းနေတာလေ။ ဘာလို့လဲဆိုတော့ ယခင်နှစ်ဖေဖော်ဝါရီလမှာ ပေါ်ပြီး လှောင်ထားတဲ့ ငရုတ်ခြောက်မို့ပါ။ တစ်နှစ်လုံးရောင်းတာဖြစ်လို့ လက်ကျန် နည်းတာပါ။ ဒီတော့ ဈေးလည်းကောင်းပြီပေါ့"ဟုပွဲစားတစ်ဦးက ပြောသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပရဆေး

# တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီနောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၀ မျိုးကို တန်ချိန် ၉၄၉ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၁၉၀၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တရုတ်နိုင်ငံသို့ ၉၅၁ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ဆီးဆန်၊ ဆီးသီးခြောက်၊ နနွင်းတက်၊ နာနတ်လျှော်၊ ပီလောပီနံမှုန့်၊ နုံစားပြောင်းနဲ့ ချဉ်ပေါင်ဖာလာ(အခွံပါ၊ မပါ)တို့ဖြစ်ပါတယ်။ ဇန်နဝါရီလတစ်လလုံးတွင် တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တန်ချိန် ၆၀၀၀ ခန့်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါသီတင်းပတ်တွင် မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ရိဒ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၄၉ သန်းတန်ဖိုးရှိကွမ်းသီးတန်ချိန်၁၄၀ကိုအိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**မော်မော်အောင်**

## နနွင်း/ချင်း

# ယခင်တစ်ပတ်ထက် နနွင်းတန်ချိန် ၂၀ကျော်ပိုမိုတင်ပို့

ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက် သီတင်းပတ်အတွင်း နနွင်း ၁၃၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၇၅ တန်နဲ့ အာရပ်နိုင်ငံသို့ ၅၆ တန်တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်း(အစို) နဲ့ နနွင်း(ခြောက်)တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်း(ခြောက်)က တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၉၀၀ ကျော်ရရှိခဲ့ပြီး နနွင်း(အစို)က တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၂၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က နနွင်း၁၀၈ တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၇၈၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ကျော်ဝင်ငွေရ

ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၀၁၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၅၀၊ စင်ကာပူနိုင်ငံသို့ ၅၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၉၁၄ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်း ၁၂၀၄ တန်ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၈၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ချင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀-၂၂၀ ရရှိခဲ့တယ်လို့သိရပါတယ်။ ချင်းတင်ပို့မှုမှအမေရိကန်ဒေါ်လာ ၂၃၁၃၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း/နှမ်း

# ဒီတစ်ပတ် မန်ကျည်း တန်ချိန် ၃၀၀ ကျော်တင်ပို့

ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၄၈ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံသို့ ၉၈ တန်၊ ဗီယက်နမ်နိုင်ငံသို့၇၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀၊ ပါကစ္စတန်နိုင်ငံသို့ ၁၂၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဒုတိယအများဆုံးတင်ပို့ခဲ့တဲ့နိုင်ငံမှာထိုင်းနိုင်ငံဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း ၃၂၁ တန်ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၇၄၉၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ဈေးပြန်ကျသွားတဲ့ ပြည်နှမ်း

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးကျသွားတာတွေ့ရပါတယ်။ ဈေးကွက်တွင် နှမ်းဝင်ရောက်မှုအနည်းငယ်သာရှိပြီး မန္တလေးဝယ်လက်များက ယခုတစ်ပတ်တွင် ဝယ်ယူမှုနည်းသွားတဲ့အတွက် ဈေးအနည်းငယ်ပြန် ကျလာတာတွေ့ရပါတယ်။ ဆောင်းနှမ်းများပြီးချိန် နွေနှမ်းစိုက်ရန်မျိုးထားကြသဖြင့် ဈေးကွက်သို့ နှမ်းထုတ်မရောင်းကြတဲ့အတွက် ဈေးကွက်တွင် နှမ်းအရောင်းအဝယ်အနည်းငယ်သာဖြစ်တာတွေ့ရပါတယ်။ယခုတစ်ပတ် နှမ်းဈေးများမှာနှမ်းနီတစ်တင်းလျှင် ကျပ်၅၁၆၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၅၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

# နှစ်သစ်ကူးကာလ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၈ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၈၄၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၃၃တန်၊ နှမ်းဖြူ ၃၂ တန်၊ ချင်းရွှေဟော်မှ နှမ်းနက် ၆၁၀ တန်ကျော်၊ နှမ်းဖြူ ၁၇၈ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုပေါင်း ၂၆၀၅ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ် တန် ၁၇၆၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။ တရုတ်နှစ်သစ်ကူးကာလဖြစ်လို့ ယခုလိုလျော့နည်းရတာဖြစ်ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တန်လျှင် ၂၀၆၁၅၃၈ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၁၇၁၄၂၉ ကျပ်ဈေးရှိကြောင်း သိရပါတယ်။ အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၀၄၅၁၇ တန်ဖိုးရှိ နှမ်းနက် ၆၃ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**



# မြန်မာနဲ့ ယူကေ၊ မြန်မာနဲ့ အီးယူ ကုန်သွယ်မှုများ --- ဤခရီးနီးသလား

[ ဝင်းမင်းဖြိုး ]

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ဥရောပသမဂ္ဂမှ စောင့်ကြည့်လျက်ရှိသည်ကို လူတိုင်းသိထားပြီးဖြစ်ပါတယ်။ အဲ့ဒီလို စောင့်ကြည့်မှုများနောက်ကွယ်ကနေ ကုန်သွယ်မှုအပေါ် မည်ကဲ့ သို့အကျိုးသက်ရောက်မှု ရှိလာမည်ဆိုသည်ကို ရင်တထိတ်ထိတ်နဲ့ စောင့်နေကြရတယ်။

ကုန်သွယ်မှုနဲ့ဘယ်လိုဆက်စပ်လဲဆိုတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ တင်ပို့သည့် ကုန်စည်များ ဥရောပနိုင်ငံများ၏ ဈေးကွက်သို့ဝင်ရောက်ခွင့်ပြုထားသည့် Everything But Arm အစီအစဉ် (EBA) ဆိုတာရှိပါတယ်။ Everything But Arm အစီအစဉ်ဆိုသည်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ တင်ပို့သည့် ကုန်စည်များ ဥရောပဈေးကွက်သို့ လက်နက်မှအပ ဈေးကွက်ဝင်ရောက်ခွင့်ပြုထားသည့် အစီအစဉ်ဖြစ်ပြီး ၎င်းတို့၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့် ကုန်စည်များအပေါ် တစ်ဖက်သတ်အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားတဲ့ Generalised Scheme of Preferences (GSP) အရ အကောက်ခွန်ကင်းလွတ်စွာဖြင့် ၎င်းတို့ရဲ့ဈေးကွက်အတွင်းသို့ဝင်ရောက်ခွင့်ရရှိတာ ဖြစ်ပါတယ်။

သူတို့ရဲ့ Regulations ထဲမှာ ပြဋ္ဌာန်းထားတဲ့ Provision တစ်ခုဟာ EBA ကို ဘယ်လို ခွင့်ပြုမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ဖြစ်နေပါတယ်။ အဲ့ဒီ EBA ကို ရရှိဖို့ဆိုရင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဟာ နိုင်ငံတကာလူ့အခွင့်အရေး ၁၅ မျိုးနဲ့ International Labor Organization – ILO Convention များ၏ Principles များကို လိုက်နာရမှာဖြစ်ပါတယ်။ သူတို့တွေ ဆီမှာ GSP Plus ဆိုတဲ့ အစီ အစဉ်လည်း ရှိပြီးတော့ LDC တွေရတဲ့ GSP က GSP Plus များ လိုက်နာရတဲ့ စည်းမျဉ်းများထက် ပိုပြီးပျော့ပြောင်းတယ်လို့ဆိုထားပါတယ်။

လက်ရှိမှာ EU ဟာ မြန်မာနိုင်ငံကို GSP အခွင့်အရေးရပ်ဆိုင်းမလို အခြေအနေဖြစ်နေပြီး GSP အခွင့်အရေးများ တကယ်ပဲရပ်ဆိုင်းတော့မယ်ဆိုရင် ဘယ်လိုပြင်ဆင်ဆောင်ရွက်ကြမလဲ။ ပြင်ဆင်ချိန်မှ ရှိပါ့မလား။ ကုန်သွယ်မှုပမာဏအပေါ် သက်ရောက်မှုတွေ ဘယ်လိုရှိလာနိုင်သလဲစသည်ဖြင့် စိုးရိမ်ပူပန်မှုများရှိနေကြရပြီ။ ဒါကြောင့် သူတို့ရဲ့လုပ်ငန်းစဉ်တွေကို ပြောပြပေးချင်တာ ဖြစ်ပါတယ်။

၎င်းတို့ရဲ့မစ်ရှင်ဟာ လာမယ့် နှစ်ပတ်ကာလအတွင်းမှာ မြန်မာနိုင်ငံကို လာရောက်ဖို့ရှိပါတယ်။ အဲ့ဒီမစ်ရှင်ဟာ နယ်ပယ် (၈) ခုအပေါ်မှာ ဦးစားပေးဆောင်ရွက်မှာဖြစ်ပြီး ၎င်းတို့ရဲ့ မြန်မာနိုင်ငံသို့ လာရောက်တဲ့ ခရီးစဉ်ကာလအတွင်း လူ့အခွင့်အရေးနဲ့ အလုပ်သမားအခွင့်အရေးများကို အဓိကအလေးပေးဆွေးနွေးကြမှာ ဖြစ်ပါတယ်။ အဲ့ဒီမစ်ရှင်ဟာ အီးယူကော်မရှင်နာထံ အဆိုပြုတင်ပြမယ့်အဖွဲ့ ဖြစ်တယ်။ ၎င်းတို့ရဲ့တင်ပြချက်အပေါ် မူတည်ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများရဲ့ သဘောထားကို ဆွေးနွေးတိုင်ပင်ကြ မှာဖြစ်ပါတယ်။ အဲ့ဒီဆွေးနွေးတိုင်ပင်ခြင်းကနေ ထွက်လာမယ့် ဆုံးဖြတ်ချက်ဟာ GSP ရဲ့အာတီကယ် ၁၉ ကို ကျင့်သုံးမယ်၊ မကျင့်သုံးဘူးဆိုတဲ့အဖြေ ထွက်လာမှာဖြစ်ပါတယ်။ GSP ရဲ့ အာတီကယ် ၁၉ ဆိုတာ GSP အခွင့်အရေးပေးထားသော ကုန်စည်များ အားလုံး (သို့မဟုတ်) တချို့ကုန်စည်ကို ယာယီ ပြန်လည်ရုပ်သိမ်းတဲ့ နည်းလမ်းဖြစ်ပါတယ်။


အကယ်၍ GSP ရဲ့ အာတီကယ် ၁၉ ကိုချမှတ်မယ်လို့ ဆုံးဖြတ်ခဲ့ရင် ဆုံးဖြတ်ချက်ချပြီး ခြောက်လ တိတိဟာ စုံစမ်းစစ်ဆေးတဲ့ ကာလဖြစ်တယ်။ နောက်ထပ် ခြောက်လ တိတိဟာ ပြန်လည်



ရုပ်သိမ်းခြင်းခံရတဲ့ နိုင်ငံနဲ့ စစ်ဆေးတွေ့ရှိချက်ရလဒ်တွေကို ဆွေးနွေးမှာဖြစ်တယ်။ အဲ့ဒီ တစ်နှစ်ကာလ ပြီးဆုံးတဲ့နောက်ပိုင်းမှာ ကော်မရှင်နာဟာ နောက်ဆုံးဆုံးဖြတ်ချက်ကို ချမှတ်မှာဖြစ်ပါတယ်။ အဲဒီလို ဆုံးဖြတ်ချက်ချပြီး ၁၀ လဟာ ၎င်းဆုံးဖြတ်ချက် Entry into Force မဖြစ်ခင် Grace Period ဖြစ်ပါတယ်။ ဒါ့ကြောင့် GSP အခွင့်အရေး ရရှိနေတဲ့ ကုန်စည်တွေအတွက် အာတီကယ် ၁၉ အရ အခွင့်အရေးတွေ ယာယီပြန်လည်ရုပ်သိမ်းခံရမယ်ဆိုရင် အဲဒီဆုံးဖြတ်ချက်ကို သိပြီးတာနဲ့ စုစုပေါင်း တစ်နှစ်နဲ့ ၁၀ လ ပြင်ဆင်ချိန်ရမယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။

ဒါဆိုရင် ဘယ်လိုလုပ်ငန်းတွေက ကြိုတင်ပြင်ဆင်ကြမလဲဆိုတာကို စဉ်းစားကြည့်တဲ့အခါ အီးယူဈေးကွက်ကို တင်ပို့တဲ့ သက်တမ်းတိုးစာချုပ်နဲ့ဆောင်ရွက်တဲ့လုပ်ငန်းများထက် သက်တမ်းရှည် စာချုပ်ရှိတဲ့သူတွေ သတိထားရတော့မယ်လို့ တွေးမိတယ်။ ဒါကြောင့် ဒီသတင်းလေးကို မျှဝေချင်တာဖြစ်ပါတယ်။

နောက်တစ်ခုက အီးယူကနေ ယူကေထွက်မယ့် BREXIT ကိစ္စ ဖြစ်တယ်။ ဒါလည်း ကုန်သွယ်မှုကို ရိုက်ခတ်တော့မယ်။ ဘာဖြစ်လို့လဲဆိုရင် ယူကေဟာ အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်နေလို့သာ အရှေ့မှာ ဖော်ပြခဲ့တဲ့ GSP အစီအစဉ်နဲ့မြန်မာ့ထွက်ကုန်တွေ ယူကေရဲ့ ဈေးကွက်ထဲကို ရောက်နေတာဖြစ်တယ်။ အကယ်လို့ သူသာ အီးယူကနေ ထွက်သွားမယ်ဆိုရင် မြန်မာ့ထွက်ကုန်တွေ ယူကေ ဈေးကွက်ထဲကို အကောက်ခွန်သက်သာခွင့်နဲ့ ဝင်ရောက်ခွင့်ရဖို့ဆိုတာ နှစ်နိုင်ငံချင်း သီးခြားပြောကြရတော့မှာလား။ မြန်မာ-ယူကေတို့ရဲ့ကုန်သွယ်မှုခရီး ဘယ်လိုဆက်ကြမလဲ စဉ်းစားရတော့မယ်။ ယူကေကိုပို့နေတဲ့ လုပ်ငန်းတွေအတွက် ကြိုတင်ပြင်ဆင်ကြရတော့မယ်။ အီးယူနိုင်ငံများ အားလုံးဆီကို တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်နဲ့ပို့နေတဲ့ ပမာဏရဲ့ ၂၀ ရာခိုင်နှုန်းခန့်ဟာ နှစ်စဉ် ယူကေနိုင်ငံဆီကို ပို့နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနဲ့ယူကေ၊ မြန်မာနဲ့ အီးယူ ကုန်သွယ်မှုများ-- -ဤခရီးနီးသလား။



## ဒီတစ်ပတ် ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၂၅၄၉၇၀ တန်ဖိုးရှိ ဓာတ်ဆီ ၅၅၄၇၉ဒသမ ၈၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၁၇၇၈၅၃၀ တန်ဖိုးရှိ ဒီဇယ် ၆၄၂၃၁ ဒသမ ၇၈ တန်၊ စုစုပေါင်း ၁၁၉၇၁၁ဒသမ ၅၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၇၂၄၀ ကျော်နဲ့နှိုင်းယှဉ်လျှင် ဒီတစ်ပတ်မှာတန်ချိန် ၁၃၀၀၀ ကျော်အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၅၂၉၁၀ ကျော်နဲ့နှိုင်းယှဉ်လျှင် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉၁ တန်ဖိုးရှိ **Re-export** ဒီဇယ် ၉၄၄ ဒသမ ဝ၇ တန် တင်ပို့ခဲ့ပြီး မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၀၁၅၃၇ တန်ဖိုးရှိ ဒီဇယ် ၂၇၆၂ ဒသမ ၆၁ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၇၁၅၆၃ တန်ဖိုးရှိ ဒီဇယ်၅၃၆ ဒသမ ၁၅တန်နဲ့ အမေရိကန်ဒေါ်လာ ၃၅၂၅၂၀ တန်ဖိုးရှိ ဓာတ်ဆီ ၈၁၅ ဒသမ ၈၂ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## ထိုင်းနိုင်ငံသို့ ကော်ဖီစေ့တင်ပို့

ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၁၁၀၀ တန်ဖိုးရှိ ကော်ဖီစေ့ တန်၃၀ကိုထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကော်ဖီစေ့ တင်ပို့မှုမရှိဘဲ ဇန်နဝါရီလဆန်းပိုင်းက ခြောက်တန်တင်ပို့ခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတွင် တောင်ငူ၊ ပြင်ဦးလွင်၊ မိုးကုတ်နဲ့ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် ရွှာင်ဒေသတွေမှာ ကော်ဖီစိုက်ပျိုးကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဥရောပနိုင်ငံများ၊ ဆွစ်ဇာလန်နဲ့ အာရှနိုင်ငံများသို့ တင်ပို့နေကြောင်း မြန်မာနိုင်ငံကော်ဖီလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## မူဆယ်မှဇန်နဝါရီလအတွင်း ရေထွက်ကုန်တန်ချိန် တစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇန်နဝါရီလတစ်လလုံး ရေထွက်ကုန်တန်ချိန် ၁၁၉၂၅ တန်တင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီနောက်ဆုံးပတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၀၁၂ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃၃၇ တန်နဲ့နှိုင်းယှဉ်ပါက ၃၂၅ တန် လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၈ သန်းလျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးမှုန့်၊ ငါးမျိုးစုံ၊ ငါးခြောက်၊ ကင်းမွန်ခြောက်၊ ပုစွန်ခြောက်၊ ပုစွန်ဖွဲ့နဲ့ငါးဆားနယ်တင်ပို့မှုလျော့နည်းခဲ့တာကြောင့် တန်ချိန်ရော၊ တန်ဖိုးပါလျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ယွမ် ၄၅၀၀၀၊ ကဏန်းတစ်တန်လျှင် ၉၅၈၃၃ ယွမ်ဈေးရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## Energy NYMEX 8-2-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.26 | -0.38 | -0.72 |
| Brent Crude Futr (USD/bbl) | 61.28 | -0.35 | -0.37 |
| Gasoline Rbob Fut (Cent/gal) | 141.26 | -1.32 | -0.93 |
| Natural Gas Futr (USD/MMBtu) | 2.59 | 0.03 | 1.33 |
| Heating Oil Futr (Cent/gal) | 188.85 | -1.20 | -0.63 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 4 -Febuary | 15.79 | 2767.56 | 1855.33 | 6069.60 | 819.00 |
| 5 -Febuary | 15.89 | 2799.30 | 1888.61 | 6149.60 | 821.00 |
| 6 -Febuary | 15.78 | 2738.25 | 1895.88 | 6172.96 | 816.00 |
| 7 -Febuary | 15.64 | 2712.24 | 1866.57 | 6178.25 | 803.00 |
| 8 -Febuary | 15.65 | 2723.26 | 1858.85 | 6193.46 | 793.00 |

## ပြည်တွင်းငွေလဲနှုန်း ပြန်လည်မြင့်တက်ခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဖေဖော်ဝါရီပထမပတ်အတွင်း ဈေးနှုန်းပြန်လည်မြင့်တက်လာခဲ့ကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို ဇန်နဝါရီနောက်ဆုံးပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၈ ကျပ်သတ်မှတ်ခဲ့ရာမှ ဖေဖော်ဝါရီပထမပတ်တွင် ၁၅၃၈ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်တွင် ရွှေဈေးဆက်လက်မြင့်တက်ခဲ့ပေမယ့် ဗဟိုဘဏ်က ငွေကြေးဈေးကွက်တည်ငြိမ်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်သတင်း၊ ဟွန်ဒီ(တရားမဝင် ငွေလွှဲလုပ်ငန်း)များကို အစိုးရမှ ထိန်းချုပ်နိုင်ရန် အစီအစဉ်တစ်ရပ်ကို ဇန်နဝါရီလအတွင်း ရေးဆွဲခဲ့ကာ အစိုးရအတည်ပြုချက်ရယူရန်ဆောင်ရွက်နေပြီး အတည်ပြုချက်ရပါက အများပြည်သူသို့ ထုတ်ပြန်ပေးသွားရန်စီစဉ်နေခြင်း၊ နေ့တစ်နေ့အတွက် ရည်ညွှန်းငွေလဲနှုန်းကို အဆိုပါနေ့တွင် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ငွေလဲလှယ်နှုန်းများမှ ရယူသတ်မှတ်မည့် ဈေးကွက်အခြေခံသော ရည်ညွှန်းငွေလဲလှယ်နှုန်းကို မြန် မာနိုင်ငံတော်ဗဟိုဘဏ်က ယခုရက်သတ္တပတ်အတွင်း စတင်ခဲ့ခြင်းစသည့်အကြောင်းအရာများမှာ ပြည်တွင်းငွေလဲဈေးကွက်အပေါ် အ ကျိုးသက်ရောက်မှုရှိခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဖေဖော်ဝါရီ ၄ရက်က အမေရိကန်တစ် ဒေါ်လာ ရောင်းဈေး ၁၅၁၈ကျပ်၊ ဝယ် ဈေး ၁၅၁၃ကျပ်မှဖေဖော်ဝါရီ၆ရက်တွင် ရောင်းဈေး ၁၅၁၈ကျပ်၊ဝယ်ဈေး ၁၅၁၄ ကျပ်သို့ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၈ရက်တွင် ရောင်းဈေး ၁၅၂၈ကျပ်၊ဝယ်ဈေး ၁၅၂၃ကျပ်သို့မြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ထပ်မံမြင့်တက်

ပြည်တွင်းရွှေဈေးနှုန်းသည် ဖေဖော်ဝါရီပထမပတ်အတွင်း ကျပ်ဆယ်သိန်းခုနှစ်သောင်းကျော်အထိ မြင့်တက်ခဲ့ကြာင်း သတင်းရရှိသည်။ဇန်နဝါရီနောက်ဆုံးပတ်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၉၅၀၀ ဖြင့်ဈေးပိတ်ခဲ့ရာမှ ဖေဖော်ဝါရီပထမပတ်တွင် ကျပ် ၁၀၇၁၀၀၀သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက တရုတ်နှစ်သစ်ကူးကာလအပြီးမှာ ဈေးခုန်တက်သွားတယ်။ ဒေါ်လာကလည်းကျ၊ နိုင်ငံတကာရွှေဈေးကလည်းကျဆိုတော့ ပြည်တွင်းရွှေက ဈေးကွက်အကြိုက်ဖြစ် နေတယ်လို့ ပြောလို့ရတယ်။ ရန်ကုန်ရွှေဈေးကွက်မှာလည်း ကွန်ပျူတာဆော့ဝဲလ် စနစ်ကိုစသုံးနေတော့ဈေးကွက်ကိုယုံကြည် စိတ်ချရမှုများလာတယ်။ နိုင်ငံတကာမှာတော့ မြောက်ကိုရီးယားနဲ့အမေရိကန် ထိပ်သီးဆွေးနွေးပွဲ ဒီလကုန်ပိုင်းမှာ ဗီယက်နမ်မှာလုပ်ဖို့ရှိတဲ့သတင်းတွေက လည်းရှိနေတော့ ကမ္ဘာ့ရွှေဈေးအပေါ် ဘယ်လောက်သက်ရောက်နိုင်သလဲ စောင့်ကြည့်နေရတယ်" ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ၄ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၂၀၀၀ရှိခဲ့ရာမှ ဖေဖော်ဝါရီ၆ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၅၀၀၀သို့ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၈ရက်တွင် ကျပ် ၁၀၇၁၀၀၀သို့ ဆက်လက်မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဖေဖော်ဝါရီ ၄ရက်က ရွှေတစ်အောင်စလျှင် ၁၃၁၀ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီ ၆ရက်တွင် တစ်အောင်စလျှင် ၁၃၁၅အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့သော်လည်း ဖေဖော်ဝါရီ၈ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၁၀အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ဇန်နဝါရီလအတွင်း အစုရှယ်ယာ ကိုးသောင်းနီးပါးရောင်းဝယ်ခဲ့

ရန်ကုန်စတော့အိတ်ချိန်းတွင် ဇန်နဝါရီလအတွင်း အစုရှယ်ယာအရေအတွက် ကိုးသောင်းနီးပါးအရောင်းအဝယ်ဖြစ်ခဲ့ပြီး အရောင်းအဝယ်ဖြစ်ခဲ့သည့်တန်ဖိုးမှာ ကျပ်သန်းငါးရာကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ဇန်နဝါရီတစ်လတာအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာ အရေအတွက်အနေဖြင့် FMI အစုရှယ်ယာ ၂၆၈၁၂ စု၊MTSHအစုရှယ်ယာ ၄၉၄၅၁စု၊ MCBအစုရှယ်ယာ ၁၀၈၃စု၊ FPB အစုရှယ်ယာ ၄၅၂၆စုနှင့် TMH အစုရှယ်ယာ ၇၇၀၄ စုဖြစ်ပြီး စုစုပေါင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် အစုရှယ်ယာအရေအတွက်မှာ ၈၉၅၇၆ စုဖြစ်ပြီး စုစုပေါင်းအရောင်းအဝယ်ဖြစ်ခဲ့သော တန်ဖိုးပမာဏမှာ ကျပ် ၅၂၆ သန်းကျော်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်စတော့အိတ်ချိန်း၏ ဇန်နဝါရီဈေးကွက်ပိတ်ချိန်တွင် FMI အစုရှယ်ယာတစ်စုလျှင် ကျပ် ၉၀၀၀၊MTSHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၈၅၀၊ MCB အစုရှယ်ယာတစ်စုလျှင် ကျပ် ၇၂၀၀၊ FPBအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၂၀၀၀နှင့် TMH အစုရှယ် ယာတစ်စုလျှင် ကျပ် ၂၇၅၀ ဖြင့် ဈေးဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီဈေးကွက်ဖွင့်ချိန်နှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Group တို့မှ ပူးပေါင်းတည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ်မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

February 8, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 83.81 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.74 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 71.28 |
| I DR | Indonesia Rupiahs | 13980.36 |
| JPY | Japan Yen | 109.70 |
| MYR | Malaysia | 4.07 |
| PKR | Pakistan Rupees | 139.53 |
| PHP | Philippines Pesos | 52.15 |
| RUB | Russia Rubles | 66.05 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1123.39 |
| LKR | Sri Lanka Rupe | 178.19 |
| THB | Thailand Baht | 31.41 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 23204.39 |

*Source:xe.com*

## World Gold Price

January- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 4 | 1316 | 1314 | 1314 |
| 5 | 1319 | 1316 | 1316 |
| 6 | 1317 | 1315 | 1316 |
| 7 | 1308 | 1306 | 1306 |
| 8 | 1312 | 1310 | 1311 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 4-2- 2019 | 1060.00 | 1060.80 |
| 5-2- 2019 | 1062.50 | 1062.00 |
| 6-2- 2019 | 1064.00 | 1063.50 |
| 7-2- 2019 | 1063.00 | 1062.50 |
| 8-2- 2019 | 1067.50 | 1068.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 4 | 6.75 | 31.33 | 83.84 | 71.60 |
| 5 | 6.74 | 31.29 | 84.03 | 71.76 |
| 6 | 6.74 | 31.29 | 84.00 | 71.58 |
| 7 | 6.74 | 31.24 | 84.02 | 71.52 |
| 8 | 6.74 | 31.41 | 83.81 | 71.28 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ရေလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပို

ဇန်နဝါရီလ ၂၇ ရက်မှဖေဖော်ဝါရီလ ၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၅၉၇၇၀ တန်ဖိုးရှိ ဘိလပ်မြေ ၆၂၇၅ ဒသမ ၇၂၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၇ တန်၊ မလေးရှားနိုင်ငံမှ ၅၄ ဒသမ ၃၁တန်၊ ထိုင်းနိုင်ငံမှ ၆၁၁၀ ဒသမ၄၁၇ တန်နဲ့ အာရပ်နိုင်ငံမှ ၁၀၄တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာတန်ချိန် ၂၉၀ ကျော်သာရှိတာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၅၉၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ၁၃၅၇၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၇၇၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၈၇၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ



**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဈေးအနည်းငယ်မြင့် ခဲ့တဲ့ ဘိလပ်မြေကဒီတစ်ပတ်မှာတော့ ဈေးငြိမ်နေတယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၄၇၀၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးတော့ငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ တည်ဆောက်ရေးလုပ်ငန်းတွေ ကောင်းတာကြောင့်အရောင်းအဝယ်ကကောင်းတယ်။ ဘိလပ်မြေဈေးက ပြီးခဲ့တဲ့ဒီဇင်ဘာလလောက်ထဲကငြိမ်နေတာ၊ ခုချိန်ထိငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ကောင်းပေမယ့် ဈေးနှုန်းတွေတော့ငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၉၀၀၊ နဂါး ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ်၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခင်သီတင်းပတ်ထက် မြေဩဇာအဝင်လျော့

ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၆၄၅၁၇၁ တန်ဖိုးရှိ မြေဩဇာ ၁၅၇၂၈ ဒသမ ၁၄၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၃၀၀၀၊ တရုတ်နိုင်ငံမှ ၄၅၇၉ ဒသမ ၉၅ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၄၀၊ အီရန်နိုင်ငံမှ ၂၉၈၀ တန်၊ ကိုရီးယားနိုင်ငံမှ ၈၃၉ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၁၀၊ နော်ဝေနိုင်ငံမှ ၃၉၄ ဒသမ ၇၂ တန်၊ ရုရှားနိုင်ငံမှ ၃၁၈၆ ဒသမ ၈၀၇ တန်၊ စင်ကာပူနိုင်ငံမှ ၁၆ဒသမ ၇၄၉ တန်၊ ထိုင်းနိုင်ငံမှ ၁၀၇၉ ဒသမ ၁၀၆ တန်နဲ့ယူအက်စ်အေမှ ၁ ဒသမ ၈၁၄ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ ဖလော်ရာ၊ အမိုးနီးယမ်းကလိုရိုဒ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား၄၆%၊ ကွန်ပေါင်း(၁၅း၂၀း၁၅)၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၆း၁၆း၁၆) တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာအဝင်မှာ ၂၅၀၈၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၉၃၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက်အရောင်းအေး

ဇန်နဝါရီလ ၂၆ ရက်မှ ဖေဖော်ဝါရီလ ၁ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၀၂၃၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန်၁၆၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၈၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်၊တောင်ကြီး၊မန္တလေးမှာ အရောင်းအေးပြီး မကွေးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အကြီး(ထိုင်း) မြင်းပျံ ကျပ် ၃၁၅၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက် (မြန်မာဩဘာ)ကျပ် ၃၅၀၀၀၊ တီစူပါ (၁၂း၁၃)(မြှားကမ္ဘာ) ကျပ် ၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီသီးနှံစိုက်ပျိုးမှုနည်းလာတာကြောင့် အရောင်းအဝယ်ကအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာလည်း မြေဩဇာဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၈၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြှားကမ္ဘာကျပ် ၁၈၆၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာအရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီလိုဈေးငြိမ်နေတာ တစ်လကျော်လောက်တော့ရှိနေပြီလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြှားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၈၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြှားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုးကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီတန်ချိန် ၇၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ ကျော်ဝင်

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၉၃၇၂၈ တန်ဖိုးရှိနို့ဆီ ၇၁၉ ဒသမ ၇၄၈ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ အိုကေ၊ဒွန်း၊ တီးပေါ့နဲ့ ကောင်းဘဲလ်နို့ဆီတို့ တင်သွင်းခဲ့တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၃၈ဒသမ ၂၁၂တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၈၁ ဒသမ ၅၃၆ တန် တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့ဆီတန်ချိန် ၃၄၀ ကျော်နဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၃၇၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၇၄၀၂၃၅ တန်ဖိုးရှိ နို့မှုန့်၃၁၆ ဒသမ ၁၇၅ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံမှ ၇၅ တန်နဲ့ နယူးဇီလန်နိုင်ငံမှ ၂၄၁ ဒသမ ၁၇၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့မှုန့်တန်ချိန် ၃၀၂တန်ကျော်နဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၁၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါအဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁ မှ ၁/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁ မှ ၂၅/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၃·၃၉ | ၅·၃၉ | (+) | ၉၈·၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၁၀၅၅၀·၀၀ | ၄၆၅၀·၀၀ | (+) | ၅၉၀၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀·၀၀ | (-) | ၅၀·၀၀ |
| ၈။ | မြိတ် | ၂၉၂၅·၀၀ | ၃၀၀၀·၀၀ | (-) | ၇၅·၀၀ |
| | စုစုပေါင်း | ၁၃၅၇၈·၃၉ | ၇၇၀၅·၃၉ | (+) | ၅၈၇၃·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁ မှ ၁/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁ မှ ၂၅/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၆၃·၅၀ | ၆၆၅၉·၂၀ | (-) | ၅၅၉၅·၇ |
| ၂။ | လွယ်ဂျယ် | ၁၄၆·၀၀ | ၆၀·၀၀ | (+) | ၈၆·၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၄၂၄·၀၅ | ၃၂၈၉·၁၀ | (-) | ၈၆၅·၀၅ |
| ၄။ | ကန်ပိုက်တီ | ၁၉၃·၀၀ | ၄၈၃· ၀၀ | (-) | ၂၉၀·၀၀ |
| ၅။ | မြဝတီ | ၄၃၀၈·၂၇ | ၃၈၅၉·၈၂ | (+) | ၂၄၈·၄၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၃၀၀·၀၀ | ၁၆၅၀·၀၀ | (+) | ၆၅၀·၀၀ |
| ၉။ | တမူး | - | ၁၀၀·၀၀ | (-) | ၁၀၀·၀၀ |
| | စုစုပေါင်း | ၁၀၂၃၄·၈၂ | ၁၆၁၀၁·၁၂ | (-) | ၅၈၆၆·၃၀ |

ခင်မိုးသူ

# ခတ်ချိုဆန် ဘာလို့ပျောက်

[ နိုင်မိုးကို ]

## လျစ်လျူရှုခံ သီးနှံများ

အာဟာရတန်ဘိုး မြင့်မားသော်လည်း လျစ်လျူရှုခံရသော သီးနှံများ Neglected & Underutilized Crop Species (NUS) ဆိုသည်မှာ လူတို့ နေ့စဉ်စားသုံးနိုင်ပြီး အာဟာရတန်ဖိုး ပြည့်ဝသော်လည်း ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားမှု မတွင်ကျယ်သေးသော၊ သုတေသနပညာရှင်များ၊ မျိုးစပ်ထုတ်လုပ်ရေးဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များ၊ မူဝါဒချမှတ်သူများက စိတ်ဝင်စားမှု နည်းပါးနေသေးသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် သီးနှံများကို ရည်ညွှန်းကြောင်း သိရှိရပါသည်။

Neglected & Underutilized Crop Speciesတွင် နှံစားသီးနှံ၊ ဥနှင့် အမြစ်စား ဟင်းသီးဟင်းရွက်များ၊ အစေ့အဆံများ ပါဝင်ပြီး ထိုကဲ့သို့သော သီးနှံများမှ အချို့သောသီးနှံများသည် လူတို့စားသုံးမှု ဓလေ့ထုံးစံအရ နေ့စဉ် အဓိကအစားအစာတွင် ပါဝင်နေသော်လည်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုနည်းပါးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် တွေ့နိုင်သော Neglected & Underutilized Crop Species များမှာ ဥပမာအားဖြင့် နှံစားသီးနှံအုပ်စုတွင် နမသလေးစပါး၊ နှံစားပြောင်း စသည်ဖြင့် သစ်သီးဝလံအုပ်စုတွင် ပိန္နဲ၊ မင်းကွတ်၊ သကြားသီး စသည်ဖြင့် ပဲမျိုးများတွင် ပဲလွမ်း၊ ပဲကြီး စသည်ဖြင့် ဟင်းသီးဟင်းရွက်အုပ်စုတွင် ဒန့်သလွန်သီး၊ ဘူးသီး၊ ဖရုံသီး၊ ဇီးဖြူသီး၊ ချဉ်ပေါင်ရွက် စသည်ဖြင့် ဥနှင့် အမြစ်စားအုပ်စုတွင် ဝဉ၊ ပီလောပီနံ၊ ကန်စွန်းဥ စသည်ဖြင့် အစေ့အဆံစားအုပ်စုတွင် နှမ်း၊ မြေပဲ စသည်ဖြင့် ပါဝင်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံဒေသအသီးသီးတွင် အာဟာရတန်ဖိုးမြင့်မားသော်လည်း လျစ်လျူရှုခံရသော သီးနှံများ Neglected & Underutilized Crop Species များဖြစ်သည့် နှံစားသီးနှံ၊ ဥနှင့် အမြစ်စား ဟင်းသီးဟင်းရွက်များ၊ ပဲမျိုးရင်းဝင်များ၊ အစေ့အဆံများစွာရှိရာ တစ်မျိုးသားလုံး အာဟာရပြည့်ဝရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်စားသုံးရန် သင့်လျော်သည့် ဦးစားပေး Neglected & Underutilized Crop Species များကို ရွေးချယ်ရာတွင် အဟာရတန်ဖိုးမြင့်၍ ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရန် မျိုး အလွယ်တကူရရှိခြင်း၊ ရာသီအလိုက်စိုက်ပျိုးနိုင်ခြင်း၊ အခြားသီးနှံများနှင့် ရောနှောစိုက်ပျိုးနိုင်ခြင်း၊ ဒေသအလိုက် ရာသီ ဥတုပြောင်းလဲမှုအခြေအနေ၊ မြေအမျိုးအစားတို့နှင့် သဟဇာတဖြစ်၍ စိုက်ပျိုးထုတ်လုပ်ရန် လွယ်ကူခြင်း၊ ဒေသခံလူမျိုးများ စားသုံးရန် နှစ်သက်မှုရှိခြင်းနှင့် ဈေးကွက် အလားအလာရှိပြီး ဝင်ငွေတိုးတက်စေခြင်း စသည့်အချက်များဖြင့် သတ်မှတ်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရပါသည်။

## ခပ်ချိုစပါး

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ ခတ်ချိုရွာတွင် စိုက်ပျိုးခဲ့သော ခတ်ချိုဆန်၏ မူရင်း စပါးမျိုးများမှာ မွှေးဆွယ်စပါးမျိုးနှင့် ပင်လယ်ဘူးစပါးမျိုးများဖြစ်ပြီး ရေမြေသဘာဝနှင့် ရာသီဥတုအခြေအနေအရ အရည်အသွေးကောင်းမွန်သည့်အတွက် ဒေသခံများနှင့် ကချင်ပြည်နယ် ဝန်းကျင်ဒေသ အများအပြား စားသုံးမှုအကြိုက်ဖြစ်ခဲ့ပြီး စားသုံးရန်နှင့် ပြန်လည်ရောင်းချရန်တို့အတွက် ဈေးကောင်းရရှိသော စပါးမျိုးတစ်ခုဖြစ်ပါသည်။ ခတ်ချိုရွာတွင် အဓိကထား စိုက်ပျိုးကြသဖြင့် အဆိုပါရွာကို အစွဲပြု၍ ခတ်ချိုဆန်ဟု အမည် တွင်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ စိုက်ပျိုးသည့်ဒေသများမှာ ခတ်ချိုကွင်းလယ်များ၊ နောင်ဆီပေါကွင်းလယ်မြေများ၊ နမ့်ဆန်ယန်ချောင်းတစ်လျှောက်ရှိလယ်မြေများ၊ မုတ်လွဲ ကျေးရွာလယ်မြေများနှင့် ခါးရှိကျေးရွာလယ်မြေများတွင် စိုက်ပျိုးခဲ့ကြပါသည်။ ခတ်ချိုစပါးမျိုးကို ရေရှည်မျိုးယူ စိုက်ပျိုးခဲ့ရာ စပါးမျိုးတစ်မျိုးတည်းကိုသာ မျိုးဆက်တိုက်ယူ၍ စိုက်ပျိုးခဲ့ခြင်းကြောင့်အထွက်နှုန်း တဖြည်းဖြည်းကျဆင်းလာပြီး ဈေးကွက်တွင် ဈေးကောင်းရရှိသော်လည်း တွက်ခြေကိုက်မှုမရှိသဖြင့် အခြားစပါးမျိုးများကို မျိုးပြောင်းလဲ စိုက်ပျိုးလာကြကြောင်း သိရှိရပါသည်။

ကချင်ပြည်နယ်၊ ခတ်ချိုရွာတွင် ထွက်ရှိသော ခတ်ချိုဆန်မှာ ယခုအခါတွင် လုံးဝနီးပါး ရှာဖွေ၍ မရတော့လောက်အောင် မျိုးတုန်းပျောက်ကွယ်လုဖြစ်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ဒေသခံစပါးများစွာ စိုက်ပျိုးခဲ့ကြပြီး ခတ်ချိုစပါးအပါအဝင် အချို့သော စပါးမျိုးများမှာ တိမ်မြုပ်ပျောက်ကွယ်နေကြသည်ကိုတွေ့နေရပါသည်။ ဒေသခံစပါးမျိုးများအနက် အရည်အသွေးကောင်းသည့်မျိုးများ တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိစေရန်နှင့် ဈေးကွက်ဝင်ရန်အတွက်လည်း ဆောင်ရွက်သွားသင့်ကြောင်း ဆွေးနွေးလိုပါသည်။ မြန်မာ့မျိုးရင်းများဖြစ်သည့် ရွှေဘိုခွန်နီ၊ ရွှေဘိုပေါ်ဆန်း၊ အင်းမရဲဘော်၊ ရွှေတဆုပ်၊ ပုလဲသွယ်၊ ဖျာပုံပေါ်ဆန်း စသည့် စပါးမျိုးများနှင့် ကောက်ညှင်းစပါးမျိုးများသည် ယနေ့အထိတည်ရှိနေခြင်းမှာ ဒေသခံစပါးများ၏ အရည်အသွေးကို ထိန်းသိမ်းထားခြင်းကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ စပ်မျိုးစပါးမျိုး (၈)မျိုး၊ အထွက်ကောင်းမျိုး(၅)မျိုး၊ အဆင့်မြင့်မျိုး(၁၅)မျိုး၊ ဒေသစပါးမျိုး (၃၃)မျိုးရှိကြောင်း လေ့လာသိရှိရပြီး ဒေသစပါးမျိုး(၃၃)မျိုးတွင် နှံကား၊ တောင်ထိပ်ပန်း၊ ငစိန်၊ ဇီယာ၊ ငကြွေ၊ စိန်တလေး၊ နဂယား၊ ကောက်ကြီး၊ကမာကြည်၊ ကောက်ညှင်း၊ မားဒူ၊ ဖယိုင်း၊ ဇိုင်၊ တလိုင်း၊ ပေါက်စာ၊ ရယ်ဆန်း၊ တောင်ယာ၊ ယာ၊ မွှေးဆွယ်၊ ပင်လယ်ဘူးအပါအဝင် အခြားစပါးမျိုးများ ပါဝင်ကြပါသည်။ အဆိုပါ ဒေသစပါးမျိုးထဲရှိ မွှေးဆွယ်နှင့် ပင်လယ်ဘူးစပါးမျိုးများမှာ ခတ်ချိုစပါးမျိုးများဖြစ်ကြပါသည်။

ဒေသမျိုးတစ်ခုဖြစ်သည့် ခတ်ချိုစပါးမျိုးသည် ယခင်က သဘာဝမြေဩဇာကိုသာ အားထားထည့်သွင်း စိုက်ပျိုးကြသဖြင့် သဘာဝအရသာ ကောင်းမွန်သော်လည်း ဓာတ်မြေဩဇာသုံးစွဲမှုကြောင့် အထွက်နှုန်းတိုး၍ တွက်ခြေကိုက်ပြီး စီးပွားဖြစ်သည်ဟုဆိုကာ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲလာကြသဖြင့် ခတ်ချိုဆန်၏ မူလအရသာများ ပျောက်ဆုံးသွားပြီး ခတ်ချိုဆန်ဟုခေါ်တွင်ရောင်းချရန် ဈေးကွက်မရှိတော့သည့်အခြေအနေသို့ ရောက်ရှိသွားပါသည်။ ၂၀၀၀ ခုနှစ်နောက်ပိုင်းတွင် လုံးသွယ်မွှေးစပါးမျိုးများကို ခတ်ချိုရွာတွင် စိုက်ပျိုးခဲ့ရာ ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး အရည်အသွေး၊ အနံ့၊ အရသာကောင်းမွန်ခြင်း၊ ဆန်အစေးဓာတ်ရှိခြင်းတို့ကြောင့် ဒေသခံများစားသုံးရန် အကြိုက်တွေ့ခဲ့ပါသည်။ လုံးသွယ်မွှေးစပါးမျိုး စိုက်ပျိုးရာတွင် အထွက်နှုန်းနည်းသဖြင့် နောက်ပိုင်းတွင် တောင်သူများက အထွက်နှုန်းကောင်း စပါးမျိုးများဖြစ်သည့် မော်ဘီ-၂၊ ဆင်းဧကရီ-၃၊ စောရှုပ်နှင့် မနော်စပါးမျိုးများကို ဒေသ၏မြေအမျိုးအစားနှင့်ကိုက်ညီမှုရှိသဖြင့် ပြောင်းလဲစိုက်ပျိုးလာခဲ့ကြပါသည်။

ယခုအခါတွင် လယ်ယာမြေအများစုသည် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲမှုများပြားလာသောကြောင့် မြေ၏သဘာဝဓာတ်အပေါ် အခြေပြု၍ စားသုံးရန် အရည်အသွေး၊ အဆင့်အတန်းများ မူရင်း အနံ့အရသာများမရှိတော့ဘဲ ယုတ်လျော့မှုဖြစ်လာသည့်အထဲတွင် နာမည်ကြီး ခတ်ချိုဆန်ပါ ပါဝင်နေသဖြင့် ခတ်ချိုရွာကို အစွဲပြု၍ ခေါ်ဝေါ်သော ခတ်ချိုဆန်စပါးမျိုးမှာ ပျောက်ကွယ်လုနီးပါးရှိနေပြီဖြစ်ကြောင်း၊ တောင်သူလယ်သမားအများစု၏ အဓိကအခက်အခဲများမှာ မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲနိုင်မှု မသိရှိခြင်းနှင့် အရင်းအနှီးမတတ်နိုင်ခြင်း၊ စက်ကိရိယာသုံးစွဲမှု၏ အားသာချက်ကို သိရှိသော်လည်း ပံ့ပိုးမှုအားနည်းခြင်း၊ မိမိတို့၏ စပါးစိုက်ဧကအတွက် လိုအပ်သော နည်းပညာနှင့် သွင်းအားစုများကို မသိရှိခြင်းနှင့် အပြည့်အဝမသုံးစွဲနိုင်ခြင်း၊ ထွက်ရှိလာသောစပါး၏ အရေအတွက်နှင့် အရည်အသွေး ပြည့်စုံကောင်းမွန်စေရေးတို့အတွက် လုံ့လဝီရိယ အားစိုက်မှုနှင့် ဈေးကွက်အပေါ် ယုံကြည်မှု မတွေ့ရှိရသေးခြင်းတို့ဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ့သူ၊ ကမ္ဘာ့သားများသည် ကျန်းမာရေးအသိအမြင် များပြားလာပြီး အော်ဂဲနစ်သီးနှံများ၊ အစားအစာများကို စားသုံးသူ များပြားလာနေသည်ကို တွေ့ရှိနေရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆန်စပါးအပါအဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲမှုများ နည်းပါးသေးသဖြင့် အော်ဂဲနစ်သီးနှံများကို စိုက်ပျိုးရေးသည် မခက်ခဲသည့် အခြေအနေမျိုးဖြစ်နေသဖြင့် သတ်မှတ်ချက် စည်းမျဉ်း၊ စည်းကမ်းများဖြင့် ညီညွတ်အောင် ပြုပြင်ပြီး ပျောက်ဆုံးကွယ်ပျောက်လုဖြစ်နေသော လျစ်လျူရှုခံ သီးနှံများကို အော်ဂဲနစ်သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက စိုက်ပျိုးသူတောင်သူများလည်း အကျိုးရှိပြီး လျစ်လျူရှုခံဘဝမှ အရေးထား၊ အလေးထားခံရသည့်သီးနှံများ အဖြစ် ရရှိလာနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၈-၂-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၆၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၀၀၀ | ▽ | ၇၀၀၀ | ၇၀၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မုံရွာ | ၅၅၀၀ | ၅၇၀၀ | △ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၈-၂-၂၀၁၉ US$/Ton

| အမျိုးအစား | ဇန်နဝါရီစတုတ္ထပတ် | ဖေဖော်ဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၅၅.၅၀ | ၅၅၂.၀၀ | ▽ |
| RBD P.Olein | ၅၅၄.၀၀ | ၅၆၈.၀၀ | △ |
| RBD P.Stearin | ၅၄၁.၀၀ | ၅၄၇.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈-၂-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၆၄.၁၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၈၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၉၀.၁၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၅.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၂၃.၆၀၄ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၈-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 625 ဒေါ်လာနှင့် USD ဈေး ၁၅၃၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၈-၂-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၂ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## မော်တောင် ကုန်သွယ်ရေးစခန်းမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွက် ကုန်သွယ်မှု လျာထားချက်အပေါ် ၃၄၆ ဒသမ ၁၇ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့

မော်တောင် ကုန်သွယ်ရေးစခန်း၏ ဇန်နဝါရီလအတွင်း ပို့ကုန် ၁ ဒသမ ၂၃၈ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၈၃၉ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၂ ဒသမ ဝ၇၇ ဒေါ်လာသန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၃၄၆ ဒသမ ၁၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၇၉၈ ဒေါ်လာသန်းနှင့် သွင်းကုန်ပိုင်းတွင် သုည ဒသမ ၅၉၇ ဒေါ်လာသန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် ၁ ဒသမ ၃၉၅ ဒေါ်လာသန်း ပိုမိုခဲ့ပါသည်။ အနီးစပ်ဆုံးကာလဖြစ်သည့် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၁၃၈ ဒေါ်လာသန်း၊ သွင်းကုန်ပိုင်းတွင် သုည ဒသမ ၁၈၄ ဒေါ်လာသန်း ပိုမိုခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၃၂၂ ဒေါ်လာသန်း ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၉ ဇန်နဝါရီလကုန်သွယ်မှုပမာဏမှာ ကာလတူ ၂၀၁၈ ဇန်နဝါရီလနှင့် အနီးစပ်ဆုံးကာလဖြစ်သည့် ၂၀၁၈ ဒီဇင်ဘာလ ကုန်သွယ်မှုပမာဏများနှင့် နှိုင်းယှဉ်ရာတွင် ကုန်သွယ်မှုပိုမိုခဲ့ရခြင်းမှာ ပို့ကုန်တင်ပို့မှုပိုင်းတွင် လယ်ယာထွက်ပစ္စည်းအုပ်စုဖြစ်သည့် ကြက်သွန်နီ ၊ ရေထွက်ပစ္စည်းများအုပ်စုတွင် ငါးမျိုးစုံနှင့် ဂဏန်းများ၊ သစ်တောထွက်ပစ္စည်းအုပ်စုတွင် ဓနိစသည်တို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်လည်းကောင်း၊ သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်း အုပ်စုတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တစ်ပိုင်တစ်နိုင် ITC ကတ်ဖြင့် မော်တော်ဆိုင်ကယ်များ၊ လုပ်ငန်းသုံးကုန်ကြမ်းအုပ်စုတွင် ကတ္တရာ၊ သံနှင့် သံမဏိပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် သစ်သီးများနှင့် မီးဖိုချောင်သုံးသီးနှံများ တင်သွင်းမှုပိုမိုခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ယခုအခါ မြိတ်အများပိုင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်နေသော ထုံခါ-သံဖြူ-မော်တောင်လမ်း (၄၈/၂) မိုင် ကတ္တရာလမ်းခင်းခြင်းမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သောကြောင့် ကုန်သွယ်မှုလမ်းကြောင်း တစ်နှစ်ပတ်လုံးအသုံးပြုလာနိုင်မည်ဖြစ်ရာ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများနှင့် တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများအပြင် အခြားဒေသများမှ ဒေသထွက်ကုန် ပစ္စည်းများကို မြိတ်-မော်တောင်(၁၁၈)မိုင်ကျော်အား အချိန်တိုအတွင်း မြန်ဆန်စွာ ကုန်စည်စီးဆင်းလာနိုင်မည်ဖြစ်ရာ နောင်လာမည့် ကာလများတွင် ကုန်သွယ်မှုလုပ်ငန်းများသည် ယခုကာလများထက် တိုးတက်လာနိုင်ကြောင်း တွေ့ရှိရပါသည်။

**စောရန်နိုင် (မော်တောင်)**

## မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွင်း ကုန်သွယ်မှုအခြေအနေ

မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၇ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၂၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၄ဝ၈ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဇန်နဝါရီလ လျာထားချက်အနေဖြင့် ပို့ကုန် သုည ဒသမ ဝ၈ဝသန်း၊ သွင်းကုန် သုည ဒသမ ဝ၂ဝ သန်း စုစု ပေါင်းကုန်သွယ်မှုအနေဖြင့် သုညဒသမ ၁ဝဝ သန်းဖြစ်ပြီး လျာထားချက်ထက် ပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုအခါ တစ်ဖက်နိုင်ငံမှ ငရုတ်သီးခြောက်ပိုမိုဝယ်လိုအားမြင့်တက်မှုကြောင့် ပို့ကုန်အနေဖြင့် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ သွင်းကုန်အနေဖြင့်လည်း အချိုမှုန့်၊ ကော်ဖီမစ်(Birdy) နှင့် ပွင့်လင်းရာသီရောက်သဖြင့် ဆောက်လုပ်ရေးသုံးဖြစ်သော ဘိလပ်မြေတင်သွင်းမှု ပိုမိုလာမည်ဟု မျှော်မှန်းရပါသည်။

ထိုင်းနိုင်ငံဘက်မှ ကုန်သွယ်မှု တိုးတက်လာနိုင်ရေးအတွက် လှိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆောင်မြို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ထားခဲ့ပြီး မယ်စဲ့ကုန်သွယ်ရေးစခန်းကို တရားဝင်နိုင်ငံတော်အဆင့် သတ်မှတ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မယ်စဲ့ကုန်သွယ်ရေးစခန်းမှ BP -13 နယ်စပ်ဂိတ်အထိ ၁၅ မိုင် ၄ ဖာလုံလမ်းအား ကတ္တရာလမ်းခင်းခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ ဘုရင့်သစ်အတောအတွင်း ကျရောက်နေသည့် လမ်းကြမ်းမခင်းရသေးသော ၉ ဒသမ ၇ ကီလိုမီတာအား ထိုင်းနိုင်ငံအစိုးရ၏ ခွင့်ပြုချက်ဖြင့် လမ်းခင်းရန် ဆောင်ရွက်နေပြီးဖြစ်၍ ၂၀၁၉ ခုနှစ် မတ်လကုန်တွင်ပြီးမည်ဟု သိရှိရပါသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်အပြန်အလှန် ကုန်သွယ်နိုင်စေရေးအတွက် နှစ်နိုင်ငံ နယ်စပ်ဈေးအား ၂၀၁၉ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

**အောင်စိုး**

## ၂၀၁၈ ခုနှစ်တွင် ရွှေလီနယ်စပ်ဂိတ် ပြည်ပကုန်သွယ်ရေး တိုးတက်ခဲ့

၂၀၁၈ ခုနှစ်တွင် ရွှေလီနယ်စပ်ဂိတ်မှ ကုန်သွယ်မှုပမာဏမှာ တရုတ်ယွမ်ငွေ ၆၉ ဒသမ ၇၇ ဘီလီယံရှိခဲ့ကြောင်း သိရပြီး ယခင်နှစ်ကာလတူထက် ၆၆ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ပြန်သော Yunnan Gateway Website ၏သတင်းအရ သိရသည်။

အဆိုပါ ကုန်သွယ်မှုတွင် သွင်းကုန်တင်သွင်းမှုအနေဖြင့် ၁ ဒသမ ၂ ဆတိုးလာကာ ယွမ် ၄၅ဒသမ ၅၄ ဘီလီယံရှိခဲ့ပြီး ပို့ကုန်တင်ပို့မှုမှာ ယွမ် ၂၄ ဒသမ ၂၃ ဘီလီယံရှိခဲ့ရာ ပို့ကုန်အပိုင်းတွင် ၁၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ရွှေလီဂိတ်မှ ကုန်သွယ်မှုပြုခဲ့သည့် တန်ချိန်စုစုပေါင်းမှာ တန်ချိန်ပေါင်း ၁၄ဝ ဒသမ ၂၅ သိန်း ရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၇၈ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်းကိုလည်း ရွှေလီ အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

၂၀၁၈ ခုနှစ်က ရွှေလီနယ်စပ်ဂိတ်၏ ပုံမှန်ကုန်သွယ်မှုငွေပမာဏမှာ ယခင်နှစ်ထက် ၈၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ နယ်စပ်ဒေသ၏ ကုန်စည်ဖလှယ်ရေးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှုကြောင့် ကုန်သွယ်မှုပမာဏမှာ ၈ဝ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ၁ ဒသမ ၉၄ ဆ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံပိုင်ကုန်သွယ်ရေး ငွေပမာဏမှာ ၁ ဒသမ ၃ ဆ တိုးမြင့်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှု ငွေပမာဏအနက် နယ်စပ်ဂိတ် ကုန်သွယ်မှု၏ ငွေပမာဏမှာ ၆၆ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်ကြောင်းကိုလည်းဖော်ပြထားသည်ကိုတွေ့ရသည်။ ဒေသခံများ၏ ထုတ်ကုန်များ တိုးတက်တင်ပို့လာနိုင်ခဲ့သလို အထည်ချုပ်လုပ်ငန်းများလည်း ထွန်းကားလာကာ အဝတ်အထည်များကို ၈၉ ရာခိုင်နှုန်း ပိုမိုတင်ပို့ခဲ့ကြောင်း၊ အာဆီယံ၏ သက်ဆိုင်ရာသဘောတူညီချက်အရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အထည်ပစ္စည်းများ တင်သွင်းသည့်အခါ အခွန်ကင်းလွတ်ခွင့်ရနေကြောင်း၊ ၂၀၁၈ ခုနှစ်တွင် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဖြင့် သွင်းကုန်ပမာဏ တန်ဖိုး ယွမ် ၃၆ ဒသမ ၂၇ ဘီလီယံ ဆောင်ရွက်ခဲ့မှုရှိကြောင်းကိုလည်း အဆိုပါသတင်းတွင် ဖော်ပြထားကြောင်း သတင်းရရှိပါသည်။

**ခင်လေးယု**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းတွင် စီးပွား/ကူးသန်းဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများပြောကြားဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ်က စတင်ပြီး မြို့နယ်/ကျေးရွာအသီးသီး၌ ပြည်သူ့စကားဝိုင်းများကို ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၁၂၁ ကြိမ်ဆောင်ရွက်ပြီးကြောင်း သိရပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်က မြေနဲကျေးရွာတွင်လည်းကောင်း၊ ၂၈ ရက်က ကံပြားကျေးရွာတွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ ကျေးရွာပြည်သူဦးရေ ၂ဝဝ ကျော် တက်ရောက်ခဲ့ကြသည်။ ထိုကျေးလက်ဒေသ ဖွံ့ဖြိုးရေးစကားဝိုင်းတွင် စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သည့် လုပ်ငန်းများအကြောင်းရှင်းလင်းဆွေးနွေးခဲ့ရာ ပြည်တွင်းထွက်ကုန်များ ပြည်ပတင်ပို့နိုင်အောင်၊ ပြည်ပကုန်ပစ္စည်းများ တင်သွင်းနိုင်အောင် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်လည်း ဆောင်ရွက်နိုင်အောင်၊ ပို့ကုန်သွင်းကုန်လိုင်စင် စိစစ်ထုတ်ပေးခြင်း၊ တစ်ဦးချင်းကုန်သွယ်မှု လက်မှတ်ဖြင့်လည်း ကုန်သွယ်နိုင်အောင်၊ လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားအောင် ကုန်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း စိုက်ပျိုးထွက်ရှိသည့်သီးနှံများ၊ ထုတ်လုပ်သည့် ထွက်ကုန်များ ဈေးကွက်ဈေးနှုန်း ရရှိရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများ ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းသော၊ လုံခြုံစိတ်ချရမှုရှိသော၊ စိတ်ကျေနပ်မှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်စေရေးနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးရပါက စားသုံးသူ၏ အခွင့်အရေးများ အရ အရေးဆိုတိုင်ကြား၍ ကုစားမှုများရယူနိုင်ရေးတို့နှင့် သက်ဆိုင်ရာ ကုန်သည်အသင်းအဖွဲ့တို့နှင့် အမြဲမပြတ် ဆက်သွယ်လျက် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားဆွေးနွေးခဲ့ကြောင်း သိရပါသည်။

မြေနဲကျေးရွာ တောင်ပိုင်းသည် ချင်းတွင်းမြစ်ရေဝင်သည့်ဒေသဖြစ်ပြီး ပဲနှင့်ကြက်သွန်နီများအဓိက စိုက်ပျိုးထုတ်လုပ်သဖြင့် စိုက်ပျိုးရေးဆိုင်ရာ၊ ရေရရှိရေးဆိုင်ရာ၊ လယ်ယာမြေဆိုင်ရာများဆွေးနွေးကြပြီး ဗောဓိတထောင် ဘုရားဘက်မှ ရွာများနှင့် လမ်းမပေါ် ဆက်သွယ်ရေး၊ မုံရွာနည်းပညာတက္ကသိုလ်ကျောင်းသားများ သွားလာမှု လွယ်ကူစေရေးတို့အတွက် ဗောဓိရထားလမ်းဖောက်လုပ်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

ကံပြားကျေးရွာသည် ပဲနှင့်ကြက်သွန်နီစိုက်ပျိုးခြင်း၊ ရက်ကန်းနှင့် ဖိနပ် ထုတ်လုပ်ခြင်းများ အဓိကဆောင်ရွက်သည့် ကျေးရွာဖြစ်ရာလုပ်ငန်းအတွက် အရင်းအနှီးချေးငွေရရှိရေး လိုအပ်ချက်များ၊ ပညာရေးလိုအပ်ချက်များနှင့် ခိုင်မာသော သီးနှံဈေးကွက် ရရှိလိုကြောင်း တင်ပြဆွေးနွေးကြရာ သက်ဆိုင်သည့်ဌာန ဆိုင်ရာများနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က နားလည်လက်ခံအောင် ဖြေကြားဆွေးနွေးပေးခဲ့သဖြင့် ပြည်သူ့စကားဝိုင်းများသည် အသုံးချတတ်သဖြင့် အသုံးဝင်သော ဆွေးနွေးပွဲများဖြစ်ကြောင်း သိရပါသည်။

**ရီလင်းထွဋ်(မုံရွာ)**

# ထိုင်းနိုင်ငံ၏ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးအခြေအနေ

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကဏ္ဍတွင် ၂၀၁၈ ခုနှစ်အတွက် လျာထားငွေမှာဘတ် ၁ ဒသမ ၅ ထရီလီယံဖြစ်ပြီး Transit Trade ရရှိငွေများ အပါအဝင် ဘတ် ၁ ဒသမ ၄ ထရီလီယံ ရရှိခဲ့သဖြင့် လျာထားချက် ပြည့်မီခြင်း မရှိသော်လည်း ယခင်နှစ် အလားတူကာလထက် ၆ ရာခိုင်နှုန်း ပိုမိုရရှိခဲ့ကြောင်း၊ သတ်မှတ်လျာထားငွေထက် လျော့နည်းရခြင်းမှာ ဆက်လက်ဖြစ်ပွားနေသော အမေရိကန် တရုတ် ကုန်သွယ်ရေးစစ်ပွဲ၊ သဘာဝဘေးအန္တရာယ်နှင့် နိုင်ငံခြား ငွေလဲလှယ်နှုန်း အတက်အကျများခြင်းတို့ကြောင့်ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Adul Choti-risakorn က ပြောကြားခဲ့ပါသည်။

နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် နယ်စပ်ပို့ကုန် ဘတ် ၇၇၈ ဒသမ ၂၉ ဘီလီယံ၊ နယ်စပ်သွင်းကုန် ၆၁၄ ဒသမ ၃၃ လီဘီယံဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေ ဘတ် ၁၆၃ ဒသမ ၉၆ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် အိမ်နီးချင်းနိုင်ငံ လေးနိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်လျက်ရှိရာ ဘတ် ၁ ဒသမ ၁၂ ထရီလီယံ ရရှိခဲ့ပြီး ယခင်နှစ်ကထက် ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ပို့ကုန်တွင် ဘတ် ၆၅၀ ဒသမ ၉၀၀ ဘီလီယံ၊ သွင်းကုန်တွင် ဘတ် ၄၇၃ ဒသမ ၇၆၁ ဘီလီယံဖြစ်ကြောင်း၊ ယခင်နှစ်ကထက် ပို့ကုန်တွင် သုည ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး သွင်းကုန်တွင် ၁၁ ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။

နယ်စပ်ကုန်သွယ်ရေးတွင် ထိုင်းနိုင်ငံ၏ ကုန်သွယ်ဖက် အကြီးမားဆုံး နိုင်ငံဖြစ်သော မလေးရှားနိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးမှာ ဘတ် ၅၇၁ ဒသမ ၉၂ သန်း၊ လာအိုနှင့် ဘတ် ၂၁၃ ဒသမ ၆၁ သန်း၊ မြန်မာနှင့် ၁၉၃ ဒသမ ၃၂ သန်း၊ ကမ္ဘောဒီးယားနှင့် ဘတ် ၁၄၅ ဒသမ ၇၉ သန်း ကုန်သွယ်နိုင်ခဲ့ပါသည်။ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်နိုင်ငံ တောင်ပိုင်းတို့နှင့် ပို့ကုန် ဘတ် ၁၂၇ ဒသမ ၃၈ ဘီလီယံ၊ သွင်းကုန်ဘတ် ၁၄၀ ဒသမ ၅၇ ဘီလီယံ၊ စုစုပေါင်း ဘတ် ၂၆၇ ဒသမ ၉၅ ဘီလီယံထိ တိုးမြင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု ဘတ် ၁ ဒသမ ၆ ထရီလီယံ ရရှိရန် လျာထားကြောင်း သိရှိရပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်ရာတွင် အတားအဆီးများကို လျှော့ချရန် Young Entrepreneur Network Development Programme မှ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**Sources: Bangkok Post သတင်းစာ**
**ခိုင်(တာချီလိတ်)**

# ၂၀၁၉ ခုနှစ်အတွက် ကုန်သွယ်မှု တာထွက်ကောင်းခဲ့သည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း

[ ဝင်းကို (ကန်ပိုက်တီ) ]

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ကုန်သွယ်မှုတိုးတက်စေရေးအတွက် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုအတွက် နှစ်စဉ်ကုန်သွယ်မှု လျာထားချက်များချမှတ်ပြီး လျာထားချက်ပြည့်မီကျော်လွန်စေရေး ဝန်ကြီးဌာနမှ တာဝန်ရှိသည့် ဝန်ထမ်းအဆင့်အတန်းအားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကုန်သွယ်မှု လျာထားချက်များချမှတ်ဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုဟူ၍ (၂)ပိုင်းခွဲခြား၍လျာထားချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပင်လယ်ရေကြောင်းမှ လျာထားချက်အနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၈၁၅၀ သန်း ၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃၄၃၀ သန်း စုစုပေါင်းကုန်သွယ်မှုလျာထားချက်အမေရိကန်ဒေါ်လာ ၂၁၅၈၀ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ လျာထားချက်အနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၇၁၅၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၃၇၀ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၅၂၀ သန်းဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့်နယ်စပ်ကုန်သွယ်မှု နှစ်ခုလုံးမှ ပို့ကုန်လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၁၅၃၀၀ သန်းဖြစ်ပြီး သွင်းကုန်လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၁၅၈၀၀ သန်းဖြစ်သဖြင့် နိုင်ငံတော် ကုန်သွယ်မှုလျာထားချက်(၂)ခုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃၁၁၀၀ သန်းဖြစ်ကြောင်း သိရှိရပါတယ်။


၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်ထိ )ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၂၆၄၈ ဒသမ ၄၈၀ သန်း ၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၄၅၉၉ ဒသမ ၂၈၈ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၂၄၇ ဒသမ ၇၆၈ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ ပို့ကုန်ပိုင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇၁၅ ဒသမ ၅၁၅ သန်း၊ သွင်းကုန်ပိုင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၈၄၈ ဒသမ ၃၃၅ သန်း စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၅၆၃ ဒသမ ၈၅၀ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ကုန်သွယ်မှုအနေဖြင့် ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၄၃၆၃ ဒသမ ၉၉၅ သန်း ၊ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၅၄၄၇ ဒသမ ၆၂၃ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏအနေ ဖြင့် အမေရိကန်ဒေါ်လာ ၉၈၁၁ ဒသမ ၆၁၈ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

နယ်စပ်ကုန်သွယ်မှုအပိုင်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၇၁၅၀ သန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၂၃၇၀ သန်းဖြစ်သဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၉၅၂၀ သန်းဖြစ်၍ နိုင်ငံတော်ကုန်သွယ်မှု၏ (၃၀ ရာခိုင်နှုန်း) ကျော်ကို နယ်စပ်ကုန်သွယ်မှုမှဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ နယ်စပ်ကုန်သွယ်ရေးဇုန်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးများမှ ကုန်သွယ်မှုလျာထားချက်များ ချမှတ်ဆောင်ရွက်ကာ လျာထားချက်ပြည့်မီကျော်လွန်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

ယခုလို နယ်စပ်ကုန်သွယ်မှုမှ ကုန်သွယ်မှုလျာထားချက်များကို ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန်ရုံးများမှ လျာထားချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန် လျာထားချက် အမေရိကန်ဒေါ်လာ ၁၃၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၀ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ လျာထားချက် မှာ အမေရိကန်ဒေါ်လာ ၁၅၀ သန်းဖြစ်ကြောင်း၊ လျာထားချက်ပြည့်မီကျော်လွန်စေရေးအတွက်လည်း တာဝန်ကျ စခန်းတာဝန်ခံများနှင့် ဝန်ထမ်းများမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ၊ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ကုန်သွယ်ရေးစခန်းများ၌ လစဉ်ကျင်းပပြုလုပ်သော ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများတွင် ကုမ္ပဏီ၊ ကုန်သည်လုပ်ငန်းရှင်များကို ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေသည့်အခက်အခဲများကို One Stop Services(OSS) ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို နှစ်နိုင်ငံ အောက်ခြေအဆင့်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ အစိုးရအချင်းချင်း ( G to G ) ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် လည်းကောင်း ကုန်သွယ်မှုလျာထားချက်ပြည့်မီကျော်လွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ လျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ သန်း ၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၀၀ သန်းဖြစ်ကြောင်း ၊ ဘဏ္ဍာနှစ်အလိုက်ကာလတူဖြစ်သည့် ဇန်နဝါရီလများ၏ ပို့ကုန် သွင်းကုန် ဆောင်ရွက်နိုင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

ယခုလိုဘဏ္ဍာနှစ်အလိုက် ဇန်နဝါရီလ ကာလတူလများတွင် ကုန်သွယ်မှုတိုးတက်လာခြင်းကိုတွေ့မြင်ရမှာဖြစ်ပြီး တိုးတက်လာရခြင်းအကြောင်းအရင်းမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် စိုက်ပျိုးရေးကဏ္ဍမှ အဓိက အများဆုံး ပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောတင်ပို့မှုကြောင့်ဖြစ်ပြီး အခြားလယ်ယာထွက်ကုန်များဖြစ်သည့် ဖရဲ၊ ငရုတ်(စို) ၊ ရော်ဘာတို့ တိုးတက်တင်ပို့လာခြင်းတို့ကြောင့်ဖြစ်ကြောင်း ၊ သို့အတွက်ကြောင့် ယခု ဘဏ္ဍာနှစ် ဇန်နဝါရီလတွင်လည်း ယခင်ဘဏ္ဍာနှစ် ဇန်နဝါရီလ ကာလတူများထက်ကုန်သွယ်မှုပမာဏ ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်းသိရှိရပါတယ်။



ကန်ပိုက်တီကုန်သွယ်ရေးစခန်းတွင် ၂၀၁၉ခုနှစ် ဇန်နဝါရီလ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၁၆၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၀၆ သန်းဖြစ်၍ စုစုပေါင်း ကုန်သွယ်မှုဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၂၇၀ သန်းဖြစ်သဖြင့် ပို့ကုန်လျာထားချက်အပေါ် ၂၅၃ ရာခိုင်နှုန်းဖြစ်ပြီး သွင်းကုန်လျာထားချက်အပေါ် ၁၀၅ ဒသမ ၃၀၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း ၊ ကုန်သွယ်မှုစုစုပေါင်းအနေဖြင့် လျာထားချက်အပေါ် ၂၃၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့၍ ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် ၂၀၁၉ ခုနှစ်၏ နှစ်ဆန်းလအတွက် ကုန်သွယ်မှု တာထွက်ကောင်းခဲ့သည့် ကန်ပိုက်တီကုန်သွယ်ရေး စခန်းအဖြစ်တင်ပြပေးလိုက်ရပါတယ်။

| စဉ် | ဘဏ္ဍာနှစ် | ကာလတူလအမည် | ပို့ကုန် ဒေါ်လာသန်း | သွင်းကုန် ဒေါ်လာသန်း | ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း |
|---|---|---|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ | ဇန်နဝါရီလ | ၆. ၉၉၇ | ၃. ၂၀၄ | ၁၀. ၂၀၁ |
| ၂။ | ၂၀၁၇-၂၀၁၈ | ဇန်နဝါရီလ | ၉. ၈၃၅ | ၂. ၁၄၁ | ၁၁. ၉၇၆ |
| ၃။ | ၂၀၁၈-၂၀၁၉ | ဇန်နဝါရီလ | ၃၄. ၁၆၄ | ၂. ၁၀၆ | ၃၆. ၂၇၀ |

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဖေဖော်ဝါရီ ၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Ireland နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ ဒိန်းမတ်၊ အီဂျစ်၊ ပြင်သစ်၊ ကင်ညာ၊ ကူဝိတ်နှင့် နော်ဝေစသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီ ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မလေးရှား၊ လာအို၊ ပါကစ္စတန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ယူကရိန်း၊ ဂျာမနီ၊ ရုရှား၊ အမေရိကန်၊ ဘရာဇီး၊ ဆွစ်ဇာလန်၊ ကနေဒါနှင့် တူရကီစသည့်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၃၁ နိုင်ငံ ရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းများမြင့်တက်ခဲ့ကာ မလေးရှားနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့်လာအိုနိုင်ငံတွင် ၂ ဒသမ ၉၀ ရာခိုင်နှုန်းအသီးသီး ဈေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၀ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Lebanon နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်၊ ရုရှားနှင့် တူရကီစသည့်နိုင်ငံများ အပါအဝင် ၅၈ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ အိန္ဒိယ၊ ယူကရိန်း၊ အမေရိကန်၊ ကနေဒါ၊ နော်ဝေ၊ ဟန်ဂေရီ၊ ဆွစ်ဇာလန်နှင့် ဒိန်းမတ်စသည့် နိုင်ငံတို့အပါအဝင် ၂၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းဈေးနှုန်းများကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေ သော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၉ | ၀.၅၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၄ | ၀.၇၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၆ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၁ | ၁.၁၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၇၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၀ | ၀.၈၀ |
| ၉ | လာအို | လီတာ | ၁.၁၆ | ၀.၉၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၂၀ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၅ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်နှင့် ဧည့်မထ ၅ မှတ်ဆန်နှင့် ဧည့်မထ ၂၅ မှတ်ဆန် အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ် တက်သွားခဲ့ပြီး ပေါင်းဆန်ဈေးနှုန်းမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင်လည်း ဧည့်မထ ၂၅ မှတ် ဆန်ဈေးနှုန်းမှာ ဈေးအနည်းငယ်တက်သွားခဲ့ပြီး ပေါင်းဆန်ဈေးနှုန်းများ ဈေးတည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဧည့်မထ ၅ မှတ် နှင့် ၂၅ မှတ်ဆန်ဈေးနှုန်းများ ဈေးအနည်းငယ်ကျဆင်းသွားကြောင်း လေ့လာသိရှိရပါ သည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဗီယက်နမ်နိုင်ငံတို့တွင် ဖေဖော်ဝါရီလ ပထမပတ်အတွင်း ကျရောက်မည့် ရိုးရာနှစ်သစ်ကူးပွဲတော်မတိုင်မီ ဆန်ဈေးများကျဆင်းလာခဲ့ပြီး အရောင်းအဝယ်အေးနေကြောင်း၊ ဗီယက်နမ်အစိုးရသည် ဈေးကွက်မှဆန်ဝယ်ယူ၍အရန်ဆန်သိုလှောင်ဖွယ်ရှိကြောင်း၊ ယခုနှစ်တွင် ဗီယက်နမ်ဆန်အပေါ် တရုတ်နိုင်ငံက ကန့်သတ်မှုများ ရှိလာခဲ့ပြီးနောက် ဗီယက်နမ်ဆန်ဈေးများ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ထိုင်းဆန်အပေါ် ဝယ်လိုအား အတက်/အကျ မရှိသော်လည်း ဘတ်ငွေအားကောင်းလာခြင်းကြောင့် ထိုင်းဆန်ဈေးများ ဈေးတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုင်းပို့ကုန်လုပ်ငန်းများမှာ ယခုနှစ် ဆန်တင်ပို့မှု အလားအလာတွင် တန်ချိန် ကိုးသန်း မှ ၉ ဒသမ ၅ သန်းသာ ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ ဆန်အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုလိုက်သည့်အတွက် ဖိလစ်ပိုင်ဈေးကွက်သည် ထိုင်းဆန်လုပ်ငန်းများ၏ အဓိကအားထားရာ ဖြစ်လာခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ်တွင် နိုင်ငံအတွင်း ရေကြီးရေလျှံမှုများကြောင့် သီးနှံများပျက်စီး၍ ပြည်ပမှ ဆန်အလုံးအရင်းနှင့် တင်သွင်းခဲ့ရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ပြည်တွင်းဆန်ထုတ်လုပ်မှုနှုန်း ပြန်ကောင်းလာသဖြင့် တောင်သူအကျိုးစီးပွားကာကွယ်ရန် ဇွန်လတွင် ဆန်တင်သွင်းမှုအပေါ် အခွန် ၂၈ ရာခိုင်နှုန်းစည်းကြပ်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆန်ဈေးကောင်းနေခြင်းနှင့် ရာသီဥတုကောင်းမွန်နေခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းကောင်းလာခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဆန်ထုတ်လုပ်မှုမှာ တန်ချိန် ၅၃ ဒသမ ၆ သန်းအထိ စံချိန်တင်နိုင်ခဲ့သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ၏အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ကို သိရှိရပါသည်။

သို့ရာတွင် ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်းဆန်ဈေးများ မြင့်တက်လာခဲ့ပြီး အစိုးရအနေဖြင့် ဆန်တင်သွင်းခွန်ကို လျှော့ချလာနိုင်ကြောင်း ကုန်သည်များက ထင်မြင်ယူဆခဲ့ကြသော်လည်း ပြည်တွင်း ဆန်အထွက်ကောင်းခြင်းနှင့် အရန်ဆန်လုံလောက်ခြင်းတို့ကြောင့် ဆန်အပေါ် စည်းကြပ်သည့် သွင်းကုန်ခွန်ကို လျှော့ချရန် မရှိကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ကာတာနိုင်ငံအစိုးရသည် ပြည်ပမှ နှစ်စဉ်ဆန်တန်ချိန် နှစ်သိန်းခန့် တင်သွင်းလေ့ရှိပြီး ဆန်ဝယ်ယူရေးတင်ဒါ၌ တင်ပို့ခွင့်ရနိုင်ငံစာရင်းတွင် ယခင်ကပါကစ္စတန်နိုင်ငံကို ချန်လှပ်ထားခဲ့ရာမှ ယခုအခါ ပြန်လည်ထည့်သွင်းမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်၏ ကာတာနိုင်ငံခရီးစဉ်တွင် ကတိပြုပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ကာတာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဗဟိုတင်ဒါကော်မတီသည် နှစ်လတစ်ကြိမ် အရည်အသွေးမြင့် ဆန်တန်ချိန် ၅၀၀၀ တင်သွင်းရန် တင်ဒါထုတ်ပြန်လေ့ရှိပြီး ပါကစ္စတန်နိုင်ငံသည် ၂၀၁၁-၂၀၁၂ ရာသီက အညံ့စားဆန်များ တင်ပို့ခဲ့သဖြင့် တင်ပို့ခွင့်ရ နိုင်ငံများစာရင်းမှ ဖယ်ရှားခြင်းခံခဲ့ရကြောင်း သိရှိရပါသည်။

ထိုအခြေအနေသည် အိန္ဒိယနိုင်ငံအတွက် အခွင့်အရေးပိုမိုရရှိခဲ့ပြီး ယခင်က အိန္ဒိယနိုင်ငံသည် ကာတာဈေးကွက်သို့ အရည်အသွေးမြင့်ဆန် တင်ပို့မှုတွင် ၂၀၁၁ ခုနှစ်က တန်ချိန် ၁၈၇၇၄ သာ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၁၄၂၀၀၀ အထိ မြင့်တင်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ယခုအခါ ပါကစ္စတန်သည် ဆန်တင်ပို့ခွင့် ပြန်လည်ရရှိခဲ့၍ ဆန်အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်နိုင်ပါက ကာတာနိုင်ငံသို့ တန်ဖိုး ဒေါ်လာသန်း ၄၀ မှ သန်း ၅၀ အထိ ရောင်းချရနိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။ ပါကစ္စတန်အစိုးရသည် ရှိရင်းစွဲဈေးကွက်များကို ပြန်လည်ရယူရေးနှင့် ဈေးကွက်သစ် ထိုးဖောက်ရေးတို့အပါအဝင် ပို့ကုန်ဖော်ဆောင်ရေးလုပ်ငန်းများစွာ ဆောင်ရွက်နေသည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ Abdul Razak Dawood က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အခြေအနေဖြင့် ယခုအချိန်သည် တရုတ်နှစ်သစ်ကူးကာလဖြစ်၍ မူဆယ်ဆန်ဈေးကွက်တွင် အဝယ်ရပ်နေသောကြောင့် သိုလှောင်သူများကသာ အကျဈေးနှုန်းဖြင့် ဝယ်ယူ လျက်ရှိပြီး ကားစီးရေအနေဖြင့် ၁၀ ရာခိုင်နှုန်းဝန်းကျင်သာ သွားလာနေကြောင်း ဘုရင့်နောင် ဆန်စပါးကုန်သည်များအသင်း အတွင်းရေးမှူးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ မူဆယ်ဆန်ဈေးကွက်တွင် ယခင်တစ်ပတ်က ၅ မှတ်ဆန် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ ဝန်းကျင်ရှိရာမှ ဖေဖော်ဝါရီလ ပထမပတ်တွင် ငွေကျပ် ၂၁၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူနေကြောင်း သိရှိရပါသည်။ ထို့ပြင် ဥရောပသမဂ္ဂဈေးကွက်မှ အခွန်ကင်းလွတ်ခွင့်ရပ်သိမ်းသည့် ကိစ္စများကြောင့်လည်း ဆန်များကို ဈေးချဝယ်ယူနေသည့်အပြင် ငွေဈေး အေးနေကြောင်းလည်း သိရှိရပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် Japan Project-Industry Council (JAPIC) တို့သည် ဆန်စပါးကဏ္ဍတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် မြန်မာ့ဆန်စပါးကဏ္ဍ၏ လက်ရှိအခြေအနေများအတွက် အခြေခံလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ရန်အတွက် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၄၉ ဒေါ်လာနှုန်းဖြင့် ၁၄ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၀၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၃၃ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | Wallis and Futuna | လီတာ | ၁.၈၁ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၈၀ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၁.၇၆ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၃ | ၀.၉၆ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁.၂.၂၀၁၉ | စည် | ၅၃.၇၉ |
| ၂ | ၄.၂.၂၀၁၉ | စည် | ၅၄.၅၆ |
| ၃ | ၅.၂.၂၀၁၉ | စည် | ၅၃.၆၆ |
| ၄ | ၆.၂.၂၀၁၉ | စည် | ၅၄.၀၁ |
| ၅ | ၇.၂.၂၀၁၉ | စည် | ၅၂.၆၄ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း အမြင့်ဆုံးဈေးဖြစ်သည့် ရွှေတစ်အောင်စလျှင် ၁၃၂၀ ဒေါ်လာထိ မြင့်တက်လာခဲ့ပြီး ဖေဖော်ဝါရီလ ၇ ရက်တွင် ၁၃၀၇ ဒေါ်လာဖြင့် အနည်းငယ် ပြန်လည်ကျဆင်း လာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄ ဒေါ်လာခန့် ကျဆင်းလာခဲ့သော်လည်း အမြင့်ဈေးတွင်ရှိနေကြောင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း ရွှေဈေးနှုန်းမှာ ဆက်လက်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဖေဖော်ဝါရီလ ၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၅၉၅၀၀ ဖြစ်ခဲ့ပြီး ဆက်လက်မြင့်တက်လာခဲ့ရာ ဖေဖော်ဝါရီလ ၇ ရက်တွင် ကျပ် ၁၀၆၆၀၀၀ ထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာ့ရွှေဈေးသည် ပြည်တွင်း ဒေါ်လာငွေလဲနှုန်း၊ ကမ္ဘာ့ရွှေဈေး၊ နိုင်ငံတကာ ဒေါ်လာငွေကြေးဈေးကွက်များအပေါ် တည်မှီနေသည့်အတွက် မြန်မာ့ရွှေဈေးမှာ အတက်ဘက်သို့ဆက်သွားနေဦးမည်သာ ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၈၃ |
| ၂ | ၂.၁.၂၀၁၉ | ၁၀၄၅၅၀၀ | ၁၂၈၇ |
| ၃ | ၃.၁.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၈၈ |
| ၄ | ၄.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၅ |
| ၅ | ၆.၁.၂၀၁၉ | ၁၀၄၇၀၀၀ | ၁၂၈၅ |
| ၆ | ၇.၁.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၉၁ |
| ၇ | ၈.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၃ |
| ၈ | ၉.၁.၂၀၁၉ | ၁၀၄၄၅၀၀ | ၁၂၈၂ |
| ၉ | ၁၀.၁.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၉၂ |
| ၁၀ | ၁၁.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၉၃ |
| ၁၁ | ၁၂.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၈၇ |
| ၁၂ | ၁၄.၁.၂၀၁၉ | ၁၀၄၇၅၀၀ | ၁၂၉၄ |
| ၁၃ | ၁၅.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၉ |


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ Foreign Agricultural Service (USDA) စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂနိုင်ငံများ ဖြစ်ကြပြီး၊ သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ကြပါသည်။ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး သကြားလိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံသည် သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံးထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် (၅) နိုင်ငံမြောက်အဖြစ် ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြား တန်ချိန် ၁၀ သန်း ဝန်းကျင်ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် ခြောက်သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 6-Feb-19 | 12.96 cts/lb | 12.92 cts/lb | 346.05 $/T | 15.70 cts/lb |
| 5-Feb-19 | 12.89 cts/lb | 12.94 cts/lb | 345.95 $/T | 15.69 cts/lb |
| 4-Feb-19 | 12.91 cts/lb | 12.97 cts/lb | 345.75 $/T | 15.68 cts/lb |
| 1-Feb-19 | 12.69 cts/lb | 12.97 cts/lb | 343.25 $/T | 15.57 cts/lb |
| 31-Jan-19 | 12.85 cts/lb | 12.98 cts/lb | 346.80 $/T | 15.73 cts/lb |
| 30-Jan-19 | 12.68 cts/lb | 12.98 cts/lb | 344.45 $/T | 15.62 cts/lb |
| 29-Jan-19 | 12.81 cts/lb | 13.00 cts/lb | 347.50 $/T | 15.76 cts/lb |
| 28-Jan-19 | 12.91 cts/lb | 13.00 cts/lb | 350.15 $/T | 15.88 cts/lb |
| 25-Jan-19 | 12.59 cts/lb | 12.99 cts/lb | 344.20 $/T | 15.61 cts/lb |
| 24-Jan-19 | 13.12 cts/lb | 12.96 cts/lb | 355.35 $/T | 16.12 cts/lb |
| 23-Jan-19 | 13.09 cts/lb | 12.87 cts/lb | 355.25 $/T | 16.11 cts/lb |
| 22-Jan-19 | 13.06 cts/lb | 12.80 cts/lb | 352.90 $/T | 16.01 cts/lb |
| 21-Jan-19 | 13.11 cts/lb | 12.74 cts/lb | 358.90 $/T | 16.28 cts/lb |
| 18-Jan-19 | 13.16 cts/lb | 12.69 cts/lb | 357.25 $/T | 16.20 cts/lb |
| 17-Jan-19 | 13.00 cts/lb | 12.64 cts/lb | 352.65 $/T | 16.00 cts/lb |
| 16-Jan-19 | 13.30 cts/lb | 12.60 cts/lb | 358.40 $/T | 16.26 cts/lb |
| 15-Jan-19 | 13.25 cts/lb | 12.55 cts/lb | 359.00 $/T | 16.28 cts/lb |
| 14-Jan-19 | 12.88 cts/lb | 12.49 cts/lb | 348.80 $/T | 15.82 cts/lb |
| 11-Jan-19 | 12.89 cts/lb | 12.47 cts/lb | 349.65 $/T | 15.86 cts/lb |
| 10-Jan-19 | 12.80 cts/lb | 12.45 cts/lb | 348.65 $/T | 15.81 cts/lb |
| 9-Jan-19 | 13.01 cts/lb | 12.42 cts/lb | 351.65 $/T | 15.95 cts/lb |
| 8-Jan-19 | 12.90 cts/lb | 12.40 cts/lb | 349.00 $/T | 15.83 cts/lb |
| 7-Jan-19 | 12.74 cts/lb | 12.39 cts/lb | 347.15 $/T | 15.75 cts/lb |
| 4-Jan-19 | 12.04 cts/lb | 12.39 cts/lb | 333.15 $/T | 15.11 cts/lb |
| 3-Jan-19 | 11.83 cts/lb | 12.44 cts/lb | 329.60 $/T | 14.81 cts/lb |
| 2-Jan-19 | 12.04 cts/lb | 12.52 cts/lb | 330.85 $/T | 15.01 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar ) တစ်တန်လျှင် ဇန်နဝါရီ ၃၁ ရက်တွင် အမေရိကန် ဒေါ်လာ ၃၄၆ ဒသမ ၈၀ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဖေဖော်ဝါရီ ၆ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၆ ဒသမ ၀၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၈၀ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၄၊ ပါကစ္စတန် နိုင်ငံတွင် တစ်တန်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၈၆-၃၉၂၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၃၄-၅၈၈ ဖြစ်ပြီး

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံ၏ သကြားဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်ခဲ့၍ တရုတ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၂၉ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင်ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၂၇ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၈၀ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၅၃ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၆ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၅၂၀ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိသာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိသာလျှင်ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီးမြို့နှင့် ဘားအံမြို့တို့တွင် သကြားတစ်ပိသာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်းဖော်ပြအပ်ပါသည်-

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | ဖေဖော်ဝါရီ ၁ | ဖေဖော်ဝါရီ ၄ | ဖေဖော်ဝါရီ ၅ | ဖေဖော်ဝါရီ ၆ | ဖေဖော်ဝါရီ ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၃၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁၄ | ၁၆.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၀ |
| ၁၅ | ၁၇.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၉၄ |
| ၁၆ | ၁၈.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၁၇ | ၁၉.၁.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၂ |
| ၁၈ | ၂၁.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၇၈ |
| ၁၉ | ၂၂.၁.၂၀၁၉ | ၁၀၅၃၅၀၀ | ၁၂၈၄ |
| ၂၀ | ၂၃.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၂၁ | ၂၄.၁.၂၀၁၉ | ၁၀၅၃၀၀၀ | ၁၂၈၀ |
| ၂၂ | ၂၅.၁.၂၀၁၉ | ၁၀၅၃၀၀၀ | ၁၂၈၃ |
| ၂၃ | ၂၆.၁.၂၀၁၉ | ၁၀၅၇၀၀၀ | ၁၃၀၃ |
| ၂၄ | ၂၇.၁.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၃၀၃ |
| ၂၅ | ၂၉.၁.၂၀၁၉ | ၁၀၅၈၀၀၀ | ၁၃၀၈ |
| ၂၆ | ၃၀.၁.၂၀၁၉ | ၁၀၆၁၀၀၀ | ၁၃၁၃ |
| ၂၇ | ၃၁.၁.၂၀၁၉ | ၁၀၆၁၅၀၀ | ၁၃၂၁ |
| ၂၈ | ၁.၂.၂၀၁၉ | ၁၀၅၉၅၀၀ | ၁၃၂၁ |
| ၂၉ | ၂.၂.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၃၁၈ |
| ၃၀ | ၃.၂.၂၀၁၉ | ၁၀၅၉၀၀၀ | ၁၃၁၈ |
| ၃၁ | ၅.၂.၂၀၁၉ | ၁၀၆၃၅၀၀ | ၁၃၁၂ |
| ၃၂ | ၆.၂.၂၀၁၉ | ၁၀၆၅၀၀၀ | ၁၃၁၄ |
| ၃၃ | ၇.၂.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၀၇ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းသည် ဖေဖော်ဝါရီလ ၁ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၁၈ ကျပ်၊ ဖေဖော်ဝါရီ ၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၉ ကျပ်၊ ဖေဖော်ဝါရီ ၅ ရက်တွင် ၁၅၁၈ ဒသမ ၄ ကျပ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် ၁၅၂၃ ဒသမ ၇ ကျပ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် ၁၅၃၁ ဒသမ ၇ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်း ပြင်ပငွေကြေးဈေးကွက်တွင် ဖေဖော်ဝါရီလ ၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ်၊ ဖေဖော်ဝါရီ ၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၀ ၊ ဖေဖော်ဝါရီလ ၅ ရက် တွင် ၁၅၁၉ ကျပ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် ၁၅၂၁ ကျပ်၊ ဖေဖော်ဝါရီ ၇ ရက်တွင်ကျပ် ၁၅၃၀ အသီးသီးဖြစ်ပေါ်ခဲ့ပြီး ဒေါ်လာဈေး အနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း လေ့လာသိရှိရပါသည်။


မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 %၊ Annual Rate of Inflation 6.86 %၊ Year on Year Inflation 6.85 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်အထိနေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေကြေးသုံးစွဲမှုစနစ်တွင် အမေရိကန်ဒေါ်လာ တစ်ခုတည်းအပေါ် မှီခိုနေရခြင်းကို လျှော့ချရန် ဘဏ်များအကြား နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများနှင့် နယ်စပ်ကုန်သွယ်ရေးတွင် ငွေပေးချေမှုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (Authorized Dealer-AD) လိုင်စင်ရဘဏ်များတွင် ဂျပန် ယန်း (Japanese Yen) နှင့် တရုတ်ယွမ်ငွေ (Chienese Yuan-RMB) တို့အား ဆောင်ရွက်ခွင့်ကို ဇန်နဝါရီ ၃၀ ရက်တွင် ခွင့်ပြုခဲ့သည်ကို သိရှိရပါသည်။ ယခင်က ပို့ကုန်/ သွင်းကုန်လိုင်စင် ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ တစ်မျိုးတည်းသာ သုံးစွဲသဖြင့် ကုန်သွယ်မှုတန်ဖိုးများကို ဒေါ်လာဖြင့်သာ ရေးတင်စေခဲ့ကြောင်း၊ ယခုအခါ ကုန်သွယ်မှုတန်ဖိုးကို ဂျပန်ယန်းနှင့် တရုတ်ယွမ်ငွေတို့ကိုဖော်ပြ၍ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏ အများဆုံးဖြစ်သည့်အတွက် ယွမ်ကို ငွေကြေးစနစ်တွင် အသုံးပြုခွင့်ပေးခြင်းမှာ အဆင်ပြေကြောင်း၊ အဆိုပါငွေကြေးနှစ်မျိုးကို လတ်တလောတွင် ဘဏ်များအချင်းချင်း သုံးစွဲသည့် ငွေစာရင်းများတွင်သာ အသုံးပြုနိုင်မည်ဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများက အသုံးပြုနိုင်မည်မဟုတ်ကြောင်း သိရှိရပါသည်။ ယခင်က ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းနှင့် ပြင်ပဈေးကွက်ပေါက်ဈေး မကိုက်ညီခြင်းကြောင့် ဗဟိုဘဏ်တွင် နစ်နာမှုများရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ နှစ်ကုန်ပိုင်း၌ ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ကန်ဒေါ်လာ ၃၄ သန်း ဝယ်ယူရာတွင် ငွေကြေးဈေးကွက်ပေါက်ဈေးထက် များစွာပိုပေးပြီး ဝယ်ယူခဲ့ ခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်အချို့က ဝေဖန်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ပုဂ္ဂလိကဘဏ်နှင့် ငွေလဲလုပ်ငန်းများမှ ကန်ဒေါ်လာပေါက်ဈေးနှင့် နီးစပ်စွာ သတ်မှတ်နိုင်ရန်၊ ပုဂ္ဂလိကဘဏ်များနှင့် ဗဟိုဘဏ်အကြား လေလံဈေးကွက်ဖြတင့် ရောင်းဝယ်မှုများအတွက် နေ့စဉ် နံနက် ၉ နာရီတွင် ထုတ်ပြန်ခဲ့ရာမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်မှ စတင်ပြီး ညနေ ၄ နာရီသို့ ပြောင်းလဲထုတ်ပြန်မည်ဖြစ်ကြောင်း ဗဟိုဘဏ်က ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။

ပုဂ္ဂလိကဘဏ်များနှင့် ငွေလဲကောင်တာများ ဖွင့်လှစ်သည့် ဒေါ်လာဈေးနှုန်းနှင့် နီးစပ်စွာ ဖော်ပြနိုင်ပါက လေလံဈေးကွက်ဖြင့် ဒေါ်လာဝယ်ယူရာတွင် ဈေးနှုန်းကွာဟမှု ကျဉ်းမြောင်းပြီး ငွေကြေး



Source:Central Bank of Myanmar

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁-၂-၁၉ | ၄-၂-၁၉ | ၅-၂-၁၉ | ၆-၂-၁၉ | ၇-၂-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၁၈ | ၁၅၁၉ | ၁၅၁၈.၄ | ၁၅၂၃.၇ | ၁၅၃၁.၇ | ၀.၉၀၃ | ↑ |
| ၂ | Thai Baht | THB | ၃၁.၃၃၅ | ၃၁.၃၀၅ | ၃၁.၂၉၀ | ၃၁.၂၃၅ | ၃၁.၂၆၀ | -၀.၂၃၉ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၄၉ | ၁.၃၅၁ | ၁.၃၅၂ | ၁.၃၅၄ | ၁.၃၅၆ | ၀.၅၁၉ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၀၉၆ | ၄.၀၉၀ | ၄.၀၉၃ | ၄.၀၉၄ | ၄.၀၇၂ | -၀.၅၈၆ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၃၉၈၆ | ၁၃၉၇၈ | ၁၃၉၅၅ | ၁၃၉၂၁ | ၁၃၉၇၃ | -၀.၀၉၃ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၇၂၈ | ၆.၇၄၅ | ၆.၇၄၅ | ၆.၇၄၅ | ၆.၇၄၅ | ၀.၂၅၃ | ↑ |
| ၇ | Indian Rupee | INR | ၇၀.၉၆၁ | ၇၁.၄၆၂ | ၇၁.၇၃၄ | ၇၁.၆၇၀ | ၇၀.၄၂၅ | -၀.၇၅၅ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၈.၈၆၄ | ၁၀၉.၅၀၁ | ၁၀၉.၉၀၁ | ၁၀၉.၆၀၃ | ၁၁၀.၀၁၂ | ၁.၀၅၅ | ↑ |
| ၉ | Austrialia Dollar | AUD | ၁.၃၈၁ | ၁.၃၈၁ | ၁.၃၈၁ | ၁.၄၀၃ | ၁.၄၀၈ | ၁.၉၅၅ | ↑ |
| ၁၀ | Euro | EUR | ၀.၈၇၄ | ၀.၈၇၃ | ၀.၈၇၆ | ၀.၈၇၈ | ၀.၈၈၁ | ၀.၈၀၁ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၄ | ၀.၇၆၄ | ၀.၇၆၇ | ၀.၇၇၁ | ၀.၇၇၄ | ၁.၃၀၉ | ↑ |

ဆုံးရှုံးမှု လျော့နည်းမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဗဟိုဘဏ်က ငွေကြေးဈေးကွက်တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် ပုဂ္ဂလိကဘဏ်များမှ ဒေါ်လာများဝယ်ယူခြင်း၊ ပုဂ္ဂလိကဘဏ်များသို့ ဒေါ်လာများရောင်းချခြင်းတို့ကို ဆောင်ရွက်လေ့ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုသို့ဆောင်ရွက်ရန် ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်း အချိန်ပြောင်းလဲခြင်းဖြစ်နိုင်သည်ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားကြပါသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၇ ရက အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အထက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတွင် ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၉၀၃ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ဇန်နဝါရီလဆန်းပိုင်းတွင် အမေရိကန်တစ်ဒေါ်လာ လျှင် ၁၅၄၆ ကျပ်ဖြင့် စတင်ခဲ့သော်လည်း ဖေဖော်ဝါရီလ ၁ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၁၈ ကျပ်သို့ကျဆင်းလာခဲ့ပြီး ဖေဖော်ဝါရီလ ၇ ရက်တွင်တစ်ဒေါ်လာလျှင် ၁၅၃၁ ဒသမ ၇ ကျပ်သို့ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်လာဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် ဒေါ်လာဈေးနှုန်း တည်ငြိမ်နေရန် လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းဒေါ်လာနှင့် ရွှေဈေးကွက် အပေါ်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လိုအပ်သည့်ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ ပရီမီယမ် ဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာလျှင် ၆၉၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၇၉၀ ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံ များတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံတွင် သုည ဒသမ ၁၀ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၄ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ကနေဒါနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများ ကျဆင်းခဲ့ပြီး အာရှနိုင်ငံများတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်နှင့် သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး များ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဖေဖော်ဝါရီ ၁ | ဖေဖော်ဝါရီ ၄ | ဖေဖော်ဝါရီ ၅ | ဖေဖော်ဝါရီ ၆ | ဖေဖော်ဝါရီ ၇ | ဖေဖော်ဝါရီ ၁ | ဖေဖော်ဝါရီ ၄ | ဖေဖော်ဝါရီ ၅ | ဖေဖော်ဝါရီ ၆ | ဖေဖော်ဝါရီ ၇ |
| ၁ | မြစ်ကြီးနား | ၃၇၀၈ | ၃၇၀၈ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၄၂၅၂ | ၄၂၅၂ | ၄၂၄၄ | ၄၂၄၄ | ၄၂၄၄ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၆ | ဘားအံ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ |
| ၇ | မော်လမြိုင် | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ |
| ၈ | ထားဝယ် | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ |
| ၉ | မြိတ် | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ |
| ၁၁ | ပုသိမ် | ၃၆၀၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၄၀၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၂ | စစ်တွေ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ |
| ၁၃ | ဟားခါး | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၁၄ | မုံရွာ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၄၅၀ | ၃၄၅၀ |
| ၁၇ | မကွေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၁၈ | ပြည် | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၁၉ | ပဲခူး | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ |
| ၂၀ | ပျဉ်းမနား | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၁ | နေပြည်တော် | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၂ | ကလေး | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၃၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးမည့်စနစ်များ၊ ဆန်စပါးကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ လုပ်ငန်းများ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရှိရ ပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀သန်း၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း ၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့ သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီ ၂ မှ ၈ ရက်အတွင်း ဖြစ်ပေါ်နေသောဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂.၂.၂၀၁၉ | ၄.၂.၂၀၁၉ | ၆.၂.၂၀၁၉ | ၈.၂.၂၀၁၉ |
| ၁ | ဗီယာ | ၅ | ၂၀၉၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ၂ | ဗီယာ | ၁၀ | ၂၀၄၀၀ | ၂၀၅၀၀ | ၂၀၆၀၀ | ၂၀၅၀၀ |
| ၃ | ဗီယာ | ၂၅ | ၁၉၁၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၃၀၀ |
| ၄ | ဗီယာ | ၃၅ | ၁၈၇၀၀ | ၁၈၅၀၀ | ၁၈၆၀၀ | ၁၈၉၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၄၀၀ | ၂၀၃၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၁၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၃၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၇၀၀ | ၁၈၅၀၀ | ၁၈၆၀၀ | ၁၈၉၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များ ရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန်(သစ်)တစ်ပြည် လျှင်ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါ သည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်း စာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင် ကြုံတွေ့နေရလျက်ရှိပါသည်။

မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှု များစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် အရေးတကြီးလုပ်ဆောင်နိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာသုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာ နိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁.၂.၂၀၁၉ | ၄.၂.၂၀၁၉ | ၅.၂.၂၀၁၉ | ၆.၂.၂၀၁၉ | ၇.၂.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၃၀၀ | ၁၃၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၃ | ဟားခါး | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၅၀ |
| ၁၄ | မုံရွာ | ၁၈၀၀ | ၁၈၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၁၅ | မန္တလေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၆ | ပခုက္ကူ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၇ | မ ကွေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၂၀ | ပျဉ်းမနား | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၂၁ | နေပြည်တော် | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၂ | ကလေး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |

Source-DOCA-Domestic



အဘယ 'ထ' အမှတ်တံဆိပ်
သွေးပေါင်ချိန်ကို ထိန်းညှိပေးမယ့်
သွေးတိုးကျ ဒေါင်းကြည်ဆေး
ဘယ်လောက် သောက်သောက်
ပုံမှန်သွေးပေါင်ချိန်ထက်
ပိုမကျဘူးနော်...
ရှုတိုင်းကျန်းမာ အဘယ ဝေဒနာ
အမှတ် (၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။




LLM
Lan Lan Myanmar Co., Ltd.
အရေအသွေးမြင့် အာမခံ မော်တော်ဆိုင်ကယ်များကို မြန်မာပြည်အနှံ့ မြန်မြန် ရောင်းချပေးနေပါသည်။ ထို့အတူ ပြန်လည်ရောင်းလိုသူများလည်း ဆက်သွယ်နိုင်ပါသည်။
TURBO STAR
TVS
SUPER wonjan
YAMAHA
Add : No.(6/B), Ward No.(7), Hlaing Thar Yar Township,
Yangon Region, myanmar.
PH : 09785502725, 09695502725.
Email : lanlanmyanmarcompany@gmail.com




NGWE INZALY (AUDIT FIRM)
NGWE INZALY AUDIT FIRM
Room. 801, 8th Floor, 50th St. Condo ( AMPS )
Bet: Merchant Rd & Mahabandoola Rd, Botahtaung Township, Yangon
Ph: +9595000752, +959785000752, +951397575, +951397424
Our Best Quality Services for our customers
I. Tax Compliance Services.
- Personal Income Tax Services
- Commercial Tax Services
- Corporate Income Tax Services
- Annual Tax Return Submitting Services
- Stamp Duty Services
II .Accounting Services
- IFRS Conversion Services
- IFRS For SME Conversion Services
III. Secretarial Services.
- Company Formation Services
- Company Liquidation Services
- MIC proposal
- Other Secretarial Services




PPC
Property People Connection
Under Management of Established Company
" PPC Group of Companies" in Singapore
Property Services
Property Management
M & E Services
Cleaning
Security
Renovation Service
Renovation of Existing Building
Painting, Roofing, Flooring, Ceiling
Installation of Electricity & Plumbing
Consultancy Services
Real Estate Services
Leasing, Purchasing & Selling
No.19, 4th Floor, Innwa Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.
Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

SAN DARA AUNG CO.,LTD
(For Better Trade)

**We Carefully Handle Your Cargo**
**Our Services**

- Fumigation , Inspection & Documentation Services
- Customs Clearance Services
- Container Transporation Services



Export
Import

No.(71), Ground Floor, 31st Street , 9 Quarter, Pabedan Township, Yangon.

HP : +95 9 5005553, +95 9 795005553 E-mail : sandaraaung71@gmail.com




AYEYAR HINTHAR
HOLDINGS CO., LTD.

No. 531, Lower Kyeemyindaing Road, Room No. 1104, 1105, 1106, Ye Ta Khon Tower, Kyeemyindaing Township, Yangon Myanmar.Tel : 01-508232~34




Greatseal Co., Ltd.

Since : 2002

အထူးအာမခံ ဝန်ဆောင်မှုလုပ်ငန်းများ




Product From : (USA, Germany, Australia, UAE, Malaysia, Singapore, India)

**Yangon** Bldg: (8), Room (001-002), Aye Yeik Mon (8th) Street, Block-5, Hlaing Township, Yangon.
Tel : 01 530015, 01 505031, 01 530531 Mobile : 09 5417036, Email: greatsealygn@gmail.com

**Nay Pyi Taw** No. 2/330, 9th Street, Toe Che` (2)nd Street, Paung Laung Ward, Nay Pyi Taw - Pyin Ma Nar.
Tel : 067 25337, 09 43066612, 09 5417036 Email : npt.greatseal.ths@gmail.com

**Mandalay** Hta Hta (9/41), Between Bayintnaung Road & Bandoola Road, Salone Market, Pyigyitakon Tsp., Mandalay.
Tel : 09 73202270, 09 450035462, 09 31710245, 09 5129004, 09 5417036
E-mail: zinko219mdy@gmail.com Website : greatsealmyanmar.com

NLM MYAWADDY
LOGISTICS COMPANY LIMITED

Hote Line : 09-797-971-118,09-797-971-119,09-777-779-991
Email : info@nlmmwdlogistics.com

# ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆိုသည်မှာ

နိုင်ဦး (DOCA)

ကျွန်တော်သည် တောသားတစ်ယောက်ဖြစ်သည်။ တောရွာလေးတွင်မွေးဖွားခဲ့၍ တောရွာလေးထဲတွင်ပင်လူလားမြောက်ခဲ့သည်။ ကျောင်းနှင့်အိမ်သည် ရှစ်မိုင်ခန့်ဝေး၍ နံနက် (၉)နာရီ တက်ရမည့်ကျောင်းသို့ နံနက် (၇)နာရီကတည်းကသွားရသည်။ ကျောင်းဆင်းချိန်တွင်လည်း အလားတူပင်ဖြစ်သည်။ ညနေ (၃:၃၀) ကျောင်းဆင်းပါက အိမ်သို့မှောင်စပြုနေသည့် ညနေ (၅) နာရီကျော်မှ ရောက်သည်။ စာကြည့်တိုက်ဟူ၍ သီးခြားမရှိ၊ ကာတွန်း၊ ဝတ္ထု၊ စာစောင်၊ ဂျာနယ်များ ဖတ်လိုပါက ဆယ်ပြား၊ တစ်မတ်၊ ငါးမူးစသည်ဖြင့် တစ်ရက်ဖတ်ခပေးမှ ဖတ်ရသည်။ ငွေမရှိ၍ မဖတ်နိုင်ခဲ့ပေ။ သို့သော် ကျွန်တော်သည် ကံကောင်းလှသည်။ စာမတတ်သော်လည်း ဗဟုသုတကြွယ်ဝလွန်းသည့် အဖွားဖြစ်သူ၏ ပြောဆိုဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့ရသည်။ အမှန်တော့ အဖွားဖြစ်သူသည် ကျွန်တော်၏ သက်ရှိစာကြည့်တိုက်တစ်ခုပင်ဖြစ်သည်။ ကျွန်တော်မသိသော ပုံပြင်များ၊ ဆုံးမစာများ၊ တဘောင်များအကြောင်းကိုလည်း စိတ်ဝင်စားဖွယ်ပြောပြတတ်သည်။ မြန်မာနိုင်ငံရှိထူးခြား ထင်ရှားသောပုဂ္ဂိုလ်များ၏ အကြောင်းကိုလည်း စိတ်ရှိလက်ရှိ ရှင်းပြတတ်သည်။

အဖွားပြောပြသော မြန်မာနိုင်ငံရှိ ထူးခြားထင်ရှားသောပုဂ္ဂိုလ်များအနက် သူဌေးကြီး ဦးနာအောက်၏အကြောင်းကိုမှတ်မှတ်ထင်ထင် စွဲလမ်းခဲ့ရသည်။ စီးပွားရေးအင်အား ကြီးမားသောသူများမှ မြန်မာသူဌေးကြီးတစ်ဦးအား စီးပွားရေးပြိုင်ဖက်အဖြစ်သဘောထားကာ အပြုတ်ရှင်းလင်းခဲ့သည်ကိုဒေါသဖြစ်ခဲ့ရသည်။ ပုံမှန်သင်္ဘောလုပ်ငန်းလုပ်တာခြင်းအတူတူ မျှတမှုမရှိဘဲ သင်္ဘောစီးခကို တဖြည်းဖြည်းလျှော့သည်။ နောက်အလကား ပြေးဆွဲပေးသည်။ ဦးနာအောက်မပြိုလဲသောအခါ၊ ပဝါစအလကားပေးသည်။ ထို့နောက် ထမင်းပါအလကား ကျွေးသည်။ သင်္ဘောစီးခရီးသည်များကလည်း သာရာသို့လိုက်ပါသည်။ နောက်ဆုံးတွင် ဦးနာအောက်သည် ၎င်းပိုင်သင်္ဘောများကို ပြိုင်ဖက်စီးပွားရေးအဖွဲ့သို့ ထိုးအပ်လိုက်ရသည်။ စီးပွားရေးအင်အားကြီးသူသည် နောက်ဆုံးတွင်ပြိုင်ဖက်မရှိ တစ်ဖွဲ့တည်း ဖြစ်သောအခါ ပထမထမင်းမကျွေး၊ နောက်ပဝါမပေး၊ နောက်ဆုံး စီးနင်းခကို နှစ်ဆ၊ သုံးဆမြှင့်တင်၍ ရယူတော့သည်။ သင်္ဘောလုပ် ငန်းကိုတစ်ဦးတည်းမောင်ပိုင်စီးကာ ဗိုလ်ကျစိုးမိုး၍ ထင်တိုင်းကြဲတော့သည်။ မြန်မာနိုင်ငံသားများမှာ သူတို့၏ လောဘဇောတိုက်မှုကို အလူးအလဲခံခဲ့ရသည်။ ဓနအင်အားကြီးမားသူ၏ စီးပွားရေးအရ နယ်ချဲ့ခြင်း၏ ပုံရိပ်တစ်ခုဖြစ်ကြောင်း အဖွားကစီကာပတ်ကုန်း စိတ်ဝင်စားဖွယ်ပြောပြသည်ကို နားထောင်ခဲ့ရသည်။ ဘာရယ်လို့ တော့မဟုတ် ကျွန်တော်ရင်ထဲမကောင်း၊ ဝမ်းနည်းသလိုခံစားရသည်။

အဖွားပြောပြစဉ်က ငယ်သေး၍ သိပ်မသိခဲ့သော်လည်း၊ ဓနအင်အားကြီးမားသူသည် ဆင်းရဲသူများကို အဖက်ဖက်မှ အသာစီးရယူခဲ့သည်။ ရယူနိုင်ခဲ့သူကို တော့နားလည်ခဲ့ရသည်။ကျွန်တော် ကျောင်းသွားသည့် လမ်းတွင်စားသောက်ခဲ့ရသော အရီးပုအကြော်ဆိုင်၊ အဖွားလှ မုန့်လက်နှိပ်ဆိုင်သည် ကျွန်တော်မမွေးခင်ကပင်လက်ရာကောင်းကောင်း၊ အရသာကောင်းကောင်းဖြင့် ရွာလူထု၏ အကြိုက်သရေစာများဖြစ်ခဲ့သည်။ သဘာဝအတိုင်း သာကြော်လှော်ပြုလုပ်သည်။ ငှက်ပျောရွက်ခင်းပေးပြီး ရေနွေးကြမ်းအဝသောက်ကာ စားခဲ့ရသည်။ ကျွန်တော်မူလတန်းကျောင်းသားဘဝအထိဖြစ်သည်။ အလယ်တန်းကျောင်း သားဘဝသို့ရောက်သောအခါ ထိုမိရိုးဖလာ အကြော်ဆိုင်၊ မုန့်ဆိုင်များဘေးတွင် လက်ဖက် ရည်ဆိုင်၊ ကော်ဖီဆိုင်များတဖြည်းဖြည်းပေါ်လာသည်။ ရွာလူထုကလည်း မိရိုးဖလာဆိုင်များကို သွေဖယ်၍ ကာလာစုံလက်ဖက်ရည်၊ ကော်ဖီဆိုင်များတွင်ထိုင်ရမှုဂုဏ်ရှိသည် ထင်လာကြသည်။ အသွင်လှလှ၊ အမြင်ကြွကြွထုပ်ပိုးထားသော မုန့်မျိုးစုံစားမှခေတ်မီသည်ဟု ထင်လာသည်။ နောက်ဆုံးမိရိုးဖလာဆိုင်များကွယ်ပျောက်သွားသည်။ တစ်ကျပ်ရှိရုံဖြင့် ဗိုက်အပြည့်စားရသောဆိုင်များမရှိတော့၍ ကျွန်တော်လည်းမစားနိုင်တော့ပေ။ စီးပွားရေးအင် အားကောင်းသော လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်များသာမင်းမူနေတော့သည်။ သူတို့လည်း ကြာကြာမခံပေ။ ဘီယာဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်၊ အကင်ဆိုင်များ၏ ဝါးမြိုမှုကြောင့်ငုတ်တုတ်မေ့ကာ အရှုံးပေးရပြန်တော့သည်။ စီးပွားရေးလုပ်သည်မှာ ဤသို့ပင်ဖြစ်သည်။ အင်အားကြီးမားသူ၏ ဝါးမြိုမှုကိုခံရမည်မှာ ဓမ္မတာပင်ဖြစ်မည်ဟု ထင်မိသည်။မိမိအကျိုးစီးပွား အတွက်ပြိုင်ဘက်ဖြစ်သူကို အလေးထားမှုမရှိဘဲ၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဟူသည့် စိတ်ထားမျိုးပင်ဖြစ်သည်။ ဤသို့ ကိုယ်ကျိုးစီးပွား ကာကွယ်ကာ ပြိုင်ဘက်ကို အလဲထိုးဆောင်ရွက်ခြင်းသည် စီးပွားရေးကျင့်ဝတ်နှင့်ညီညွတ်မှုမရှိသော်လည်း ကမ္ဘာ့နိုင်ငံများတွင်လည်း အလားတူကျင့်သုံးဆောင်ရွက်လျက်ရှိသည်ကို မီဒီယာများတွင် ဖော်ပြမှုများအရ သိရှိနေရပေသည်။

ယနေ့ကမ္ဘာတွင်နိုင်ငံတိုင်း၏ သည်းခြေကြိုက်ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကြရာတွင် နိုင်ငံ၏နေကြွယ်ဝမှု၊ တည်နေရာအနေအထားများအရ ကိုယ်ကျိုးစီးပွားကာကွယ်မှု တစ်နည်းအားဖြင့် မိမိနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြားနိုင်ငံများ၏ ထိခိုက်နစ်နာမှုများကို ထည့်မတွက်သော စီးပွားရေးမူဝါဒများကို အလျဉ်းသင့်သလို ချမှတ်ဆောင်ရွက်လျက် မိမိနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။

မိမိနိုင်ငံစီးပွားရေးလုပ်ငန်းများကိုထိခိုက်နစ်နာဆုံးရှုံးမှုကာကွယ်ပေးနိုင်ရေး၊ ကုစားဖြေရှင်းပေးနိုင်ရေး၊ အခြားနိုင်ငံများအပေါ် စီးပွားရေးအရ အသာစီးယူရန်၊ နိုင်ငံရေးအရ အမြတ်ထုတ်နိုင်ရေးအတွက် ကိုယ်ကျိုးစီးပွားကာကွယ်မှုမူဝါဒများချမှတ်ကျင့်သုံးလေ့ရှိသည်။ ကာလရှည်ကြာစွာ ထိုမူဝါဒကို ဆွဲကိုင်ဆောင်ရွက်ပါက စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို ကျဆင်းစေသည်။ ကမ္ဘာ့ဈေးကွက်မှ မိမိဝေစုပျောက်ဆုံးနိုင်သည့်အတွက်ဖြစ်သည်။ ကာလတိုအတွင်းသာ အရေးပေါ်သုံးစွဲနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်ကို သတိမူသင့်သည်။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေရှည်ကောင်းမွန်သည့် မူဝါဒများကိုကျင့်သုံးခြင်းသည်သာလျှင်အကောင်းဆုံးဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် မိမိစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေတိုကျင့်သုံးလျက်ရှိသော ကိုယ်ကျိုးစီးပွားကာကွယ်မှုလေးခုရှိကြောင်းသိရသည်။ သွင်းကုန်များအပေါ်တွင် အခွန်ကောက်ခံသည့်နည်းလမ်း၊ ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်မှ ထောက်ပံ့ကြေးပေးသည့် နည်းလမ်း၊ သွင်းကုန်ခွဲတမ်း၊ ကိုတာ၊ အရေအတွက်ကန့်သတ်၍ တင်သွင်းစေသည့်နည်းလမ်း၊ မိမိနိုင်ငံသုံးငွေကြေးကို တန်ဖိုးလျှော့ချသည့်နည်းလမ်းများဖြစ်သည်။ ထို နည်းလမ်း(၄)သွယ်ကို မိမိနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျင့်သုံး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လက်ရှိတွင်လည်း ဆောင်ရွက်နေဆဲဖြစ်သည်။

ပထမနည်းလမ်းဖြစ်သည့် သွင်းကုန်များအပေါ်တွင် အခွန်ကောက်ခံသည့်နည်းလမ်းကို လက်ရှိအချိန်ထိ အငြင်းပွားဖြေရှင်းနေဆဲဖြစ်သည့် တရုတ်နှင့်အမေရိကန်တို့၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် ကုန်သွယ်ရေးစစ်ပွဲအသွင် သွင်းကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံနေမှုများက သက်သေပင်ဖြစ်သည်။ ကုန်သွယ်ရေးအပေါ် အခြေခံ၍ နိုင်ငံရေးအရ အမြတ်ထုတ်ရန် ကြိုးစားရင်း နှစ်နိုင်ငံလုံးရှိစီးပွားရေးလုပ်ငန်းရှင်များအထိ နစ်နာလျက်ရှိနေသဖြင့် ဆွေးနွေးညှိနှိုင်းမှုများနှင့် အဖြေရှာနေဆဲဖြစ်သည်။

ဒုတိယနည်းလမ်းဖြစ်သည့်မိမိနိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ထောက်ပံ့ကြေးပေးသည့် နည်းလမ်းဖြစ်သည်။ အမေရိကန်ရှိပဲပုပ်စိုက်တောင်သူများကို အမေရိကန်အစိုးရကထောက်ပံ့ကြေးပေးရသည်။ ကုန်သွယ်ရေးစစ်ပွဲသဏ္ဍာ န် အငြင်းပွားနေမှုကြောင့် အမေရိကန်ပဲပုပ်များကို အများဆုံးဝယ်ယူသော တရုတ်နိုင်ငံသည် ပဲပုပ်သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံသဖြင့် အမေရိကန်ပဲပုပ်စိုက်တောင်သူများ ဆုံးရှုံးမှုကို ကာကွယ်ရန် ထောက်ပံ့ကြေးပေးပြီး တရုတ်နှင့် ဖြစ်ပွားနေသောကုန်သွယ်မှုစစ်ပွဲကို အရှုံးမပေးဘဲ နိုင်ငံရေးအရအမြတ်ထုတ်နိုင်ရန် နိုင်ငံ၏ဘဏ္ဍာငွေများ ဆုံးရှုံးခံကာကွယ်ခြင်းဖြစ်သည်။ ရေရှည်တွင်မည်သို့ဖြစ်လာမည်ကို မခန့်မှန်းနိုင်သေးပေ။

တတိယနည်းလမ်းဖြစ်သည့် သွင်းကုန်ပစ္စည်းများကို တင်သွင်းရာတွင်လည်းမိမိနိုင်ငံရှိ ကုန်ပစ္စည်းတူစီးပွားရေးလုပ်ငန်းများမထိခိုက်၊ မနစ်နာစေရေးအတွက် အကန့်အသတ်ဖြင့် တင်သွင်းသည့်နည်းလမ်းဖြစ်သည်။ အမေရိကန်ပဲပုပ်ကို တရုတ်ကအကန့်အသတ်ဖြင့်သာ တင်သွင်းခွင့်ပြုခဲ့၍ ပိုနေသောပဲပုပ်များကို အမေရိကန်အစိုးရက စိုက်ထုတ်ဝယ်ယူကာ သိုလှောင်သုံးစွဲနေရသည်။ တရုတ်ကလည်း၎င်းတို့၏ စီးပွားရေးယန္တရား မပျက်စေရန် ဘရားဇီးနိုင်ငံမှ ပဲပုပ်များတင်သွင်းသည်။ အမေရိကန်နှင့်ဖြစ်ပွားနေသော ကုန်သွယ်မှုစစ်ပွဲ တွင်လည်း အနိုင်ရစေ၊ ကုန်သွယ်ဖက်နိုင်ငံလည်းတိုးတက်စေသည့် မူဝါဒကိုကျင့်သုံးခဲ့သည်။ စီးပွားရေးကို နိုင်ငံရေးနှင့် ရောထွေးကာ အနိုင်ရရှိရေးအတွက်ဆောင်ရွက်နေမှုများကြောင့် ၎င်းနိုင်ငံကြီးများကိုမှီခို၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော နိုင်ငံငယ်များ ၏ ဘဝသည်ဒုက္ခများစွာ တွေ့ကြုံရလျက်ရှိပါသည်။

စတုတ္ထနည်းလမ်းဖြစ်သည့် မိမိနိုင်ငံသုံးငွေကြေး၏တန်ဖိုးကိုလျှော့ချခြင်းနည်းလမ်းကို မိမိနိုင်ငံပို့ကုန်များပိုမိုတင်ပို့နိုင်ရေး၊ သွင်းကုန်တင်သွင်းမှုလျော့ကျလာစေရေးအတွက် အရေးပေါ်အစီအစဉ်ဖြင့်သုံးစွဲသည့်နည်းလမ်းဖြစ်သည်။ သို့သော်ပို့ကုန်တင်ပို့မှုနည်းပါးပြီး သွင်းကုန်တင်သွင်းမှုများပြားလာသောနိုင်ငံများတွင်မူ အသုံးမပြုသင့်ပေ။ ပိုမိုဆိုးရွားစေနိုင်၍ဖြစ်သည်။ တရုတ်နှင့်အမေရိကန်ကုန်သွယ်ရေးစစ်ပွဲအသွင် ဖြစ်ပေါ်နေသည့်အဓိက အကြောင်းအရာမှာလည်း အလားတူပင် လက်ရှိ ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် တရုတ်နှင့်ရုရှားနိုင်ငံတို့က စီးပွားရေးဆိုင်ရာ ပခုံးယှဉ်လာမှုများကို ရပ်တန့်စေရေးအတွက် အမေရိကန်ငွေကြေးတန်ဖိုးတက်အောင်လုပ်ပြီး သူတို့နိုင်ငံများ၏ ငွေကြေးများကိုချပေးခဲ့သဖြင့် ကုန်သွယ်ရေးဆိုင်ရာ အသာစီးရယူဆောင်ရွက်နေသည်ဟုဆိုကာ တရုတ်ပို့ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံသကဲ့သို့ ရုရှားကို လည်းတင်းကြပ်သော စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို ဆောင်ရွက်ခဲ့သည်မှာ (၆)လကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ အကျိုးဆက်အဖြစ် အမေရိကန်ရှိ စက်ရုံ၊ အလုပ်ရုံ လေးရာကျော် လုပ်သားအင်အားလျှော့ချခဲ့ရသည်။ စက်ရုံခြောက်ဆယ်ကျော်ပိတ်ပစ်ခဲ့ရသည်။ အမေရိကန်လယ်သမားများကို သီးနှံလျော်ကြေးများပေးခဲ့ရသည်။ တရုတ်နှင့်ရုရှားမှာမူ အပြန်အလှန်အနည်းငယ်နစ်နာသည်မှအပ ထူးခြားသောအကျိုး သက်ရောက်မှုမရှိခဲ့ပေ။ အထိနာဆုံးမှာ တရုတ်နှင့်အဓိကကုန်သွယ်မှုလုပ်နေသည့် မြန်မာနိုင်ငံဖြစ်သည်။ ပို့ကုန်ပစ္စည်းအများစုကို တရုတ်သို့တင်ပို့နေရ၍ ကုန်သွယ်ရေးစစ်ပွဲကြောင့် ထင်မှတ်မထားသော အပြောင်းအလဲများကြောင့် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ သာဓကတစ်ရပ်မှာ တရုတ်မှ ဖရဲသီးများအား ဝယ်ယူမှုမရှိခဲ့၍ မြန်မာ ဖရဲကုန်သည်ရော၊ လယ်သမားများပါ ဆိုးဆိုးဝါးဝါး ထိခိုက်ခဲ့ခြင်းက သက်သေပင်ဖြစ်သည်။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒသည် ရေတိုကျင့်သုံးပါက နိုင်ငံ၏စီးပွားရေး အထိုက်အလျောက်တိုးတက်မည်။ စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိလာမည်။ လုပ်ငန်းများယှဉ်ပြိုင်မှုကို တိုးတက်လာစေမည်။ ပြည်တွင်းအလုပ်အကိုင်များစွာ ဖန်တီးပေးရာရောက်သည်။ ရေရှည်ကျင့်သုံးပါကမူ မိမိနိုင်ငံရှိစီးပွားရေးလုပ်ငန်းထွက်ကုန်များသည် အခြားနိုင်ငံများရှိ ထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်း၊ အရည်အသွေးစသည်များ အားနည်း လာနိုင်သည်။ နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။ စားသုံးသူများဈေးကြီးပေးကာ ရွေးချယ်ပိုင်ခွင့်မရှိသော ဝယ်ယူသုံးစွဲမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ မကြာမီက မီဒီယာများတွင် ဖော်ပြထားမှုများအနက် မြန်မာနိုင်ငံမှ တစ်နှစ်မှတစ်ခါသာထုတ်လုပ်ရရှိ သည့် ဖရဲသီးများကို အပင်ပန်းဆင်းရဲခံကာ ငွေကြေးများစွာရင်းနှီး၍ တင်ပို့သော်လည်း ဝယ်ယူသူမရှိ၍ လွှင့်ပစ်နေသောပုံရိပ်များ၊ အပျက်စီးခံထားရသော ပုံရိပ်များသည် လယ်သမားတစ်ယောက်ဖြစ်သော ကျွန်တော့်အတွက် မျက်ရည်ကျစရာပုံရိပ်များပင်ဖြစ်သည်။ ဖရဲသီးတစ်လုံးရရန်အတွက် မည်သို့မည်ပုံ ပြုစုပျိုးထောင်ရသည်။ ယုယကြင်နာရသည်ကို သိနေ၍ဖြစ်သည်။ ဖရဲစိုက်တောင်သူတစ်ဦးအတွက် ဖရဲသီးတစ်လုံးသည် သူ့ရင်ထဲမှ ပေါက် ဖွားလာခဲ့သော ရင်သွေးရတနာဖြစ်၍ ကိုယ်တိုင်ဘယ်တော့မှ မဖျက်ဆီးရက်ပေ။ သူတို့၏ငွေတွေ၊ ချွေးတွေ၊ မျက်ရည်တွေနဲ့ စိုက်ပျိုးထားသော သီးနှံများအောင်မြင်ဖြစ်ထွန်းပါစေဟုသာဆုတောင်းပေးမြဲဖြစ်သည်။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများကို အရည်အသွေးမမီလို့တစ်မျိုး၊ ဈေးနှိမ်၍တစ်သွယ်၊ အရေအတွက်ကန့်သတ်၍တစ်နည်း အမျိုးမျိုး အကြောင်းပြကာ ဆောင်ရွက်နေသဖြင့် မြန်မာ့လုပ်ငန်းရှင်များ၊ လယ်သမားများ အခက်

**စာမျက်နှာ (၂၄)သို့**

# ရင်းနှီးမြှုပ်နှံ ရေခံမြေခံကောင်းသော မြန်မာနှင့် မြှုပ်နှံရင်းနှီး မြန်မာ့ထိပ်သီးဆွေးနွေးပွဲကြီး

| မောင်လွင်ပြင် |

မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အထူး လိုအပ်နေ၏။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု (FDI) များ သိသိသာသာ ဝင်ရောက်လာမည်ဆိုလျှင် တန့်နေသောနိုင်ငံ့စီးပွားရေး ပြန်လည်မောင်းနှင်အား ကောင်းလာမည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နာလန်ပြန်ထူမည်။ အထူးစီးပွားရေးဇုန်များ ထပ်တိုးပေါ်ပေါက်မည်။ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်။ ပြည်ပပို့ကုန်များ ပိုမိုတင်ပို့နိုင်မည်။ ကုန်သွယ်ရေး လိုငွေပြမှု လျှော့ချနိုင်မည်။ ဒေါ်လာငွေ ယိုစိမ့်မှု ဖာထေးနိုင်မည်။ ကျပ်ငွေတန်ဖိုး ကျဆင်းခြင်း၊ ငွေဖောင်းပွမှုနှုန်း မြင့်တက်ခြင်းများ လျှော့ချနိုင်မည် စသည့် အကျိုးကျေးဇူးများရရှိမည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် ယင်း အကျိုးဆက်များကို ချိတ်ဆက်သယ်ဆောင်လာနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအဖို့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ တိုးပွားရန် အစွမ်းကုန်ဖိတ်ခေါ်နေခြင်း ဖြစ်သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ပွဲကြီးတစ်ခု ကျင်းပခဲ့သည်။ 'မြှုပ်နှံရင်းနှီး မြန်မာထိပ်သီးဆွေးနွေးပွဲကြီး' "Invest Myanmar Summit 2019" ဟု အမည်ရ၏။ ဇန်နဝါရီ ၂၈၊ ၂၉ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပခဲ့သည်။ ယင်းဖိတ်ခေါ်ပွဲကြီးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန (MOIFER) နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း ကျင်းပခြင်းဖြစ်၏။ ထိပ်သီးဆွေးနွေးပွဲကြီးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်၊ စက်မှုအသင်းချုပ် တာဝန်ရှိသူများ၊ နိုင်ငံတကာ သံရုံးများက သံအမတ်ကြီးများ၊ စီးပွားရေးပညာရှင်များ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ စုံစုံညီညီ တက်ရောက်ကြသည်။ တက်ရောက်သူ စာရင်းကိုကြည့်ခြင်းအားဖြင့် ယင်းထိပ်သီး ဆွေးနွေးပွဲကို မည်မျှခမ်းခမ်းနားနားရှိပြီး မည်မျှ ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ကျင်းပသည်ကို သိနိုင်သည်။

မြန်မာရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အဖွင့်အမှာစကားပြောကြားသည်။ ၎င်း၏အမှာစကားတွင် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အခါသင့်နေပြီဖြစ်ကြောင်း အဓိကထားပြောကြားသည်။ ၎င်းက "မြန်မာနိုင်ငံတွင် ဘာကြောင့် ရင်းနှီးမြှုပ်နှံနေကြသလဲ"ဆိုသည်ကိုလည်း ရေလည်အောင် ရှင်းပြထားသည်။ မြန်မာနိုင်ငံတွင် ဘာကြောင့် ရင်းနှီးမြှုပ်နှံကြသလဲ မေးစရာရှိသည်။ ယင်းသို့ မေးလာလျှင် မိမိတို့နိုင်ငံ၏တည်နေရာ ပထဝီအနေအထားအရ အလွန်အားကျစရာ ကောင်းပြီး မဟာဗျူဟာအရ အရေးပါသည့် ဈေးကွက်နေရာ တစ်ခု ဖြစ်သည်။ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်းနိုင်ငံတို့သို့ ကုန်သွယ် ကူးသန်းဖြတ်သန်းနိုင်သည့် လမ်းဆုံနေရာဖြစ်သည်။ မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံ ၁၀ နိုင်ငံနှင့်အတူ တရုတ်၊ အိန္ဒိယတို့ပါဝင်သည့် ၃ ဒသမ ၅ ဘီလီယံကျော်ရှိသော စားသုံးသူဈေးကွက်ကြီးကို ကိုယ်စားပြုသည်။ ယင်းဈေးကွက်ကြီး၏ ဆက်စပ်မှုသည် ကမ္ဘာတွင် မကြုံစဖူးထူးကဲသည့် အထင်ရှားဆုံး ဈေးကွက်ကြီးဖြစ်သည်။ ထို့ကြောင့် ယင်းဈေးကွက်ကြီး၏ စီးပွားရေးပမာဏသည် အမေရိကန်ဒေါ်လာ ၁၅ ထရီလီယံနီးပါးတန်ဖိုးရှိသည်။ ကမ္ဘာ့အသားတင် ထုတ်လုပ်မှု ဂျီဒီပီတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကိုယ်စားပြုသည်။ ယင်းဈေးကွက်ကြီး၏ အလယ်ဗဟိုနေရာတွင် တည်ရှိနေသည့်ပမာဖြစ်၍ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံပြီး ကုန်ထုတ်လုပ် ဖြန့်ချိနိုင်သည် စသည်ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းသည်အမှန်တရားဖြစ်၏။ လက်တွေ့ ပထဝီဝင်အနေအထားအရမြန်မာနိုင်ငံသည် အာရှကုန်ကူးသန်းရောင်းဝယ်ရေး အာဆီယံနိုင်ငံများ၏ ကုန်ကူးသန်းရောင်းဝယ်ရေးတွင် လမ်းဆုံနေရာတွင် ရှိလာသည့်အနေအထားရှိ၏။ အိမ်နီးချင်းနိုင်ငံကြီးနှစ်နိုင်ငံအကြား တည်ရှိနေခြင်းကလည်း ကံကောင်းခြင်းဆုလာဘ်ဟု ဆိုနိုင်၏။ ယခုအခါ တရုတ်နိုင်ငံသည် လူဦးရေ သန်း ၁၄၀၀ ကျော်ရှိပြီး အိန္ဒိယသည်လည်း သန်း ၁၄၀၀ နီးပါး ကပ်လာပြီဖြစ်သည်။ ရောင်းတတ်ဝယ်တတ်လုပ်ကိုင်တတ်လျှင် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်လို လူဦးရေသန်း ၂၀၀ ကျော်ရှိနေသည့် ဈေးကွက်ထဲ မြန်မာ့ကုန်စည်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုထုတ်ကုန်များ ထိုင်ရာမထ ရောင်းခွင့်ရမည်။ ရောင်းတတ်ဖို့ပဲလိုသည်။ ထိပ်သီးဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရင်းနှီးမြှုပ်နှံရန် မြန်မာ့ရေခံမြေခံကောင်းမှုကို ဆက်ပြောကြားသည်။ မက္ကဆင်း ဂလိုဘယ် အင်စတီကျု၏ ခန့်မှန်းချက်အရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့စားသုံးသူဦးရေ၏ ထက်ဝက်ကျော်ရှိသည့် တစ်နေ့ဝင်ငွေ ၁၀ ဒေါ်လာအထက်ရှိသော ဦးရေပမာဏသည် မြန်မာနိုင်ငံက လေကြောင်းခရီးဖြင့် သွားလျှင် ငါးနာရီအတွင်းရောက်နိုင်သည့် နေရာဒေသများတွင် နေထိုင်ကြသည်ကို ခန့်မှန်းနိုင်၏။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၃ သန်းကျော်ရှိသည်။ ယင်း၏ထက်ဝက်ကျော်သည် အသက် ၃၀ အောက် လူငယ်များဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သင့်တင့်သော စားသုံးသူဈေးကွက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်အားဖြင့်လည်း အလုပ်လုပ်နိုင်သူ ပေါများသည်။ သို့ဖြစ်ရာ မြန်မာစားသုံးသူ ဈေးကွက်နှင့် လုပ်သားဈေးကွက်တို့သည် တစ်နေ့တခြားကြီးမားနေသည့်အတွက် နိုင်ငံတကာ ဈေးကွက်နှင့် ပူးပေါင်းချိတ်ဆက်ပြီး အကျိုးရှိရှိ အသုံးချနိုင်မည် ဟုပြောကြားသည်။ ထို့ပြင် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးမြေအများဆုံး ပိုင်ဆိုင်သဖြင့် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် သာလွန်သည့် အလားအလာများရှိပြီး သဘာဝသယံဇာတနှင့် သဘာဝဓာတ်ငွေ့လည်းကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ နိုင်ငံ၏တောင်ပိုင်းကမ်းခြေဒေသများသည် ကမ္ဘာ့အရေးပါဆုံး စီးပွားရေးစကြံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ၏အအောင်မြင်ဆုံးလည်းဖြစ်သည့် ထိုင်းအရှေ့ပိုင်းစီးပွားရေးစကြံလမ်းနှင့်ချိတ်ဆက် နေသည်။ ယင်းသည် ပထဝီဝင်အနေအထားအရ အားသာချက်တစ်ခုဖြစ်သည်။ ထို့ပြင် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့မှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာဒေသများသို့ ကူးသန်းရောင်းဝယ်မှု ခြေဆန့်နိုင်သည်။ ထို့ပြင်လည်း အရှေ့၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့ အပါအဝင် တရုတ်နိုင်ငံဈေးကွက်ကြီးသို့လည်း ကုန်ကူးသန်းသွားလာဖို့ လမ်းကြောင်းများ ဖော်နိုင်သည်။ မြန်မာနိုင်ငံမှတစ်ဆင့် ဆက်လက်ချိတ်ဆက် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးလျက်ရှိသည်ဟုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ ရေခံမြေခံ ကောင်းမှုကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံပါက ပထဝီဝင်အနေအထား အားသာချက်၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လုပ်အားခ သက်သာသည့် အားသာချက်နှင့် မြန်မာပြည်သူများ၏ ကြီးမားသည့်စွမ်းပကားအားသာချက်များ ရှိကြောင်းကိုလည်း ထည့်ပြောသွားပါသေးသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ နှစ်စဉ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ထည့်သွင်း ပြောကြားသွားခဲ့ပါသေးသည်။ အာဆီယံ +၃ Macroeconomic Research office က လတ်တလောပြုလုပ်သည့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုအလားအလာခန့်မှန်းချက်အရ မြန်မာ့စီးပွားရေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်မှန်းထားသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင် ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့၏။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကြေးဖောင်းပွနှုန်းကိုလည်း ငါးရာခိုင်နှုန်း အတွင်းရှိမည်ဖြစ်ပြီး ဆက်လက်တည်ငြိမ်နေမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်ကမူ အမြင့်ဆုံး ငွေကြေးဖောင်းပွမှု နှုန်း ၉ ဒသမ ၉၉ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ယင်းကဲ့သို့ အပေါင်းလက္ခဏာဆောင်လာသည့် မြန်မာနိုင်ငံ၏စီးပွားရေးအလားအလာ ခန့်မှန်းချက်များအပေါ် အကောင်းဘက်မှ ရှုမြင်ကြည့်မည်ဆိုပါက ဒေသတွင်းနှင့် မြန်မာနိုင်ငံအတွက် လက်ရှိအချိန် ကာလသည် ရည်မှန်းချက်မြင့်မြင့်ထားပြီး ရဲရဲဝံ့ဝံ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ရမည့် အချိန်ကာလဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အခြေအနေများကို နားလည်နိုင်ရန် မြန်မာနိုင်ငံတွင် လက်တွေ့ကျင့်သုံးနေသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအကြောင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့် ဖြေလျှော့ထားမှုများအကြောင်းကိုလည်း ဆက်လက် ဆွေးနွေးရှင်းပြထားပါသေးသည်။ ရှေ့တစ်ပတ်တွင် ဆက်လက်တင်ပြပါမည်။ **(ရှေ့တစ်ပတ်ဆက်ရန်)**

**စာရေးသူ၏ အာဘော်သာဖြစ်သည်။**



# ဖျာပုံမြို့နယ်တွင် နို့စားနွားမွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်း



ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖျာပုံခရိုင် မွေးမြူရေးနှင့် တိရစ္ဆာန်ကုသရေး ဦးစီးဌာနရုံးတွင် ဖေဖော်ဝါရီ ၁ ရက်က နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် ခရိုင်မွေး/ကုဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာကျော်မြင့်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမိုးမင်းသန်းနှင့် ဝန်ထမ်းများလိုက်ပါ၍ ဖျာပုံမြို့နယ် နို့စားနွားမွေးမြူရေး အစုအဖွဲ့ကို တွေ့ဆုံဖွဲ့စည်းခဲ့ကြောင်းသိရပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် ဒေါက်တာကျော်မြင့်က ဖျာပုံမြို့နယ်တွင် နို့စားနွားမွေးမြူသူ ၃၆ ဦးရှိပြီး အကောင်ရေအားဖြင့် ၁၂၃ ကောင်ရှိကြောင်း၊ မြစိမ်းရောင်(အသားကဏ္ဍ) နို့စားနွားမွေးမြူရေးအစုအဖွဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် ထပ်မံတိုးချဲ့မွေးမြူနိုင်ရေးအတွက် မွေးမြူသူ တစ်ဦးလျှင်ကျပ် ၁၀ သိန်းစီနှင့် တစ်ကျပ်အတိုးနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါကြောင်း၊ ချေးယူသူများအနေဖြင့် သုံးလတစ်ကြိမ် အတိုးပေးသွင်းရမည်ဖြစ်ပြီး တစ်နှစ်ပြည့်လျှင် အရင်း၏သုံးပုံတစ်ပုံပြန်သွင်းရမည်ဖြစ်ပါကြောင်း၊ သုံးနှစ်ပြည့်ပါက အရင်းအကြေ ပေးသွင်းနိုင်မည်ဖြစ်ကြောင်း မွေးမြူသူများအနေဖြင့် မေထုံမဲ့ သားစပ်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ဌာန၏ ရည်ရွယ်ချက်ဖြစ်သည့် အခြေခံပညာကျောင်းများရှိ ကလေးငယ်များ ကြီးထွားကြံ့ခိုင် ဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နွားနို့သောက်သုံးသည့် အလေ့အထကောင်းများ ရရှိစေရေးအတွက် နှစ်စဉ်တိုက်ကျွေးလျက်ရှိကြောင်း ပြောကြားပါသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာနမှမြို့နယ် တာဝန်ခံက ပြောကြားရာတွင် ပြည်တွင်းကုန်သွယ်မှု တည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ စွန့်ဦးတီထွင်ဆောင်ရွက်လိုသူများ တိုးချဲ့စည်းရုံးဖွဲ့စည်းပြီး (Private Public Partership)ကိုဌာနမှ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဒေသအတွင်း အသား၊ ငါး ထုတ်လုပ်မှု တိုးတက်စေရေးအတွက် ရေနက်ကွင်းများတွင် စပါး၊ ငါး၊ ကြက်၊ ဘဲ၊ ဝက်များ ပေါင်းစည်းလယ်ယာစနစ် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိ ကြောင်း၊ နွားနို့များဈေးကွက်အတွင်း ဖြန့်ဖြူးရာတွင် လတ်ဆတ်သန့်ရှင်းသော နွားနို့များဖြစ်ဖို့လိုပါကြောင်း စားသုံးသူများအနေဖြင့် အာဟာရပြည့်ဝသည့် နို့နှင့် နို့ထွက်ပစ္စည်းများအား စားသုံးခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိလာမှာဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် စုပေါင်း၍ ဆောင်ရွက်ခြင်းသည် အောင်မြင်နိုင်သည်ဖြစ်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အစုအဖွဲ့များ၊ အသင်းအဖွဲ့များ ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် နို့စားနွားမွေးမြူရေး အစုအဖွဲ့အားဖွဲ့စည်းရာ မွေးမြူသူ ၃၆ ဦးအနက် ဥက္ကဋ္ဌဦးမျိုးဝင်း၊ အတွင်းရေးမှူး ဦးမင်းဇော်နှင့် ကျန်ငါးဦးမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး စုစုပေါင်း အလုပ်အမှုဆောင် ခုနစ်ဦးအား ရွေးချယ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ရှမ်းမြောက်တွင် စမ်းသပ်စိုက်သည့် ပဲတီစိမ်းစိုက်ခင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်အတွင်းရှိ တောင်သူများမှာ ပဲပုပ်၊ မြေထောက်ပဲ၊ မြေပဲ၊ စားတော်ပဲများကိုသာ အဓိကစိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းကိုတော့ မိသားစုစားသုံးရန်အတွက်သာ အနည်းငယ်စိုက်ပျိုးကြကြောင်း သိရှိရပါသည်။ ယခုနှစ်မှာတော့ ပဲတီစိမ်းများကို စမ်းသပ် စိုက်ပျိုးလာကြကြောင်းသိရ၍ ပဲတီစိမ်းစိုက်ပျိုးသည့် ဘဟဲကျေးရွာအုပ်စု၊ ပွေးတူးကျေးရွာနယ်မြေအတွင်းရှိ တောင်သူဦးဝင်းလှိုင်၏ စိုက်ခင်းသို့ စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းလေ့လာခဲ့ကြောင်းသိရှိရပါသည်။

တောင်သူဦးဝင်းလှိုင်က စပါး၊ ပဲကြီး၊ ပဲပုပ်များ စိုက်ပျိုးခဲ့ပြီး ပဲပုပ်ရိတ်သိမ်းချိန်အပြီး ပဲတီစိမ်းများစိုက်ပျိုးခဲ့ကြောင်း သိရပါသည်။ ပဲတီစိမ်းခြောက်ဧက စိုက်ထားရာ သုံးဧကရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧက ၁၅ တင်းထွက်ရှိကြောင်း သိရှိရပါသည်။ တစ်ဧကကိုမျိုးခြောက်ပြည်စိုက်ပြီး၊ မျိုးများမှာ မန္တလေးပွဲရုံမှသုံးတင်းတစ် အိတ်ကို ကျပ် ၁၀၂၀၀၀ ပေးရကြောင်းနှင့် ယခုထွက်ရှိသောပဲတီစိမ်းများကို မန္တလေးမြို့မှ အောင်ပွင့်ပွဲရုံသို့ တင်ပို့ရောင်းချရာ သုံးတင်းတစ်အိတ်ကို ကျပ် ၁၂၀၀၀၀ ရရှိကြောင်း၊ ယခင်နှစ်ကသုံးတင်းတစ်အိတ်ကို ကျပ် ၉၈၀၀၀ သာရရှိကြောင်း သိရပါသည်။ ရိတ်သိမ်းချိန် အလုပ်သမားတစ်ဦးကို နေ့စား ကျပ် ၆၀၀၀ ပေးရပြီး ငါးဦးငှားထားကြောင်း၊ ခြွေလှေ့ပါက တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၂၅၀၀ ပေးရကြောင်းနှင့် နွားရှည်း၊ ထွန်စက်ရှိ၍ ဆီဖိုးသာကုန်ကျကြောင်း ပြောပြချက်အရ သိရှိရပါသည်။

ပဲတီစိမ်းများကို နည်းစနစ်မသိ၍ ကျဲ၊ ပက်စိုက်ပျိုးခဲ့ကြကြောင်း၊ ယခုလိုဌာနများမှ ကွင်းဆင်းဆောင်ရွက်ကာဂျာနယ်များ၊ လက်ကမ်းစာစောင်များ ပေးဝေပြီး အသိပညာများ ရှင်းလင်းပြောကြားခဲ့တဲ့အတွက် ဗဟုသုတရရှိပြီး ဝမ်းသာမိကြောင်း၊ နောင်ကိုလည်း နည်းပညာများလာရောက်ပြောကြားပေးပါရန် ပြောကြားခဲ့သည်။ စိုက်ပျိုးရေးဌာနမှလည်း မျိုးစေ့များ မှာယူပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပါက တစ်ပေခြားတန်း စိုက်လျှင် အထွက်နှုန်းပိုကောင်းမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ တောင်သူများကို ပဲတီစိမ်း စိုက်ပျိုးနည်းပညာများ စနစ်တကျရှင်းလင်းဆွေးနွေးပို့ချနိုင်ပါက တောင်သူများစိတ်အားထက်သန်ပြီး တိုးချဲ့ စိုက်ပျိုးနိုင်သောကြောင့် အထွက်နှုန်းကောင်း၍ ပြည်တွင်းကုန်သွယ်မှုလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခင်မာကြည်(မဘိမ်း)**

# ရန်ကုန်ကားဈေးကွက် ဂျပန်ညာမောင်းကားများသာ အဝယ်ရှိနေ

ရန်ကုန်မြို့ကားဈေးကွက်အတွင်း ယခုဖေဖော်ဝါရီလ ဆန်းပိုင်းအခြေအနေမှာ အရောင်းအဝယ်အကောင်းကြီး မဟုတ်သော်လည်း ဈေးကွက်အတွင်း လက်ရှိသုံးစွဲနေသော အင်ဂျင်ပါဝါနည်း ဂျပန်ညာမောင်းကားလေးများနှင့် လိုက်ထရပ်ကားလေးများ၊ စီအန်ဂျီသုံးတက္ကစီကားအချို့ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ကားအဝယ်သမားများ၊ ဝယ်လက်များစောင့်မျှော်နေသော ရန်ကုန်ကိုတာခွဲတမ်း YVQC မှာလည်း တစ်လပြီး တစ်လစောင့်ဆိုင်းလာရင်း သတင်းဆက်ရိုးသွားသလို ဖြစ်နေကာ လက်ရှိဈေးကွက်ထဲအသုံးပြုနေသော ဂျပန်ညာမောင်း ကားဟောင်းများနှင့် အင်ဂျင်ပါဝါ ၂. ၄ စီစီရှိ အလတ်တန်း ဝက်ဂွန်များ၊ ဖိုးဗီှလ်များ အနည်းငယ်အဝယ်ရှိလာကြောင်း သိရသည်။

သို့ရာတွင် ဝယ်ရောင်း အချင်းချင်း ဝယ်ရောင်းကောက်လုပ်ခြင်းနှင့် ဝယ်စီးရောင်းသမားများ အဖြတ်အနည်းငယ်နှင့် လက်လွှဲနေကြသည်များလည်းရှိကြောင်း၊ ယခင်နှစ်ကုန်ခန့်က အရောင်းသွက်ပြီး ကြိုတင်မှာကြားမှုလတ်မလည်သည့် ဂျပန်နိုင်ငံထုတ်ပြည်တွင်းတပ်ဆင်ကားများမှာ ယခုအခါတွင် တရုတ်၊ ကိုရီးယားနှင့် ဖက်စပ်ထုတ်ကားများ ထပ်မံဝင်ရောက်ရန်ရှိသဖြင့် ကားဘရန်းနယူးဝယ်လိုသူအများစုမှာ ဈေးကွက်ထပ်စောင့်ကြည့်နေကြသည့် သဘောတွေ့ရကြောင်း လှိုင်သာယာမြို့နယ်မှ ဝယ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

ကားလေးများထဲတွင် မြို့တွင်း/မြို့ပြင်သုံး လူကြိုက်များသည့် ဟွန်ဒါဖစ်မှစ၍ ဟွန်ဒါဖစ် ရှပ်တဲလ် ကဲ့သို့ဈေးတန်း ကျပ်သိန်း ၂၅၀ ဝန်းကျင် မော်ဒယ်လ်မြင့်ကားများ အက္ခရာနိမ့် ပရိုဘောက်၊ ဝင်းဂုဒ်၊ ဒီမီယို စသည့်ကားများ၊ ဈေးတန်း ကျပ်သိန်း ၂၅၀ ဝန်းကျင် ဗှစ်၊ ၃၀၀ တန်းနှင့်အထက် ကလူဂျာ၊ ဟာရီယာ၊ ၄၀၀ တန်းအထက် ဗင်းဂတ် တိုယိုတာ၊ အာလ်ဖတ်အပါအဝင် ဇိမ်ခံကားလတ်များလည်း နယ်ဝယ်လက်များအပေးများကာ ပုံမှန်ကြီးမဟုတ်သော်လည်း အရောင်းအဝယ်အဖြစ်များကြောင်း သိရသည်။

လတ်တလောတွင် စလစ်ကပ် အသစ်သွင်းကားများ မရှိသလောက် ရှားနေပြီး စလစ်ဈေးတန်းမှာ ၁၃၀ ကျပ်သိန်း ဝန်းကျင်မှ ကျဆင်းခြင်းမရှိဘဲ အရောင်းစင်တာများ လက်ကျန်ကွန်ဆိုင်းမင့်န် ကားအချို့မှာလည်းအမေးနည်း၊ အဝယ်နည်းလျက်ရှိနေကြောင်း၊ လက်ရှိသတ်မှတ်မူဝါဒအရ လုပ်ငန်းသုံးလိုက်ထရပ် ကားအချို့မှာမော်ဒယ်မြင့် ဘယ်မောင်းကားသာသွင်းခွင့်ရသည့်အတွက် ဈေးကွက်အတွင်းရှိ ရင်းသုံးစွဲပြီး ဂျပန်ညာမောင်းလိုက်ထရပ်ကားအချို့ ဈေးမာနေကြောင်း



## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆူဇူကီး/ဆွဖ် (၂၀၁၁) | M | ၁၇၃ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | မတ်(ခ်)အိပ်(စ်) (၂၀၁၁) | ယာယီ | ၆၅၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | မတ်(ခ်)တူး (၉၉) | F | ၁၅၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | နီဆန်း/နုတ် (၂၀၁၄) | ယာယီ | ၂၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ကလူဂျာ (၂၀၀၆) | M | ၃၉၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန်၊ ခုံ ၃တန်း |
| ၆။ | နီဆန်းဂျူကီ (၂၀၁၀) | L | ၃၃၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | စီအာဗီ (၂၀၁၂) | K | ၅၅၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဗင်းဂတ် (၂၀၁၁) | ယာယီ | ၆၅၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဒီမီယို (၂၀၁၄) | P | ၂၅၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |




## တောင်သူအကျိုးပြု စပါးပင်စိုက်စက်၊ လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာ အရောင်းမြှင့်တင်ရေး သရုပ်ပြအခမ်းအနားကျင်းပ

မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာ၊ မအူပင်-ရေလဲကားလမ်းမဘေးရှိဦးကျော်စွာလယ်ကွက်တွင် ကူဘိုတာဂျီပီအက်(စ်)ကုမ္ပဏီလီမိတက်နှင့် ကူဘိုတာမြန်မာကုမ္ပဏီတို့ပူးပေါင်းကျင်းပသည့် တောင်သူအကျိုးပြုကူဘိုတာစပါးပင်စိုက်စက်၊ လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာအရောင်းမြှင့်တင်ရေး သရုပ်ပြအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင် ဦးစီးမှူး ဦးဇော်မင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများသာမကတောင်သူ ၇၅ ဦးခန့်တက်ရောက်ခဲ့ပါသည်။

ကူဘိုတာမြန်မာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကကုမ္ပဏီအကြောင်း၊ စပါးပင်စိုက်စက်၏ အားသာချက်များ၊ လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ပစ္စည်းများအကြောင်းကို အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ၊ ပြည်တွင်းကုန်သွယ်ရေး ကဏ္ဍ၊ တောင်သူများအကျိုးအမြတ်ရရှိရေးနှင့် သီးနှံအရည်အသွေးမြင့်မားလာရေးတို့ကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး ကူဘိုတာစပါးပင်စိုက်စက်ကို ဦးကျော်စွာ၏လယ်ကွက်တွင် မောင်းနှင်ပြသခြင်းကိုသရုပ်ပြ စိုက်ပျိုးပြသခဲ့ကြောင်း သိရှိရပါသည်။

**CONSUMER - MT**

## "CLMC Support Program: Export Capacity Building in Myanmar in FY 2019"

## အလုပ်ရုံဆွေးနွေးပွဲများ တောင်ကြီးနှင့် ဘားအံတွင် ကျင်းပ



အထည်အလိပ်နှင့် လက်မှုထည်လုပ်ငန်းရှင်များအတွက် ဒီဇိုင်းပိုင်း၊ တီထွင်ဖန်တီးမှုအပိုင်းနှင့် ပြည်ပသို့ ပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အကြံဉာဏ်နှင့် နည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဒေသနေပြည်သူများအတွက် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုခြင်း ရည်ရွယ်ချက်များဖြင့် "CLMC Support Program: Export Capacity Building in Myanmar in FY 2019" အလုပ်ရုံ ဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ဂျပန်စင်တာ (AJC) တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ Royal Taunggyi Hotel တွင် ဖေဖော်ဝါရီ ၄ ရက်နေ့ နံနက် ၉ နာရီမှ ညနေပိုင်း ၄ နာရီအထိလည်းကောင်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကန်သာဦးခန်းမ၌ ဖေဖော်ဝါရီ ၈ ရက်နေ့ နံနက် ၉ နာရီမှ ညနေပိုင်း ၄ နာရီအထိလည်းကောင်း အသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။ တောင်ကြီးမြို့ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုးညွန့်လွင်မှလည်းကောင်း၊ ဘားအံအလုပ်ရုံဆွေးနွေးပွဲတွင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးလှိုင်ကလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါကလည်းကောင်း၊ အာဆီယံ-ဂျပန်စင်တာ (AJC) အဖွဲ့ ဒါရိုက်တာ Mr. Douangmala Vathouniyom မှလည်းကောင်း အသီးအသီး အမှာစကားပြောကြားခဲ့ပြီး Mr. Noriko Okuma မှ အဆင့်မြင့်ပြီး ဈေးကွက်ရရှိနိုင်သည့် ကုန်ပစ္စည်းအရည်အသွေးပိုင်း ဆိုင်ရာ ဆောင်ရွက်ပုံ အဆင့်ဆင့်အား နာမူနာပစ္စည်းများဖြင့် လည်းကောင်း၊ Mr. Zarny Htoo Htoo Shibuya က ဒီဇိုင်းပိုင်း တီထွင်ဖန်တီးမှုအပိုင်းများ အား နမူနာပစ္စည်းများဖြင့်လည်းကောင်း၊ Power Point များဖြင့် တင်ပြပြီး၊ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများအနက် တောင်ကြီးအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်ဌာနဆိုင်ရာများ၊ အင်းလေးဒေသမှ ရက်ကန်းလုပ်ငန်းရှင်များ၊ တောင်ကြီးမြို့မှ ရက်ကန်းလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ၊ စုစုပေါင်း ၁၀၀ ဦးတက်ရောက်ခဲ့ပြီး၊ ဘားအံ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ၊ စုစုပေါင်း ၁၂၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **MTC(Yangon)**

## ခရစ်ယာန်မိတ်သဟာရ ဘုရားကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပမှု

စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ခေတ္တပြည်နယ်မှူး ဦးသောင်းကြိုင်ကြီးမှူး၍ စားသုံးသူအသိပညာပေး ဟောပြောပွဲကို ချင်းပြည်နယ် ဟားခါးမြို့ ခရစ်ယာန်မိသဟာရ ဘုရားကျောင်းတွင် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် ချင်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ် ဦးစီးမှူးမှ စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူ အခွင့်အရေးနှင့် တာဝန်၊ စီးပွားရေး လုပ်ငန်းရှင်၏အခွင့်အရေးနှင့်တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်တို့ကိုလည်းကောင်း၊ ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေမှုကိုလည်းကောင်း အသေးစိတ် ဟောပြော ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် စားသုံးသူ အကာအကွယ်ပေးရေး လက်ရှိ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သက်တမ်းလွန် အစားအစာများ၊ မှတ်ပုံ တင်ထားခြင်းမရှိသော ဆေးဝါးများ သိရှိပြီး ရွေးချယ်စားသောက်ရန်နှင့် ဝန်ဆောင်မှုနှင့်ပတ်သက်သည့် အချက်များကိုလည်း ရှင်းလင်း ဟောပြောခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် တက်ရောက်သူလူဦးရေ စုစုပေါင်း ၅၀၀ ဦး တက်ရောက်ခဲ့ကြပါသည်။

**ရှိန်းဂေလိန်း**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၁-၂-၂၀၁၉ မှ ၁၇-၂-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**

**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းခွင်အသိုင်းအဝိုင်းနှင့်ပြေလည်မှုမရှိဖြစ်တတ်သည်။ စီးပွားရေး လုပ်ငန်း များတွင် ဆန်၊ စပါး၊ ကြံများနှင့်ပတ်သက်၍ဖြစ်ထွန်းမှုအားကောင်းလိမ့်မည်။ ပညာရေးသင့်တင့်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မကောင်းမှုဒုစရိုက်များဖုံးလွှမ်းတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အကြိတ်အဖု၊ အရေပြားရောဂါတို့ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။တိရစ္ဆာန်များကို အစာရေစာအဝကျွေးပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးနှင့်အုပ်ချုပ်မှုပိုင်းဆိုင်ရာ ထင်ရှားကျော်စောလိမ့်မည်။ ဥယျာဉ်ထွက်သီးနှံများဖြစ်ထွန်းပြီး ဝင်ငွေများရရှိမည်ဖြစ်ပါသည်။ ပညာရေးသင့်တင့်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး ပဋိပက္ခဖြစ်နိုင်သည်။ ကျန်းမာရေးအနေဖြင့် အဆုတ်ပွသောဝေဒနာ ခံစားရ တတ်သည်ကို သတိပြုသင့်ပါသည်။ **ယတြာ။ ။ရွှေကြည်ဆန္ဒင်းမကင်းဆွမ်းကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော အခွံမာသစ်သီးများ၊ ဂျုံ၊ စပါး၊ ငရုတ်သီး၊ ပြောင်းဆန်များ ဈေးကောင်းရလိမ့်မည်။ စီးပွားဖြစ်ထွန်းနိုင်သည့်ကာလဖြစ်သည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေမည်။ သားသမီး၊ အခြွေအရံများနှင့်ပျော်ရွှင်မှုများရရှိနေမည်။ ကျန်းမာရေးတွင် ခွဲစိတ်ကုသမှုခံယူရတတ်သည့် သဘောရှိနေတတ်ပါသည်။

**ယတြာ။ ။ စာကလေးများ ဆန်ကျွေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာလုပ်ငန်း၊ စားသုံးကုန်ပစ္စည်းများနှင့်ပတ်သက်သော တီထွင်လုပ်ကိုင်သည့် လုပ်ငန်းများ အကျိုးဖြစ်ထွန်းလိမ့်မည်။ ဝင်ငွေအားကောင်းလာလိမ့်မည်။ တီးမှုတ်ကာပျော်ရွှင်ကခုန်သီဆိုမည့် ဧည့်ခံပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းလိမ့်မည်။ ပညာရေးသင့်တင့်နေမည်။ အိမ်ထောင်ရေး၊ အချစ်ရေးကံကောင်းမည်။ ကျန်းမာရေးတွင် သွေးနှင့်ပတ်သက်သော ဝေဒနာခံစားရမည်။ **ယတြာ။ ။ ဘုရားတွင်နှင်းသီးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရတနာပစ္စည်းများ၊ ရတနာတွင်းများမှ အောင်မြင်မှုများရရှိပြီး ဥစ္စာစီးပွားဖြစ်ထွန်းမည့်ကာလဖြစ်နေတတ်ပါသည်။ ရွှေ ကျောက်မျက်ရတနာများ ကံကောင်းလိမ့်မည်။ ဉာဏ်ရည်ပြည့်ဖြိုးမှုရှိခြင်းကြောင့် ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာမှုရှိမည်။ ကျန်းမာရေးအနေဖြင့် လေးဘက်နာဖြစ်ခြင်း၊ အဆစ်ရောင်ကိုက်ခဲခြင်း ဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။

**ယတြာ။ ။ဘုရားမှာ ရွှေသက်န်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရတတ်သည်။ သတ္တုတွင်းတူးဖော်သောလုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် စီးပွားဖြစ်ထွန်းမှုအားကောင်းနေပါလိမ့်မည်။ ပညာရေးတွင် ကြိုးစားအားထုတ်ရလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေမည်။ ကျန်းမာရေးတွင် အဆီတက်သောရောဂါ၊ သွေးတိုး၊ ဆီးချိုဝေဒနာခံစားရမှုရှိတတ်ပါသည်။

**ယတြာ။ ။သဲလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ဓာတ်ငွေ့နှင့်ပတ်သက်သောပစ္စည်းများ၊ ရေနံနှင့်ပတ်သက်သော ပစ္စည်းများ အကျိုးဖြစ်ထွန်းမှုရှိနေပါသည်။ ဉာဏ်ရည်ကောင်းနေသည့်အတွက် ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အကြော၊ အာရုံကြောဝေဒနာခံစားရမှုရှိနေမည်။ **ယတြာ။ ။ယပ်လှူပါ။**

# မြန်မာ့ရိုးရာ ထမင်းမြိန်စရာ ငါးပိနှင့် တို့စရာ

**[ အေးအေးကြူ (ကျေးလက်ဦးစီး) ]**

နိုင်ငံတိုင်း၊ ဒေသတိုင်းတွင် ဒေသထွက်ကုန် တစ်မျိုးစီရှိကြပါသည်။ ဒေသထွက်ကုန်တွေကို လူသိပြီး ရောင်းအားကောင်းစေဖို့အတွက် ထုတ်ကုန်အုပ်စုအလိုက် အမျိုးအစားတွေကို ခွဲခြားထားပါသည်။ အစားအသောက်နှင့် အဖျော်ယမကာများ၊ အထည်အလိပ်နှင့် အဝတ်အစားများ၊ လက်ရက်ထည်များ၊ အနုပညာပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများ၊ အိမ်ခန်းအလှဆင်ပစ္စည်းများနှင့် ပရဆေးများစသည်တို့ ပါဝင်ပါသည်။ ထိုပစ္စည်းများကိုဒေသထွက်ကုန်ကြမ်းနှင့်သာ အသုံးပြုကြပြီး မိမိတို့ဒေသမိမိတို့ရွာများတွင်သာ အများဆုံးအသုံးများကြပါသည်။ များသောအားဖြင့် ကျေးလက် ဒေသတစ်ခုမှ ထုတ်လုပ်သည့် ပစ္စည်းများမှာ ထိုဒေသတွင် နေထိုင်သူများ၏ စိတ်ကူးဉာဏ်ရှိသလောက် ထုတ်လုပ်ကြပြီး ဒေသအလိုက် ထုတ်ကုန်တိုင်းမှာထိုဒေသ၏ လူနေမှုဘဝကို ထင်ဟပ်စေမယ့် ပုံသဏ္ဌာန်မျိုးစုံ ပုံဖော်ထားကြသော်လည်းအကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်ရန်အတွက် အချို့ထုတ်ကုန်များတွင် နည်းပညာပံ့ပိုးမှု များ လိုအပ်လျက်ရှိပါသည်။

မိမိတို့၏ ကိုယ်ကာယ၊ ဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နေ့စဉ်အာဟာရကိုသုံးဆောင်ကြရပါသည်။ နေ့စဉ်အာဟာရအဖြစ် ထမင်းနှင့် ဟင်းကိုစားသုံးရာတွင် မြန်မာ့ထမင်းဝိုင်းများတွင် မပါမဖြစ် ထမင်းမြိန်စရာကတော့ ငါးပိရည် (သို့မဟုတ်) ငါးပိထောင်း နှင့် တို့စရာအစုံပဲ ဖြစ်ပါသည်။ တစ်ခါတစ်ရံနေမကောင်း၍ နေကောင်းခါစတွင် ထမင်းစားမကောင်းဖြစ်တတ်တဲ့အခါ ငါးပိထောင်းနှင့် တို့စရာ အစုံလေး ထမင်းသုံးဆောင်ပါက ခံတွင်းတွေ့၍ ထမင်းစားကောင်း၏။ မြန်မာစကားပုံတွင် "ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း" (The dish which savours is the best one. The Person who endears is the relative)ဆို ရိုးရှိပေသည်။ အသားဟင်း (ကြက်သား၊ ဝက်သား၊ အမဲသား) ပါမှ ဟင်းကောင်းမဟုတ်ပါ။ ငါးပိနှင့် တို့စရာနှင့် ထမင်းမြိန်မြိန် စားကောင်းလျှင် ဟင်းကောင်းတစ်ခွက်လိုပင် မှတ်ယူနိုင် သည်။ စာရေးသူငယ်စဉ်က အညာဒေသရှိ အဖွားထံသွားလည်သောအခါ နံနက်စာကို လယ်တောထဲမဆင်းမီ ထမင်းပူပူလေးနှင့် ငါးပိထောင်း၊ ဂျင်းပဲကြော်နှင့် စားရသည်ကို ယခုအချိန်အထိ အမှတ်ရနေလျက်ပင်ရှိပါသည်။

ထမင်းမြိန်စရာငါးပိထွက်ရှိသည့် ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ နောက်မီးကျေးရွာအုပ်စု၊ နောက်မီးကျေးရွာသို့ စာရေးသူ ရောက်ရှိစဉ် ကျေးရွာ၏ အဓိက ထွက်ကုန်ဖြစ်သော စိမ်းဆားငါးပိပြုလုပ်ပုံအဆင့်ဆင့်အား လေ့လာခဲ့ရပါသည်။

**ငါးပိစိမ်းစားပြုလုပ်ပုံအဆင့်ဆင့်**

ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ နောက်မီးကျေးရွာအုပ်စု၊ နောက် မီးကျေးရွာတွင် ငါးပိလုပ်ငန်းကိုအဓိကထား အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ ငါးပိပြုလုပ်ပုံအဆင့်ဆင့်အား နောက်မီးကျေးရွာ အုပ်ချုပ်ရေးမှူးဦးရင်စိန်ထံမှ သိရှိခဲ့ရသည်မှာ 'မျှင်ကောင် (ရခိုင်ဒေသအခေါ် အဝေါ်မှာ ကွေးမျှဉ်) လေးများကို သင့်တင့်သည့် ဆားဖြင့်နယ်၍ လက်ဆုံနှင့် ခါးချိုအောင် ထောင်းရပြီး ပီနံအိတ်သန့်သန့်ဖြင့် တစ်ည (သို့) နှစ်ညသိပ်ရပါသည်။ နှစ်ညလောက်သိပ်ပြီးရင် သန့်ပြန့်သည့်အခင်းဖြင့် တစ်နေ့ နေလှန်း ရပါသည်။ နေလှန်းပြီးလက်ဆုံနှင့် ပြန်ထောင်းရပါသည်။ ယင်းကို ဆုံပြန်တယ်လို့ခေါ် ပါသည်။ ပြီးမှသုံးရက် (သို့)လေးရက်ကို ပီနံအိတ်သန့်သန့်နဲ့ ပြန်နှပ်ရပါသည်။ နှပ်တဲ့အချိန်မှ စီးကျလာတဲ့အရည်က ငံပြာရည်ချိုချိုမွှေးမွှေးကို ရရှိပါသည်။ သုံးရက် (သို့) လေးရက်ကြာတဲ့အခါ အခင်းသန့်သန့်နဲ့ ထပ်မံ နေလှန်းရပါသည်။ တစ်ရက်နေလှန်းပြီးလက်ဆုံနဲ့ ထောင်းရပါသည်။ ဒီလိုထောင်းတာကို အညက်ထောင်းတာလို့ ခေါ်ပါသည်။ တတိယအကြိမ်အညက် ထောင်းပြီးကာမှ စိမ်းစားငါးပိကို ရရှိတယ်လို့ သိရပါသည်။

အနည်းဆုံး(၁၀)ရက်နီးပါးကြာမှ ရရှိနိုင်တဲ့ မြန်မာ့ရိုးရာ ထမင်းမြိန်စရာငါးပိစိမ်းစားလုပ်ငန်းကို ဖျာပုံခရိုင် ဖျာပုံမြို့နယ်၊ နောက်မီးကျေးရွာမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း နည်းပညာများရရှိပါက ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါကြောင်း ဒေသခံများမှာလည်း ဆန်းသစ်တီထွင် စွန့်စားလုပ်ကိုင်လိုစိတ်များ ရှိနေကြောင်း ကြားသိခဲ့ရသဖြင့် ဒေသခံပြည်သူ၊ နည်းပညာ၊ အရင်းအနှီးများဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက သေးငယ်သောလုပ်ငန်းပင် ဖြစ်လင့်ကစားပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ပြီး တစ်ဦးချင်းဝင်ငွေလည်း ပိုမိုတိုးတက်လာနိုင်ပါကြောင်း စာရေးသူ၏ အတွေးတစကို မျှဝေလိုက်ပါသည်။

**စာမျက်နှာ (၂၀) ကိုယ်ကျိုးစီးပွားကာကွယ်ရေး . . . မှအဆက်**

စာမျက်နှာ (၂၀) ကိုယ်ကျိုးစီးပွားကာကွယ်ရေး . . . မှအဆက်

အခဲ များစွာ ကြုံတွေ့လျက်ရှိနေသည်။ ကမ္ဘာ့ဈေးကွက်အကြိုက် ပို့ကုန်ပစ္စည်းများကိုသာ အရည်အသွေးပြည့်မီစွာဖြင့် တင်ပို့ခြင်းသည်သာလျှင်ပို့ကုန်ဦးဆောင်သော စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာရောက်ပေမည်။

တစ်ခါက စိုက်ပျိုးရေးပညာရှင်တစ်ယောက်နှင့်ခရီးတစ်ခုကို အတူသွားဖြစ်သည်။ သူပြောဆိုခဲ့မှုများစွာထဲမှ ကျွန်တော်အမှတ်ရ ဆုံးစကားကတော့ ကမ္ဘာ့ရိက္ခာကွင်းဆက်သည် အာရှတိုက်ဖြစ်ပါ သတဲ့။ အာရှတိုက်မှ ထွက်ရှိသောရိက္ခာကိုအမှီပြု၍ စက်မှုလုပ်ငန်းများကို အခြားတိုက်များက ဆောင်ရွက်ရသတဲ့။ စိတ်ချလက်ချ စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့ အာရှတိုက်ကြီး၏ သဘာဝအရင်းအမြစ်များ မဆုံးရှုံးစေဖို့၊ ဓာတုကင်းလွတ်ရိက္ခာများ ထုတ်လုပ်စေဖို့အတွက် ဆောင်ရွက်ပေးနေကြတာတဲ့ တစ်နည်းအားဖြင့် တစ်ကမ္ဘာလုံး၏ ရိက္ခာဂိုဒေါင်သည် အာရှတိုက်ဖြစ်ကြောင်း သူဖြတ်သန်းခဲ့သော အတွေ့အကြုံများ၊ သွားရောက်ခဲ့ဖူးသောခရီးစဉ်များ၊ ဖတ်ရှုခဲ့သော စာအုပ်များမှ ဝေဝေဆာဆာပြောပြခဲ့သည်မှာ ကျွန်တော့်အတွက် ဗဟုသုတများစွာ ရရှိခဲ့သည်။ မြန်မာနိုင်ငံသည်လည်း ခနအင်အားနည်းပါး၍ စီးပွားရေးအင်အားကြီးမားသူများ၏ ချယ်လှယ်အနိုင်ကျင့်မှုများကို မကြာခဏ ခံစားနေရသည်။ မကြာမီက မြန်မာပြည်မှ ထွက်သမျှပဲမျိုးစုံကို ပုံမှန် တင်သွင်းခဲ့သောနိုင်ငံကြီးတစ်နိုင်ငံသည် ၎င်းနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်ရန် ပဲဝယ်မှုကိုကန့်သတ်ခဲ့သဖြင့် မြန်မာနိုင်ငံရှိ ပဲစိုက်လယ်သမားများ၊ ပဲကုန်သည်များ အထိနာခဲ့ရသည်။ ဆုံးရှုံးခဲ့ရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၏ ကြားဝင်စေ့စပ်ညှိ နှိုင်းပေးမှုကြောင့် အထိုက်အလျောက် လျော့ပါးသက်သာခဲ့ရသည်။ ဤသည်ကို သင်ခန်းစာရယူ၍ လိုအပ်သော နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော သီးနှံများကိုပြောင်းလဲပြင်ဆင်စိုက်ပျိုးကြရန် ပညာပေးစည်းရုံး ဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံတော်အကြီးအကဲတစ်ဦးမှလည်း ပြောကြားခဲ့ဖူးသည်။ ကျွန်တော်တို့နိုင်ငံသည် ဆင်းရဲ ၍ ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများသို့ ရန်ပုံငွေထည့်ဝင်မှု နည်းပါးသဖြင့် အဆုံးအဖြတ်ပြုနိုင်သော အာဏာ ရရှိမှုလည်း နည်းပါးခဲ့သည်ဟု ပြောခဲ့ပါသည်။

သို့ဖြစ်ပါ၍ အင်အားကြီးနိုင်ငံကြီးများ၏ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးအတွက် ပြိုင်ဆိုင်လျက်ရှိသော ကုန်သွယ်ရေးစစ်ပွဲအသွင် အားပြိုင်နေမှုများအောက်တွင် တစ်ခါတစ်ရံ မြေစာပင်ပမာ ဖြစ်ကြရသော နိုင်ငံငယ်လေးများ ဆုံးရှုံးမှုတွေကင်းဝေးပါစေ။ လုပ်ငန်းရှင်များ၏ ထိခိုက်နစ်နာဆုံးရှုံးမှုများအား ကာကွယ်ပေးနိုင်ပါစေ။ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သော စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ပါစေ။ ရေရှည်အကျိုးပျက်စီးစေသည့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုကိစ္စများ တဖြည်းဖြည်းနည်းပါးကွယ်ပျောက်သွားပါစေဟုသာ မျှော်လင့်မိပါသည်။



စင်ကာပူနိုင်ငံရှိ ဟိုတယ် ၄ လုံးမှ အရောင်းဝန်ထမ်းကိုယ်စားလှယ်များသည် စီးပွားရေးအရ အရေးကြီးသော ကိန်းဂဏန်းအချက်အလက်နှင့် သတင်းအချက်အလက်များကို ဖလှယ်ခဲ့ကြကြောင်း၊ အဆိုပါ အချက်အလက်များသည် ၎င်းတို့၏ ကုမ္ပဏီဖောက်သည်များ၏ တစ်နှစ်ကျော်ကာလနှင့် သက်ဆိုင်သည့် အချက်အလက်များဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖလှယ်သည့်လုပ်ဆောင်ချက်က ဟိုတယ်လုပ်ငန်းစုအတွင်း ယှဉ်ပြိုင်မှုကို အကြီးအကျယ် ထိခိုက်စေကြောင်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စင်ကာပူယှဉ်ပြိုင်မှုနှင့် စားသုံးသူ ကော်မရှင် (Competiton and Consumer Commission of Singapore-CCCS) က ပြောကြားခဲ့ပါသည်။

အဆိုပါလုပ်ရပ်သည် ယှဉ်ပြိုင်မှုဥပဒေကို ချိုးဖောက်ရာရောက်သောကြောင့် ဟိုတယ် ၄ လုံးအပေါ် စုစုပေါင်းဒဏ်ငွေ စင်ကာပူဒေါ်လာ တစ်ဒသမ ၅ သန်းကျော် ပေးဆောင်စေခဲ့ကြောင်း CCCS က ပြောကြားပါသည်။ သတင်းအချက်အလက်ဖလှယ်ပြီး ဥပဒေချိုးဖောက်ခဲ့သော ဟိုတယ် ၄ လုံးမှာ Capri by Fraser Changi City၊ Village Hotel Changi ၊ Village Hotel Katang နှင့် Crowne Plaza Changi Airport Hotel တို့ဖြစ်ကြသည်။ အရေးကြီးသတင်းအချက်အလက်များပေါက်ကြားခြင်းနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးရာတွင် ပထမအဆင့်အနေဖြင့် အဆိုပါဟိုတယ် ၄ လုံးသည် အပြန်အလှန်သတင်းမျှဝေခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အခြား ဟိုတယ်အလုံး ၃၀ ကျော်သို့ သတင်းအချက်အလက်များ မျှဝေခဲ့ကြောင်း CCCS အမှုဆောင်အရာရှိချုပ်က ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် မီဒီယာများသို့ ပြောကြားခဲ့သည်။

ထို့အပြင် နောက်ပိုင်းတွင် ဤကိစ္စနှင့် ပတ်သက်၍ ဟိုတယ်ဝန်ထမ်းများ၏ အပြန်အလှန်ပြောဆိုမှုများကိုလည်း ယှဉ်ပြိုင်မှုစောင့်ကြည့်ရေးအဖွဲ့ (Competition Watchdog) က တွေ့ရှိခဲ့ပါကြောင်း အလုပ်အမှုဆောင် အရာရှိချုပ်က ထပ်လောင်းပြောကြားသည်။ အဆိုပါ ဟိုတယ်များကို အသေးစိတ် လေ့လာစောင့်ကြည့်စုံစမ်းမှုများပြုလုပ်ခဲ့ရာတွင် ၎င်းတို့၏ လုပ်ဆောင်ချက်များသည် ယှဉ်ပြိုင်မှုအက်ဥပဒေ၏ ပုဒ်မ ၃၄ ကို ချိုးဖောက်ရာရောက်ကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ ဇွန်လအတွင်း အဆိုပါဟိုတယ်များကို ရှောင်တခင်ဝင်ရောက် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့သော စုံစမ်းစစ်ဆေးမှုများမှတစ်ဆင့် CCCS သည် ကိုယ်စားလှယ်များ၏ သတင်းအချက်အလက်ဖလှယ်မှုကို တွေ့ရှိခဲ့ရသည်။ စီးပွားရေးဆိုင်ရာ လျှို့ဝှက်သတင်းအချက်အလက်များကို ဖလှယ်ကြခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဈေးကွက်ကို စုပေါင်းချုပ်ကိုင်လွှမ်းမိုးလိုခြင်းဖြစ်သည်။ ထို့ပြင် စာချုပ်ချုပ်ဆို ဆွေးနွေးညှိနှိုင်းထားသော ၎င်းတို့၏ ဖောက်သည်များအပေါ် အသာစီးရယူပြီး အကျိုးအမြတ်ပိုမိုရရှိအောင် ဖန်တီးလိုခြင်းဖြစ်သည်။

ဟိုတယ်လုပ်ငန်းစုတွင် အသုံးများသော နည်းလမ်းမှာ ကုမ္ပဏီများ (Corporate Clients) သည် အခန်းခ သက်သာသောနှုန်းထားများ (Preferential rates) ရရှိခံစားတည်းခိုနိုင်ရေးအတွက် ဦးစားပေး ရွေးချယ်ထားသော ဟိုတယ်စာရင်း (List of preferred hotels) ထားရှိကြခြင်း ဖြစ်ပါသည်။ အဆိုပါစာရင်းကို ပြုစုအတည်ပြုပြီး တစ်နှစ်စာသို့မဟုတ် သတ်မှတ်ထားသောကာလအတွက် သက်ဆိုင်ရာ ကုမ္ပဏီနှင့် ဟိုတယ်များကြား စာချုပ်ချုပ် ဆိုထားကြပါသည်။ ဟိုတယ်များသည် ၎င်းတို့၏ ဟိုတယ်အလုပ်ဖြစ် အမြတ်ရရှိရေးအတွက် Preferred Hotels List တွင် ပါဝင်နိုင်ရေး ယှဉ်ပြိုင်ကြပါသည်။ Preferred hotels List တွင် ပါဝင်ခွင့်ရရှိပြီးနောက် စာချုပ် သက်တမ်း တစ်လျှောက်လုံးအတွက် ဟိုတယ်အခန်းများ ကြိုတင်ငှားရမ်းခွင့်ရရန် ဆက်လက်ပြိုင်ဆိုင်ကြပါသည်။ ဤကဲ့သို့သော ပြိုင်ဆိုင်မှုသည် ဥပဒေနှင့်ညီညွတ်ပြီး တရားမျှတသော ပြိုင်ဆိုင်မှုဖြစ်သည်။

**သိန်းမြင့်ဝေ**

သို့သော်လည်း အထက်ပါ ဟိုတယ် ၄ လုံးမှ အရောင်းကိုယ်စားလှယ်များသည် ၎င်းတို့၏ အကျိုးအမြတ် ပိုမိုရရှိရေးအတွက် သတင်းအချက်အလက်များကို လဲလှယ်ခဲ့ကြသည်။ အထူးသဖြင့် အဆိုပါ ကုမ္ပဏီများ (Corporate clients) နှင့် ဆွေးနွေးညှိနှိုင်းသောအခါ ပိုမိုကောင်းမွန်သောနေရာ (Beneficial position) ရရှိရေးအတွက် လျှို့ဝှက်ကိန်းဂဏန်းများကို ဖလှယ်ခဲ့ကြသည်။ ဥပမာအားဖြင့် Capri ဟိုတယ်နှင့် Village ဟိုတယ်မှ အရောင်း ကိုယ်စားလှယ်များသည် Standard Chartered Bank (SCB) ဘဏ်၏ ဖောက်သည်များကြားတွင် ရှိသော စာချုပ် ပြန်လည်ဆွေးနွေးညှိနှိုင်းမှု အသေးစိတ်အချက်အလက်များ (Contract renegotiation details) ကို မျှဝေခဲ့ကြသည်ဟု CCCS က သတင်းထုတ်ပြန်ထားသည်။

ယှဉ်ပြိုင်မှုစောင့်ကြည့်ရေးအဖွဲ့သည် Village ဟိုတယ်နှင့် Capri ဟိုတယ် အရောင်းကိုယ်စားလှယ်များကြား အပြန်အလှန်ပြောကြားထားသည့် WhatsApp Chat Log ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ခြေရာခံတွေ့ရှိပြီးဖြစ်သည်။ WhatsApp ဆိုသည်မှာ သတင်းအချက်အလက်နှင့် စာတိုများကို မြန်ဆန်စွာ လက်ခံ ပေးပို့ပြောကြားနိုင်သော အခမဲ့ Download ရယူနိုင်သည့် Application Software ဖြစ်ပါသည်။ Village ဟိုတယ် ကိုယ်စားလှယ်က Capri ဟိုတယ်ကိုယ်စားလှယ်ထံသို့ "SCB ဘဏ်နဲ့ လူကြီးမင်းတို့ရဲ့ ဟိုတယ်ကြား ပြန်လည် ဆွေးနွေးညှိနှိုင်းထားတဲ့ Offered rate ကို သိပါရစေ" ဟူ၍ ပြောကြားထားကြောင်း တွေ့ရှိရသည်။ အဆိုပါ မေးခွန်းကို Capri ဟိုတယ် ကိုယ်စားလှယ်က ပြန်လည်ဖြေကြားရာတွင် "အားလုံးကို ကျွန်ုပ်ပြောပြနိုင်ပါတယ်။ အဓိက,ကတော့ SCB ဘဏ်ဘက်က ဒီနှစ် လက်ရှိနှုန်းထားထက် ပိုပြီးလျှော့ချပေးဖို့ တောင်းဆိုထားပါတယ်" ဟူ၍ တွေ့ရှိရပါသည်။ ထို့ပြင် "လျှော့ချခိုင်းတဲ့ ရာခိုင်နှုန်းကို ပြောပြနိုင်မလား"၊ "ပြောပြနိုင်ပါတယ်" စသည်ဖြင့် သတင်းများ မျှဝေကြပါသည်။

ထိုနည်းတူစွာပင် ခိုင်မာသော သက်သေအထောက်အထားအဖြစ် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့ တွင် SCB ဘဏ်၏ Offered rates ဆွေးနွေးညှိနှိုင်းမှုနှင့် ပတ်သက်ပြီး Capri ဟိုတယ်နှင့် Village ဟိုတယ် ကိုယ်စားလှယ်တို့ကြား ပြောကြားထားသည့် WhatsApp chat log ကို အသေးစိတ်ခြေရာခံတွေ့ရှိခဲ့ရပါသည်။ အလားတူစွာပင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် ပြိုင်ဘက်ဟိုတယ်၏ ဈေးနှုန်းသတ်မှတ်မှုနှင့် ပတ်သက်ပြီး ယစေမင ဟိုတယ်နှင့် Crowne Plaza ဟိုတယ်ကိုယ်စားလှယ်တို့ကြား အသေးစိတ် အပြန်အလှန် သတင်းဖလှယ်မှုကိုလည်း WhatsApp chat log မှတစ်ဆင့် သက်သေအထောက်အထား တွေ့ရှိထားခဲ့ပါသည်။ ဥပမာ-"ကျွန်တော်တို့က သူတို့နောက်လိုက် မဖြစ်ချင်ဘူး။ ဈေးနှုန်းစစ်ပွဲ (Price war) မဆင်နွှဲချင်ဘူး။ ဟိုတယ် အခန်းငှားရမ်းခနှုန်းထားတွေကို ကျွန်တော်တို့ ချုပ်ကိုင်ထားမှရမယ်" စသည်ဖြင့် ပြိုင်ဘက်ဟိုတယ်ကို အနိုင်ယူပြီး ဈေးကွက်ကို ထိန်းချုပ်လိုသည့် လုပ်ဆောင်ချက်များကို တွေ့ရှိရပါသည်။

ထို့ကြောင့် ဟိုတယ်အရာင်းကိုယ်စားလှယ်များသည် မကြာခဏ Online မှ တစ်ဆင့် အပြန်အလှန် ပြောကြားနိုင်ကြောင်း၊ အထူးသဖြင့် ဖောက်သည်များနှင့် ဟိုတယ်များကြား စာချုပ်ချုပ်ရန် သို့မဟုတ် ပြန်လည် စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်သော အချိန်ကာလများအတွင်း အပြန်အလှန်သတင်းဖလှယ်ပြောကြားနိုင်ကြောင်း CCCS က သုံးသပ်သည်။ CCCS အနေဖြင့် ဟိုတယ်များ၏ ယှဉ်ပြိုင်မှုဥပဒေချိုးဖောက်မှု နှစ်ခုကို တွေ့ရှိခဲ့ရကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်ထိ သတင်းအချက်အလက် ဖလှယ်ခဲ့ကြသော Capri ဟိုတယ်နှင့် Village Hotels တို့၏ ဥပဒေချိုးဖောက်မှုနှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်ထိ လျှို့ဝှက်သတင်းမျှဝေခဲ့ကြသော Capri ဟိုတယ်နှင့် Crowne Plaza ဟိုတယ်တို့၏ ဥပဒေချိုးဖောက်မှုနှစ်ခုစလုံးသည် တရားမျှတပြီး ကောင်းစွာလည်ပတ်လျက်ရှိသော ယှဉ်ပြိုင်မှုကို ထိခိုက်စေပါကြောင်း၊ ထို့ပြင် စင်ကာပူနိုင်ငံအတွင်း ယှဉ်ပြိုင်မှုကို အကြီးအကျယ်ထိခိုက်စေပါကြောင်း ယှဉ်ပြိုင်မှုစောင့်ကြည့်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားသည်။ ဖောက်သည်နှင့် ဟိုတယ်ကြား သဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိပါက ဟိုတယ်အရောင်းကိုယ်စားလှယ်တိုင်းသည် ၎င်းတို့၏ဈေးကွက်ရရှိရေးလုပ်ဆောင်ချက်ကို လွတ်လွတ်လပ်လပ် ပြိုင်ဆိုင်ပြုလုပ်ကြမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ပြုလုပ်ခြင်းက ပိုမိုပြိုင်ဆိုင်မှုရှိသော ဟိုတယ်ခ နှုန်းထားများ (More Competitive rates) ကို ဖြစ်စေနိုင်ကြောင်း၊ ဖောက်သည်ကုမ္ပဏီများနှင့် ချုပ်ဆိုသော စာချုပ် သက်တမ်းသည်လည်း ပိုမိုပြိုင်ဆိုင်မှုရှိလာမည်ဖြစ်ကြောင်း CCCS က သုံးသပ်ပြောကြားသည်။

ဥပဒေချိုးဖောက်မှု၏ ရလဒ်အဖြစ် CCCS ဟိုတယ်က ဟိုတယ် ၄ လုံးမှ ပိုင်ရှင်နှင့် ဝန်ထမ်း (Owner and operator) တို့ကို ငွေဒဏ် (Financial penalties) ချမှတ်ခဲ့သည်။ အဆိုပါ ဟိုတယ် ၄ လုံးအနက် ပြစ်မှုအများဆုံး ကျူးလွန်းသည့် Capri ဟိုတယ်ကို ဒဏ်ငွေအများဆုံး ချမှတ်ခဲ့သည်။ ဟိုတယ် ၄ လုံးကို ဒဏ်ငွေစုစုပေါင်း စင်ကာပူဒေါ်လာ ၁၅၂၂၃၅၄ ဒေါ်လာ (၁ ဒသမ ၅ သန်းကျော်) ချမှတ်ခဲ့ရာ Capri ဟိုတယ်သည် ဒဏ်ငွေ စင်ကာပူ ဒေါ်လာ ၇၉၃၉၂၅ ဒေါ်လာဖြင့် အများဆုံး ဒဏ်ရိုက်ခံရခြင်းဖြစ်သည်။

ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ရာတွင် အခြားအချက်များကိုလည်း ထည့်သွင်းစဉ်းစားပါကြောင်း၊ ဥပဒေ ချိုးဖောက်သော ကုမ္ပဏီအနေဖြင့် သက်ညှာခွင့်ပေးသည့် အစီအစဉ် (Leniency Programme) ကို ကျင့်သုံးခြင်း ရှိ၊ မရှိ စသည်ဖြင့် စဉ်းစားပါကြောင်း CCCS က ရှင်းလင်း ပြောကြားပါသည်။ Leniency Programme ဆိုသည်မှာ သက်ဆိုင်ရာ ယှဉ်ပြိုင်မှု အာဏာပိုင် (Competition Authority) ထံသွားရောက်ပြီး မိမိတို့ကုမ္ပဏီအနေဖြင့် လျှို့ဝှက် သတင်းအချက်များ ပေါက်ကြားအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယှဉ်ပြိုင်မှုဥပဒေကို ချိုးဖောက်ခဲ့ပါကြောင်း၊ နောက်နောင် ဥပဒေချိုးဖောက်မှုမပြုတော့ပါကြောင်း၊ အခြားကုမ္ပဏီများ ဥပဒေလိုက်နာရေးကိုလည်း ကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဝန်ခံ၊ ဖြောင့်ချက်ပေးပါက အဆိုပါကုမ္ပဏီအား ပြစ်ဒဏ် သက်သာခွင့်ဟူသော မတ်လုံးပေးသည့် အစီအစဉ်ဖြစ်ပါသည်။

OUE Airport Hotel သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင်လည်းကောင်း၊ Village Hotels ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်တွင်လည်းကောင်း၊ Lemiency Programme ကို ကျင့်သုံးလျှောက်ထားခဲ့ပါကြောင်း၊ Capri ဟိုတယ်က ထိုအစီအစဉ်ကို လျှောက်ထားခြင်းမရှိခဲ့ပါကြောင်း CCCS ကပြောကြားပါသည်။ ဤကဲ့သို့သော စီးပွားဖြစ် လျှို့ဝှက်သတင်းအချက်များကို ဖလှယ်သော ကုမ္ပဏီများအား ယခင်ကလည်း အရေးယူခဲ့ပါကြောင်း၊ သို့သော် ဟိုတယ်လုပ်ငန်းစုအတွက် ယခုအရေးယူခြင်းသည် ပထမဆုံးအကြိမ် ဖြစ်ပါကြောင်း၊ အခြား စီးပွားရေးလုပ်ငန်းများအနေဖြင့် ဤကဲ့သို့ဖောက်ဖျက်လျှင် အရေးယူခံရမည်ဟု အချက်ပြအသိပေးလိုပါ ကြောင်း၊ အထူးသဖြင့် အရောင်းကိုယ်စားလှယ်များအနေဖြင့် ဤကဲ့သို့သော သတင်းအချက်အလက် ဖလှယ်ခြင်းက ပြဿနာရှိသည်ကို အထူးသတိထားကြစေလိုပါကြောင်း CCCS အမှုဆောင်အရာရှိချုပ်က အကြံပြုပြောကြားပါသည်။

**Source: CNA/mn**

# အသေးစားနှင့် အလတ်စား လုပ်ငန်းများတွင် ငွေကြေးအသိပညာနှင့် ဈေးကွက်အသိပညာ ဗဟုသုတ အားနည်းမှုများရှိနေ



ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများတွင် ငွေကြေး အသိပညာနှင့် ဈေးကွက်အသိပညာ ဗဟုသုတ အားနည်းမှုများရှိကြောင်း၊ SME လုပ်ငန်းများကို ချေးငွေဝန်ဆောင်မှုပေးနေသည့် ဧရာဝတီဘဏ်မှ သိရသည်။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘဏ်များမှ ချေးငွေထုတ်ချေးပေးမှုများကို လွန်ခဲ့သည့် တစ်နှစ်ကျော်ကတည်းက တွင်ကျယ်စွာ လုပ်ဆောင်ခဲ့သော်လည်း လက်ရှိအချိန်အထိ ချေးငွေနှင့် လက်လှမ်းမမီသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများစွာလည်း ရှိကြောင်း သိရသည်။

"အတွေ့အကြုံအရ ချေးပေးလိုက်ပေမယ့် တကယ်တမ်းကျတော့ ဈေးကွက်မရှာထားတဲ့အခါ အခက်အခဲတွေရှိတယ်။ ပစ္စည်းကောင်းပေမယ့် ဈေးကွက်ထိုးဖောက်မှုမရှိဘူး။ အရင်အတိုင်း ဈေးရောင်းနေမယ်ဆိုရင် သူ့မှာ အလားအလာမရှိတော့ဘူး။ မြန်မာနိုင်ငံမှာက ငွေကြေးအသိပညာနဲ့ ဈေးကွက် အသိပညာ အားနည်းတာတွေကို တွေ့လာရတယ်"ဟု ဧရာဝတီဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇော်က ပြောသည်။

SME လုပ်ငန်း ချေးငွေထုတ်ပေးရာတွင် SME (A) ဟုခေါ်သော စိုက်ပျိုးရေးကဏ္ဍ SME များအတွက် စိန်ခေါ်မှုများရှိနေပြီး ရာသီအလိုက်ချေးငွေထုတ်ယူ၍ ရာသီအလိုက် ပြန်ဆပ်သည့် စနစ်သာ ပိုမိုအဆင်ပြေနိုင်ကြောင်း သိရသည်။

AYA Bank အနေဖြင့် လက်ရှိတွင် AYA SME Loan နှင့် JICA Two Step Loan တို့ဖြင့် ငွေချေးသက်တမ်းကာလ တစ်နှစ်မှ သုံးနှစ်အထိ (ကျပ်သိန်း ၅၀၀၀) ငွေထုတ်ချေးမှုများ ရှိနေပြီး အပေါင်ပစ္စည်းမဲ့ CGI (ချေးငွေအာမခံ) စနစ်ဖြင့် မြန်မာ့အာမခံနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများအတွက် USAID တို့မှ ချေးငွေအာမခံဝန်ဆောင်မှုများ ရယူလျှောက်ထားနိုင်ကြောင်း သိရသည်။

**ချောစု**

# ငါးနှစ်အတွင်း ဈေးနှုန်း ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာသည့် ပြည်တွင်း ပုလဲဈေးကွက်

ပြည်တွင်းရှိ ပုလဲဈေးကွက်မှာ ပြီးခဲ့သည့် ငါးနှစ်အတွင်း ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း မြန်မာ့ပုလဲရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဦးသော်လွင်ဖြိုးထံမှ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်းရှိ ပုလဲများတွင် မွေးပုလဲနှင့် သဘာဝ ပုလဲဟူ၍ နှစ်မျိုးရှိပြီး ဝတ်ဆံသွင်းသည့် နည်းပညာ ဖွံ့ဖြိုးလာသည့်အတွက် အရေအတွက်နှင့် အရည်အသွေး အမျိုးအစားကောင်းသည့် မွေးပုလဲများကိုသာ ထုတ်လုပ် ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်း ပုလဲဈေးကွက်ကတော့ ပြီးခဲ့တဲ့ ငါးနှစ်အတွင်းမှာ ဈေးနှုန်း ၂၀ ရာခိုင်နှုန်းလောက် မြင့်တက်လာခဲ့တယ်လို့ ပြောလို့ရပါတယ်။ အဲဒါကလည်း ပုံမှန်ပုလဲဈေးကွက်အတွက်ပါ။ တကယ် အရည်အသွေးကောင်းတဲ့ ပုလဲမျိုးကြတော့လည်း အဆပေါင်းများစွာ မြင့်တက်သွားပါတယ်။ တကယ် အရည်အသွေးကောင်းတဲ့ ပုလဲဆိုရင် ဝယ်လိုအား အရမ်းများတဲ့အတွက် ပြည်တွင်းဈေးကွက်မှာတောင် ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှပါဘူး"ဟု Zabu Htun Pearl & Jewellery ဆိုင်မှ ဆိုင်ရှင် ဦးသော်လွင်ဖြိုးက ပြောသည်။

မြန်မာ့ပုလဲကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှလည်း စိတ်ဝင်စားမှုရှိသည့်အတွက် ဝယ်ယူမှုများရှိကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံသားများမှ အဓိက ဝယ်ယူကြခြင်းဖြစ်သော်လည်း ပြည်တွင်းဈေးကွက်ကိုသာ အဓိကရောင်းချပေးနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်အတွင်းရှိပုလဲဈေးနှုန်းများမှာ တစ်ရတီလျှင် အနည်းဆုံး ကျပ်တစ်ထောင်မှ သောင်းဂဏန်းကျော်အထိ ရှိကြောင်း၊ ယခင်က မြန်မာနိုင်ငံတွင် ပုလဲထွက်ရှိသည်ကို မသိရှိကြသေးဘဲ လွန်ခဲ့သော ၆ နှစ်ခန့်မှစ၍ မြန်မာ့ပုလဲကို ကမ္ဘာကတော်တော်များများ သိရှိခဲ့ကြောင်း၊ မြန်မာ့ပုလဲ၏ အရည်အသွေး၊ အရောင်နှင့် ပွင့်ရည်တို့ ကောင်းမွန်မှုကြောင့် ကမ္ဘာ့နံပါတ်တစ်နေရာတွင် တည်ရှိကြောင်း၊ ပုလဲထွက်ရှိရာတွင်လည်း ရွှေရောင်နှင့် အဖြူရောင်(ငွေရောင်) တို့ ထွက်ရှိသော်လည်း ရွှေရောင်ပုလဲများကိုသာ အဓိကထား မွေးမြူထုတ်လုပ်ကြကြောင်း သိရသည်။

**ချောစု**



# SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အူရီဒူးမြန်မာနှင့် SME Business Institute တို့ သဘောတူ လက်မှတ်ရေးထိုး

ပြည်တွင်းရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ပေးရန်အတွက် SME Business Institute (SMEBi)နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၉ ရက်တွင် အူရီဒူးမြန်မာရုံးချုပ်၌ သဘောတူလက်မှတ် ရေးထိုးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပူးပေါင်းရခြင်းမှာ စွန့်ဦး တီထွင် လုပ်ငန်းရှင်များအတွက် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ၎င်းတို့ အတွက် ရေးဆွဲပေးထားသည့် စီးပွားရေးလုပ်ငန်းစဉ် စီမံအုပ်ချုပ်မှု ဘာသာရပ်များဖြင့် SMEBi ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုး ပူးပေါင်းပြီး SME ကဏ္ဍကို တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ပေးနိုင်တာ ဝမ်းသာပါတယ်။ SMEBi ဆိုတာ Startup စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု၊ အရောင်းနဲ့ မားကတ်တင်းပိုင်းဆိုင်ရာ အရည်အသွေးမြင့် လေ့ကျင့်ရေး ကျောင်းတစ်ခုဖြစ်ပြီး လူငယ်တွေ လုပ်ငန်းခွင်အဆင့် တိုးတက်ဖို့အတွက် သင် ကြားပေးနေပါတယ်။ ဒီပူးပေါင်းမှုကတစ်ဆင့် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း ပုံစံအသစ်တွေ၊ လုပ်ဆောင်နည်းတွေနဲ့ ဘယ်လို ဒစ်ဂျစ်တယ် မဟာဗျူဟာတွေကို သုံးရမလဲဆိုတာ သင်ကြားပေးသွားမှာပါ"ဟု SMEBi ၏ CEO ဦးစိုးဟိန်းက ပြောသည်။

စက်မှုဝန်ကြီးဌာန၏ SME လုပ်ငန်းများ ဖွံ့ဖြိုးမှုဌာန၏ ၂၀၁၇ ခုနှစ် စာရင်းများအရ ပြည်တွင်းစီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကို SME လုပ်ငန်းများမှ နေရာယူထားကြောင်း၊ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံရှိ SME များအနေဖြင့်လည်း အခက်အခဲများ ရင်ဆိုင်နေရကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါပြဿနာများ ကို ဖြေရှင်းပေးနိုင်ရန် အူရီဒူးမြန်မာ၏ Entrepreneurship Program ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူး၊ မော်လမြိုင်၊ စစ်ကိုင်းနှင့် ကလေးမြို့များတွင် ယခုနှစ် ဒီဇင်ဘာလကုန်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ သင်ကြားမှုအစီအစဉ်နှင့်အတူ ဆုများနှင့် ဝင်ကြေးအခမဲ့ ဟောပြောပွဲများကိုလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# နိုင်ငံခြားဘဏ် လုပ်ပိုင်ခွင့်များအတွက် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ရာနှုန်းပြည့် လုပ်ပိုင်ခွင့် ပေးသွားမည်


နိုင်ငံခြားဘဏ်များအား ပြည်တွင်း၌ ရာနှုန်းပြည့် လုပ်ကိုင်ခွင့်များကို လာမည့် ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်လုပ်ကိုင်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်တွင် ဗဟိုဘဏ်ရုံးချုပ်၌ ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေဖြင့် နိုင်ငံခြားဘဏ်ခွင့်ပြုမှုကို လာရောက်လျှောက်ထားမည့် ဘဏ် အရေအတွက်ပေါ် မူတည်၍ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး အရေအတွက်မည်မျှ ခွင့်ပြုသွားမည်ကို အတိအကျ မသိရှိနိုင်သေးကြောင်း သိရသည်။

"ပြည်တွင်းမှာ နိုင်ငံခြားဘဏ် အပြည့်အဝ လုပ်ကိုင်ခွင့်ကို အတည်ပြုချထားပေးဖို့တော့ရှိတယ်။ ချက်ခြင်းကြီးတော့ မဟုတ်သေးဘူး။ နောက်ပြီး နိုင်ငံခြားဘဏ်တွေအနေနဲ့ ဘယ်လောက်အထိ လုပ်ကိုင်ခွင့်ပြုမယ်ဆို တာကို အသေးစိတ် ထုတ်ပြန်ပေးသွားမှာပါ။ နိုင်ငံတကာမှာက ပြည်တွင်းဘဏ်တွေနည်းတူ လုပ်ကိုင်ခွင့်ရကြတယ်။ ပြည်သူတွေအနေနဲ့ကတော့ ငွေအပ်ဖို့ ငွေစုဖို့အတွက် ရွေးချယ်စရာ ပိုများလာမယ်"ဟု ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြောသည်။

လက်ရှိတွင် ဗဟိုဘဏ်အနေဖြင့် ရာနှုန်းပြည့် နိုင်ငံခြားဘဏ် ဝင်ရောက်မှုများ ခွင့်ပြုမှုအတွက် အတိအကျမသိရှိသေးသော်လည်း နှစ်နှစ်အတွင်း အကောင်အထည်ဖော်ရန် ခန့်မှန်းထားပြီး ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် စတင်ခွင့်ပြုနိုင်ရန် လျာထားကြောင်း သိရသည်။

**ချောစု**




# အိန္ဒိယနိုင်ငံ၏ ပဲလုံး-Peas (Pisum sativum) တင်သွင်းခွင့် ကန့်သတ်ချက်ကို ထပ်မံသက်တမ်းတိုးကြောင်း ကြေညာချက်ထုတ်ပြန်

အိန္ဒိယနိုင်ငံအစိုးရ ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ နိုင်ငံခြားကုန်သွယ်မှုဌာနသည် ၂၀၁၈ ခုနှစ် ဧပြီလ ၂၅ ရက်စွဲပါ ကြေညာလွှာအမှတ် (၄/၂၀၁၅-၂၀၂၀) ကို ထုတ်ပြန်၍ ပဲလုံး (Peas) တင်သွင်းခွင့်မူဝါဒအား လွတ်လပ်သောကုန်စည်အဖြစ်မှ ကန့်သတ်ကုန်စည် ခေါင်းစဉ်အောက်သို့ သုံးလခန့် ထည့်သွင်းကြောင်းနှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ရက်အထိ ကာလအတွင်း စုစုပေါင်း တန်ချိန်တစ်သိန်းခန့်သာ တင်သွင်းရန် ဖြစ်ကြောင်း၊ ထုတ်ပြန်သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၂ ရက်တွင် ကြေညာလွှာအမှတ်(၁၅/ ၂၀၁၅-၂၀၂၀)ကိုထုတ်ပြန်ကာ မူလထုတ်ပြန်ထားသည့် HS Code 07131000 အောက်ရှိပဲလုံးတင်သွင်းခွင့်ကန့်သတ်ကာလအား ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ သက်တမ်းတိုးမြှင့်ခဲ့ပါသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ၊ နိုင်ငံခြား ကုန်သွယ်မှုဌာနသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၃၀ ရက်စွဲပါ ကြေညာလွှာအမှတ်(၃၂/ ၂၀၁၅-၂၀၂၀) ကို ထုတ်ပြန်ခဲ့ပြီး HS Code 07131000 အောက်ရှိ(Peas including Yellow peas, Green peas, Dun peas and Kaspa peas) တို့အား ၂၀၁၈ ခုနှစ် စက် တင်ဘာ ၃၀ ရက်အထိ ကန့်သတ်ကုန်စည်အဖြစ်သတ်မှတ်ကြောင်း ထပ်မံကြေညာခဲ့ပါသည်။

ယင်းကာလနောက်ပိုင်းတွင်လည်း ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်စွဲပါ ကြေညာလွှာ အမှတ်(၃၇/ ၂၀၁၅-၂၀၂၀) ကို ထုတ်ပြန်ခဲ့ပြီး အိန္ဒိယအစိုးရသည် ပဲလုံး(Peas) တင်သွင်းခွင့် ကန့်သတ်ချက်အား သုံးလတစ်ကြိမ် သက်တမ်းတိုး ကန့်သတ်ခဲ့ပါသည်။

ယခုအခါ အိန္ဒိယနိုင်ငံအစိုးရ ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ နိုင်ငံခြား ကုန်သွယ်မှုဌာနသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်စွဲပါ ကြေညာလွှာအမှတ် (၄၀/၂၀၁၈-၁၉) ဖြင့် ပဲလုံး(Peas) တင်သွင်းခွင့် ကန့်သတ်ချက်အား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှမတ်လ ၃၁ ရက်အထိ ဆက်လက်သက်တမ်းတိုးကြောင်း ကြေညာချက်ကို ပူးတွဲဖော်ပြလိုက်ပါတယ်။ **သီတာကျော်(နှစ်နိုင်ငံ)**



Government of India
Ministry of Commerce and Industry
Department of Commerce
Directorate General of Foreign Trade
..........

Dated 31st December, 2018

Trade Notice No. 40/2018-19


1. RA's of DGFT
2. Customs Commissionerates
3. Members of Trade
4. Joint Secretary (Customs), CBEC, Department of Revenue

Subject:- Restriction on Import of Peas from 01.01.2019 to 31.03.2019– reg.

Reference is invited to Notification S.O. 6364(E) dated 28.12.2018 issued by Ministry of Commerce and Industry, Department of Commerce restricting the import of Peas for the period from 01.01.2019 to 31.03.2019. The Notification comes into force with effect from 01st January, 2019. A copy of the same is attached herewith for ready reference.

(S.P. Roy)
Joint Director General of Foreign Trade)
E-mail:-shyama.roy@nic.in

[Issued from File No.M-5012/300/2002/PC-2(A)/Part-VII/14140]



2 THE GAZETTE OF INDIA : EXTRAORDINARY [PART II—SEC. 3(ii)]

MINISTRY OF COMMERCE AND INDUSTRY
(Department of Commerce)
NOTIFICATION
New Delhi, the 28th December, 2018

S.O. 6364(E).—In exercise of powers conferred by section 3 of Foreign Trade (Development and Regulation) Act, 1992 (22 of 1992), read with paragraph 1.02 and 2.01 of the Foreign Trade Policy, 2015—2020, as amended from time to time, the Central Government hereby amends the Import Policy of items of Chapter 7 of the Indian Trade Classification (Harmonised System), 2017, Schedule - 1 (Import Policy), as under:—

| Exim Code | Item Description | Existing Policy | Existing Policy condition | Revised Import Policy | Revised Policy condition |
|---|---|---|---|---|---|
| 07131000 | Peas (Pisum sativum) Including Yellow peas, Green peas, Dun Peas and Kaspa Peas. | Restricted | Restricted for the period from 01st October, 2018 to 31st December, 2018. | Restricted | Restricted for the period from 01st January, 2019 to 31st March, 2019 |

2. This notification shall come into force with effect from 01st January, 2019.

[F. No. 14/3/2018-EP (Agri-III)]
SANTOSH KUMAR SARANGI, Jt. Secy.

Note : The principal notification No. 36/2015-2020, dated the 17th January, 2017 was published in the Gazette of India, Extraordinary vide number S.O. 172(E), dated the 17th January, 2017 and last amended vide notification No. 37/2015-2020, dated the 28th September, 2018 vide number S.O. 5016(E), dated the 28th September, 2018.


Uploaded by Dte. of Printing at Government of India Press, Ring Road, Mayapuri, New Delhi-110064 and Published by the Controller of Publications, Delhi-110054.
ALOK KUMAR Digitally signed by ALOK KUMAR Date: 2018.12.29 10:01:01 +05'30'

# ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလဆန်း ခရမ်း၊ သုံးခွဒေသထွက် ပဲတီစိမ်းဈေးကွက်

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း အဓိကစိုက်ပျိုး ထုတ်လုပ်လျက်ရှိသော ပဲတီစိမ်းများ စတင်ထွက်ရှိလာပြီဖြစ်ရာ ဇန်နဝါရီလနောက်ဆုံးပတ်မှ စတင်ကာ သုံးခွနှင့် ခရမ်းမြို့နယ်များ ပဲတီစိမ်း အဝယ်ဒိုင်များက ပဲအရည်အသွေးပေါ်မူတည်၍ တစ်တင်းလျှင် ကျပ် ၄၂၀၀၀ မှ ၄၄၀၀၀ အတွင်း ပေးချေဝယ်ယူလျက်ရှိကြောင်း သိရှိရပါသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဒိုက်ဦး ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ်များရှိ တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ပဲတီစိမ်းများသည်လည်း ဇန်နဝါရီလ ဒုတိယပတ်ခန့်မှ စတင်ဆွတ်ခူး ရောင်းချနေကြပြီ ဖြစ်ရာ ပဲအရည်အသွေးအလိုက် တစ်တင်းလျှင် ကျပ် ၃၄၀၀၀ မှ ၃၇၀၀၀ အတွင်း ဈေးပေးဝယ်ယူလျက်ရှိကြောင်း သိရှိရ ပါသည်။

ပဲအရည်အသွေးကို အခြေခံ၍ ဒေသအလိုက်ပဲဈေးနှုန်းကွာဟမှုအပေါ် အခွင့်ကောင်းယူလျက် သုံးခွ၊ ခရမ်းဒေသရှိ ပဲအဝယ်ဒိုင်များသို့ ပဲတင်ပို့လျက်ရှိသော ပွဲစားငယ်အချို့သည် ခရမ်း၊ သုံးခွ ဒေသထွက်ပဲနှင့် ပဲခူးတိုင်းဒေသထွက်ပဲများကို ရောနှောပြီး နေ့စဉ် ပဲအိတ်(၂၀၀)ခန့် တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူထားသော ပဲဒိုင်အနည်းငယ်မှလည်း ကြိုတင်ပေးချေထားသော ပဲဘိုးငွေများ ဆုံးရှုံးမှုရှိစေရန်အတွက် အဆိုပါ ရောနှောထားသော ပဲများကို လက်ခံဝယ်ယူ၍ ပြန်လည်တင်ပို့ရောင်းချနေသဖြင့် ခရမ်း၊ သုံးခွ ပဲတီစိမ်း အရည်အသွေး၏ ဂုဏ်သတင်းကို ထိခိုက်စေပြီး ဈေးနှုန်း ကျဆင်းမှုများ ဖြစ်ပေါ်လာနိုင်သည်ကိုဒေသခံတောင်သူများနှင့် ကုန်သည်များက စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။



ယခုအခါတွင် ရေရှည်အကျိုးမျှော်မှန်း၍ တာဝန်သိသော ဒေသခံ ကုန်သည်များ၏ ဦးဆောင်မှုဖြင့် ပဲအဝယ်ဒိုင်များက ပဲအရည်အသွေးကို စိစစ်ဝယ်ယူခြင်း၊ ပဲအရည်အသွေးပေါ်မူတည်၍ ဈေးနှုန်း ဖြတ်တောက်ခြင်း၊ ယုံကြည်စိတ်ချရမှုမရှိသော ခရမ်း၊ သုံးခွ ပဲတီစိမ်းဈေးကွက်အတွင်း အရည်အသွေးနိမ့်ပဲများ ရောနှောရောင်းချခြင်း နည်းပါးသွားပြီးဖြစ်ကြောင်းနှင့် ရေရှည်ဈေးကွက် ပျက်စီးမှု မဖြစ်ပေါ်စေရေး ပဲစိုက်တောင်သူများ၊ ပွဲစားများ အဝယ်ဒိုင်များနှင့် ကုန်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**သိန်းနိုင်**

# ဇန်နဝါရီလအတွင်း ရော်ဘာတင်ပို့မှု ပိုမို

ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၇၁ သန်းတန်ဖိုးရှိ ရော်ဘာ ၁၉၁၄ တန်ကျော်တင်ပို့ခဲ့ ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၆၁၃ တန်ကျော်နဲ့ MSR-20 အမျိုးအစား ၁၀၁ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၁၂၀၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၈၇၄ တန် လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာတင်ပို့မှုမရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၀၉၈ သိန်းရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။

ဇန်နဝါရီလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၁၆ သန်းတန်ဖိုးရှိရော်ဘာ အဆင့်စုံတန်ချိန် ၁၁၃၆၀ တင်ပို့ခဲ့ပြီး ဒီဇင်ဘာလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ၆၁၁၅ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၀၅ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၂၄၁၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၁၃၅၈ တန်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန်၆၈၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ RSS-1 အမျိုးအစား တန်ချိန် ၂၀၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၉၈ တန်၊ ပါကစ္စတန်နိုင်ငံသို့RSS-5 အမျိုးအစား ၅၇ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၂၀၂ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ဇန်နဝါရီလတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ၁၄ ဒသမ ၃၉၄ သန်းတန်ဖိုးရှိရော်ဘာ ၁၄၃၁၂တန် တင်ပို့ခဲ့ပြီး ယခင်လက တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုလမှာ ၆၈၇၉ တန်ပိုမို တင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုလ အတွင်း ရော်ဘာတင်ပို့မှုစုစုပေါင်းမှာ ၂၅၆၇၂ တန်ရှိပြီး နယ်စပ်စခန်းများမှလျော့ကျခဲ့သော်လည်း ရေကြောင်းမှ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေးအတက်အကျသိပ်မရှိဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်းနဲ့ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ **ယဉ်ယဉ်အေး**



## ကျိုင်းတုံခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၁/၂၀၁၉)ကြိမ်မြောက် လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဇန်နဝါရီ ၂၄ ရက်တွင် ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ မြို့မိမြို့ဖများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဦးသန်းစိုး (အတွင်းရေးမှူး)က ယခင်လ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး ဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ သိမ်းဆည်းထားသော ကုန်စည်များ မီးရှို့ဖျက်ဆီးမှုအခြေအနေများ၊ ကုန်စည်(၉)မျိုးတွင် မြန်မာဘာသာဖြင့် ဖော်ပြပါရှိရမည့် အမိန့်ကြေညာချက်နှင့် ပတ်သက်၍ ပူးပေါင်းဂိတ်ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှလည်း စီးပွားရေး လုပ်ငန်းရှင်များထံ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း စီးပွား ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အကြိမ်ကြိမ် အသိပညာပေး ဆွေးနွေးထားပြီး ဖြစ်ကြောင်း၊ သိမ်းဆည်းထားသော ခာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး များအား စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် လွှဲအပ်ထားပြီးဖြစ်ကြောင်း၊ အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများကလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။

**ရန်နောင် (ကျိုင်းတုံ)**

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီလ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃)၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ၂၀၁၉ ခုနှစ်သည် အစိုးရသစ် (၃)နှစ်ပြည့်သည့်နှစ်ဖြစ်ကြောင်း၊ (၃)နှစ်တာကာလအတွင်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့်လည်း ခရီးအတော် ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများနှင့် ဆက်သွယ်မှုရှိနေရာ တစ်နိုင်ငံလုံးမှ ရန်ကုန်တိုင်းအနေဖြင့် မည်သို့ဆောင်ရွက်နေသည်ကို စောင့်ကြည့်လျက်ရှိပါကြောင်း၊ UMFCCI နှင့် ညှိနှိုင်း၍ ဆီနှင့်ပတ်သက်သည့် Seminar လုပ်ဖို့ရှိပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ(၁/၂၀၁၈)တွင်ပါရှိသည့် အချက်(၄)ချက်ကိုလည်း ထို Seminar တွင် ထည့်သွင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် Online Shop ကို Facebook များမှ ဆောင်ရွက်မှုများ၍ တိုင်ကြားမှုများလာသည်ကို တွေ့ရကြောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် Online Shop များကို Trace လုပ်ရန်ခက်ခဲသည့်အတွက် ဆောင်ရွက်သင့်သည့် လမ်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ခေတ္တတိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက တားမြစ်ထားသည့် ဆီအမှတ်တံဆိပ် (၁၃) မျိုးအနက် အမှတ်တံဆိပ်(၄)မျိုးက FDA ထောက်ခံချက်ရယူပြီးဖြစ်၍ ပြန်လည်ရောင်းချခွင့်ပြုရန် တင်ပြသည့်ကိစ္စ၊ Telenor Broadband အင်တာနက် ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားမှုများအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ပါတယ်။

စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက Online Shopping တိုင်ကြားမှုနှင့် ပတ်သက်၍ အမှာစာတင်ပြခြင်း၊ နိုဝင်ဘာလအတွင်း စားသုံးသူများ၏ တိုင်ကြားလာမှုတွင် စားသောက်ကုန်(၂)၊ လူသုံးကုန်(၄)ခုနှင့် ဝန်ဆောင်မှု(၁၇)ခု၊ ဒီဇင်ဘာလအတွင်း လူသုံးကုန်(၂)ခုနှင့် ဝန်ဆောင်မှု(၁၁) ခု၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း လူသုံးကုန်(၃)ခုနှင့် ဝန်ဆောင်မှု(၃၈)ခုတို့ကို လက်ခံညှိနှိုင်းဖြေရှင်းခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် ခရိုင်အလိုက် ကွင်းဆင်းစစ်ဆေးမှုအခြေအနေ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်း ကွင်းဆင်းခဲ့သည့် အခြေအနေနှင့် ဆက်လက်ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်တို့ကိုလည်းကောင်း ဆွေးနွေးတင်ပြ ခဲ့ပါတယ်။

**ဝါဝါခိုင် (စားသုံးသူ) ရန်ကုန်**

## ကချင်ပြည်နယ် လက်လီစီးပွားရေးလုပ်ငန်းဆိုင်ရာ အထောက်အကူပြုဟောပြောပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာများ ရှင်းလင်းဟောပြော

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(ကချင်ပြည်နယ်)၏ပထမအကြိမ် နှစ်ပတ်လည် အခမ်းအနားနှင့် လက်လီစီးပွားရေးလုပ်ငန်းဆိုင်ရာ အထောက်အကူပြု ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်နိုင်ရေး အသိပေးဟောပြောခဲ့ပါသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ကိုယ်စား တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ အခမ်းအနား ဖြစ်မြောက်ရေးအတွက် အဓိကကူညီပံ့ပိုးသူ AYA Bank မှ ဦးသူရအောင်က လက်လီလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဆက်စပ်မှုများကိုလည်းကောင်း၊ ဒေါ်ဝင်းဝင်းတင့် (CEO- City Mart Holding Limited ) က RETAIL CONCEPT 101 ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဇင်ကိုမြင့်(Pahtama Group) က Pahtama Group ဖြန့်ချိရေးဆိုင်ရာ လုပ်ငန်းအကြောင်းနှင့် အတွေ့အကြုံ မျှဝေခြင်းကိုလည်းကောင်း၊ ဦးမြင့်ဇော် ( MD-AYA Bank , CEO-Ground Solution)က Retail or Personal Selling(လက်လီ သို့တည်းမဟုတ် ကိုယ်တိုင်ရောင်းချခြင်း) ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ပြီး ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ နှင့် ၁/၂၀၁၉ အရ ကုန်စည်များတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များကို အသေးစိတ်ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။ ထို့နောက် မြန်မာ နိုင်ငံလက်လီရောင်းချသူများအသင်း(ကချင်ပြည်နယ်)အသင်းဥက္ကဋ္ဌ ဦးဘရန်မွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ညနေ ၅း၀၀ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားကို ကချင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် ညီနောင်အသင်းသူ/အသင်းသားများ၊ ကချင်ပြည်နယ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်လက်လီလုပ်ငန်းရှင် အသင်းအဖွဲ့ဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့များ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းချုပ် ရန်ကုန်နှင့် မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ရှမ်းပြည်နယ် အသင်းခွဲမှ အသင်းခေါင်းဆောင်များ၊ မြစ်ကြီးနားမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း လူဦးရေ ၅၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ခွာညို (မနောမြေ)**

## မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်ဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်အတွင်းကွင်းဆင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီမြို့သစ်ဈေးတွင် ဈေးကွက်အတွင်းထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးဦးဆောင်သော ဝန်ထမ်းအဖွဲ့နှင့် ဈေးတာဝန်ခံအဖွဲ့ (ဝေဘာဂီမြို့သစ်ဈေး) တို့ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိ ရပါသည်။

ထိုသို့ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးရာ၌ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) တွင် ဖော်ပြထားသည့် အတိုင်း ကုန်စည်များပေါ်တွင် ဖော်ပြရမည့်ကုန်အမှတ်တံဆိပ် များပြည့်စုံစွာထည့်သွင်းဖော်ပြခြင်း ရှိ/မရှိကို စစ်ဆေးခဲ့သည့်အပြင် ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာဖော်ပြခြင်း မရှိသော ကုန်စည်များအား မှတ်တမ်းတင်ခဲ့ပြီး ရောင်းချသူများ သိရှိသင့်သည့် အမိန့်ကြော်ငြာ စာအမှတ် ၁/၂၀၁၈ ဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီက ထုတ်ပြန်သည့် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူများဘေးကင်းလုံခြုံရေး အတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာ ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဦးစားပေး ကုန်စည်များပေါ်တွင် မဖြစ်မနေ ထည့်သွင်းဖော်ပြရမည့် အချက်များနှင့် ၎င်းအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၆ လပြည့်မြောက်သည့်နေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့် ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၉ ကို ထုတ်ပြန်ပြီးဖြစ်ကြောင်း ရောင်းချသူများအား ဆင့်ပွား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။ **နွယ်ဇင်ဝင်း(ရန်ကုန်)**

Commerce

Vol: 19, No.6 Monday February 11 2019



# ဟာဇက် ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် ပိုမိုနီးစပ်လာ

ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမား ဟာဇက်သည် လက်ရှိအချိန်တွင် အသင်းအတွက် အကောင်းဆုံးပုံစံဖြင့် ကစားပေးနေသော်လည်း ယခုနှစ်ရာသီကုန်တွင် အသင်းပြောင်းရန် ဆုံးဖြတ်ထားကြောင်းသိရသည်။

ဟာဇက်သည် စပိန်လာလီဂါ ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေရာ ရီးရဲလ်မက်ဒရစ်အသင်းကလည်း ဟာဇက်ကို ခေါ်ယူရန် အပြင်းအထန် ကြိုးပမ်းနေသည်။ ဟာဇက်က ‘ကျွန်တော် ချယ်လ်ဆီးအသင်းမှာကစားရတာ ပျော်ပါတယ်။ ဘာအခက်အခဲမှ မရှိပါဘူး။ အားလုံးနဲ့လည်းအဆင်ပြေပါတယ်။ ဒါပေမဲ့ ကျွန်တော် ချယ်လ်ဆီးအသင်းမှာ ခြောက်နှစ် ကစားပေးခဲ့ပြီဆိုတော့ နောက်ထပ်အတွေ့အကြုံသစ်တွေကို ထပ်ရှာချင်ပါသေးတယ်။ ကျွန်တော်အဖြစ်ချင်ဆုံးက ရွှေဘောလုံးဆုရချင်တာပဲ။ ဥရောပရဲ့ အကောင်းဆုံးကစားသမားတစ်ယောက် စာရင်းဝင်ဖို့က ချယ်လ်ဆီးအသင်းကို စွန့်လွှတ်ဖို့လိုအပ်လာပါပြီ။ ဒါကြောင့် ကျွန်တော် အသင်းပြောင်းဖို့စဉ်းစားခဲ့တာပါ။ ဒီရာသီကုန်ရင် အသင်းပြောင်းဖြစ်ဖို့ နီးစပ်နေပါတယ်’ ဟု ပြောခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းမှ အားထားရသည့် တောင်ပံတိုက်စစ်ကစားသမား စီရိုနယ်ဒို ထွက်ခွာသွားချိန်မှစ၍ ဟာဇက်ကို ခေါ်ယူရန် ချယ်လ်ဆီးအသင်းထံ ကမ်းလှမ်းခဲ့ရာ အောင်မြင်မှုမရရှိခဲ့ခြင်းဖြစ်သည်။

‘ရီးရဲလ်မက်ဒရစ်အသင်းက ဟာဇက်ကို အလိုရှိနေတယ်။ ဟာဇက်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းကို ပြောင်းချင်တယ်။ အချိန်ကောင်းဖြစ်နေပြီ။ အပြောင်းအရွှေ့က ချယ်လ်ဆီးအသင်းအပေါ်မှာပဲ မူတည်နေပါပြီ’ဟု ရီးရဲလ်မက်ဒရစ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုခဲ့သည်။ ဟာဇက်သည် ၂၀၁၂ ခုနှစ်က လိုင်လီအသင်းမှ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းတွင် ၂၃၂ ပွဲကစားထားရာ သွင်းဂိုးက ၈၁ ဂိုးရှိသည်။ ၎င်းကစားသမားသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ လိဂ်ဖလား တစ်ကြိမ်နှင့် ယူရိုပါလိဂ်ဖလားတစ်ကြိမ် ရရှိထားသည်။

# ဆိုးလ်ရှားကို မန်ယူအသင်း၏ အမြဲတမ်းနည်းပြဖြစ်ရန် ထောက်ခံမှုပိုများလာ

မန်ယူအသင်း ကစားသမားဟောင်း ဆိုးလ်ရှားသည် မန်ယူအသင်းမှ နည်းပြ မော်ရင်ဟိုကို ထုတ်ပယ်ပြီးနောက်တွင် ယာယီနည်းပြအဖြစ် ယခုနှစ် ရာသီကုန်အထိ အသင်းကို ကိုင်တွယ်ခွင့်ရရှိထားသူဖြစ်သည်။

မော်ရင်ဟိုလက်ထက်တွင် ရလဒ်ပိုင်း ဆက်တိုက်ဆိုးရွားမှုနှင့်အတူ မော်ရင်ဟိုသည်လည်း အသင်းရှိကစားသမားများနှင့် အဆင်မပြေဖြစ်ကာ နောက်ဆုံးတွင် နည်းပြကို အသင်းမှ ထုတ်ပယ်လိုက်ရသည်အထိ ဖြစ်ခဲ့ရသည်။ လက်ရှိမန်ယူအသင်းကို ဆိုးလ်ရှားကိုင်တွယ်သည်မှစ၍ ပြိုင်ပွဲအရပ်ရပ် ရှုံးပွဲမရှိဘဲ ရလဒ်ပိုင်း ဆက်တိုက်ကောင်းမွန်နေသည်။ ထို့ကြောင့် ယာယီနည်းပြ ဆိုးလ်ရှားမှာလည်း ပရိသတ်များ၏ ထောက်ခံမှုအပြင် ကစားသမားများ၏ ထောက်ခံမှုကိုလည်း ရရှိနေပြီဖြစ်သည်။

ယခင်က မန်ယူအသင်းနည်းပြနေရာအတွက် စပါးအသင်းနည်းပြ ပိုချက်တီနိုနှင့် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း ဇီဒန်းတို့ ရေပန်းစားနေခဲ့သော်လည်း ယာယီနည်းပြ ဆိုးလ်ရှား၏ ရှုံးပွဲမရှိစံချိန်ကြောင့် လက်ရှိအချိန်တွင် ဆိုးလ်ရှားမှာ မန်ယူအသင်း၏ အမြဲတမ်းနည်းပြဖြစ်ရန် ပိုချက်တီနိုနှင့် ဇီဒန်းတို့ကို ကျော်လွန်ပြီး အလေးပေးခံလာရပြီဖြစ်သည်။

ဆိုးလ်ရှားသည် မန်ယူအသင်း ပရိသတ်များ၏ ထောက်ခံမှုကို အပြည့်အဝရရှိထားသလို အသင်းရှိ ကစားသမားများ၏ ယုံကြည်မှုကိုလည်း ရရှိထားသည်။ မန်ယူအသင်း၏ ကွင်းလယ်ကစားသမား လင်ဂတ်က ‘လက်ရှိအချိန်မှာ ကျွန်တော်တို့ကို နည်းပြက ယုံကြည်သလို နည်းပြကိုလည်း ကျွန်တော်တို့က ယုံကြည်မှုအပြည့်အဝရှိနေပါတယ်။ အခုလို နားလည်မှုရှိရှိနဲ့ ရှေ့ဆက်သွားမယ်ဆိုရင် အသင်းကလည်း ရလဒ်တွေ ဆက်တိုက်ကောင်းနေဦးမှာပါ။ ဒီရာသီမှာတော့ ကျွန်တော်တို့အသင်းချန်ပီယံလိဒ်ဝင်ခွင့်သာ မျှော်မှန်းလို့ရမှာဖြစ်ပေမယ့် နောက်ရာသီမှာ နည်းပြအဖြစ် ဆိုးလ်ရှားသာ ဆက်လက်ကိုင်တွယ်ပါက မန်ယူအသင်း ပရီးမီးယားလိဂ်ချန်ပီယံ ဖြစ်နိုင်ပါတယ်’ ဟု ပြောကြားခဲ့သည်။






# မက်ဆီနှင့် စီရိုနယ်ဒိုတို့မှာ အထူးချွန်ဆုံး ကစားသမားများဖြစ်

ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီနှင့် ဂျူဗင်တပ်အသင်းမှ ပေါ်တူဂီတောင်ပံကစားသမား စီရိုနယ်ဒိုတို့သည် ပြီးခဲ့သည့် နှစ်ပေါင်း ၄၀ အတွင်း၌ အထူးချွန်ဆုံး ကစားသမားများ ဖြစ်ကြောင်း ကမ္ဘာကျော် ဘောလုံးမဂ္ဂဇင်း Four Four Two က ဖော်ပြထားသည်။ ဘောလုံးလောက၏ ကမ္ဘာကျော် ဂန္တဝင်ကစားသမားများဖြစ်ကြသည့် ပီလီ၊ မာရာဒိုနာနှင့် ဂျိုဟန်ခရိုက်ဖ်တို့ထက်ပင် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်နေသည်ကို တွေ့ရသည်။ လက်ရှိအချိန်တွင် စီရိုနယ်ဒိုသည် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုးပေါင်း ၆၇၇ ဂိုးရှိနေပြီး မက်ဆီမှာ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုးပေါင်း ၆၄၆ ဂိုးရှိနေပြီ ဖြစ်သည်။

မက်ဆီသည် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက ပွဲပေါင်း ၆၀ ကစားခဲ့ရာတွင် ၇၃ ဂိုးအထိသွင်းယူနိုင်ခဲ့သည်။ ထို့အတူ စီရိုနယ်ဒိုသည်လည်း ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ၅၄ ပွဲတွင် ၆၁ ဂိုးသွင်းပေးနိုင်ခဲ့သည်။ တစ်ရာသီအတွင်း ထိုကဲ့သို့ သွင်းဂိုးစံချိန်မျိုးကို ကမ္ဘာကျော် ဂန္တဝင် ကစားသမားများဖြစ်ကြသည့် ပီလီ၊ မာရာဒိုနာနှင့် ဂျိုဟန်ခရိုက်ဖ်တို့ပင် လိုက်မီနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

မက်ဆီနှင့် စီရိုနယ်ဒိုတို့ကဲ့သို့ ကစားသမားမျိုးမှာ နောင်တစ်ချိန်တွင် တစ်ပြိုင်တည်း ပေါ်ထွက်လာရန်မှာ အလွန်ပင်ခက်ခဲမည်ဖြစ်သည်။ ထို့ပြင် ၎င်းကစားသမားများ၏ ဂိုးသွင်းစံချိန်ကို ချိုးဖျက်နိုင်မည့် ကစားသမား နောက်ထပ်ပေါ်ထွက်လာနိုင်ဖွယ် မရှိကြောင်း ကမ္ဘာကျော် ဘောလုံးမဂ္ဂဇင်း Four Four Two က သုံးသပ်ထားသည်။



# တစ်လအတွင်း နည်းပြလောကသို့ ပြန်ဝင်မည်ဟု အာစင်ဝင်းဂါးပြောကြား

အာဆင်နယ်အသင်းကို ၁၉၉၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၂၂ နှစ်တာ ကိုင်တွယ်ခဲ့သည့် နည်းပြ အာစင်ဝင်းဂါးသည် နည်းပြဘဝမှ အနားယူနေရာမှ တစ်လအတွင်း နည်းပြဘဝသို့ ပြန်လည်ဝင်ရောက်လာတော့မည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

တိုင်းမ်သတင်းစာ၏ ဖော်ပြချက်အရ အာစင်ဝင်းဂါးသည် မကြာမီအချိန်အတွင်းမှာပင် နည်းပြဘဝသို့ပြန်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ သို့သော် အာစင်ဝင်းဂါးသည် မည်သည့်အသင်းကို ကိုင်တွယ်သွားမည်ဆိုသည်ကို ရေးသားဖော်ပြထားခြင်းမရှိပေ။

အာစင်ဝင်းဂါးကို ခေါ်ယူရေးအတွက် ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းက စဉ်းစားနေသလို နိုင်ငံလက်ရွေးစင်အသင်းအတွက် ခေါ်ယူလိုသည့် နိုင်ငံများလည်း ရှိနေသည်။ ထို့ပြင် ဘိုင်ယန်မြူးနစ်၊ အေစီမီလန်နှင့် ရီးရဲလ်မက်ဒရစ်အသင်းများကလည်း အာစင်ဝင်းဂါးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်း သိရသည်။

အာစင်ဝင်းဂါးကမူ မိမိကိုင်တွယ်မည့်အသင်းမှာ ဥရောပထိပ်တန်း အသင်းတစ်သင်းဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။ သို့သော် အဆိုပါအသင်းမှာ မည်သည့်အသင်းဖြစ်နိုင်သည်မှာ ပဟေဠိဖြစ်နေဆဲဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ဟုမ်မလီဆန်မွှေး ပြည်ပတင်ပို့မှုမြင့်တက်လာမည်



၂၀၁၉ ခုနှစ်တွင် ဟုမ်မလီဆန်မွှေး (hommali fragrant rice)ပြည်ပတင်ပို့မှုပမာဏနှင့် ဈေးနှုန်းသည် သေချာပေါက် မြင့်တက်လာနိုင်ပြီး ဟုမ်မာလီဆန်မွှေးတန်ချိန် ၂ သန်းခန့်ကို ပြည်ပသို့ တင်ပို့ရန် ထိုင်းအစိုးရက မျှော်မှန်းလျက်ရှိပါသည်။

ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ဟုမ်မလီဆန်မွှေး တန်ချိန် စုစုပေါင်း ၁ ဒသမ ၆၅ သန်းကိုပြည်ပသို့ တင်ပို့ခဲ့ပြီး ၂၀၁၇ ခုနှစ်ထက် ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဝင်ငွေသည်လည်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၀ ဘီလီယံရရှိခဲ့သဖြင့် ၅ ဒသမ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန်စုစုပေါင်း ၁၁ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ရာ ၂၀၁၇ ခုနှစ်တွင် တင်ပို့ခဲ့သော ဆန်တန်ချိန် ၁၁ ဒသမ ၅၂ သန်းထက် ၃ ဒသမ ၃၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ဆန်ပြည်ပတင်ပို့မှုပမာဏသည် ကျဆင်းခဲ့သော်လည်း ဝင်ငွေသည် ဒေါ်လာ ၅ ဒသမ ၆၂ ဘီလီယံရရှိခဲ့၍ ၂၀၁၇ ခုနှစ်ထက် ၄ ဒသမ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် စုစုပေါင်းဆန်တန်ချိန် ၁၀ သန်းကိုပြည်ပသို့ တင်ပို့ရာတွင် ဟုမ်မလီဆန်မွှေးအားတန်ချိန် ၂ သန်းခန့် ပါဝင်မည်ဖြစ်ပါသည်။ ဟုမ်မလီဆန်မွှေးဈေးနှုန်းသည် ယခုနှစ်တွင် ဆက်လက်အားကောင်း၍ ဇန်နဝါရီ ၂၃ ရက်တွင် တစ်တန်လျှင် ဒေါ်လာ ၁၁၇၃ သို့ ရောက်ရှိလာသဖြင့် ယမန်နှစ် အလားတူကာလ၏ဈေးနှုန်းဒေါ်လာ ၁၁၅၄ ထက် ပို၍ မြင့်တက်လာပါသည်။

၂၀၁၉ ခုနှစ်တွင် ထိုင်းဆန် ပြည်ပတင်ပို့မှုသည် လွန်ခဲ့သော ၂ နှစ်ကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန်ပမာဏ လျော့နည်းမည်ဖြစ်သော်လည်း ဆန်အရည်အသွေးနှင့် နာမည်ကောင်းရရှိထားသောကြောင့် ဟုမ်မလီဆန်အပါအဝင် ထိုင်းနိုင်ငံ၏ ပြည်ပသို့ ဆန်တင်ပို့မှုအလားအလာသည် အားကောင်းနေဆဲဖြစ်ပါသည်။ ထိုင်းဆန်ပြပွဲများကို အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်နှင့် ဆီနီဂေါနိုင်ငံများ၌ ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားပါသည်။ ဟုမ်မလီ ဆန်မွှေးအရည်အသွေးကို ထိန်းသိမ်းရန်အတွက် နိုင်ငံခြားသို့ တင်ပို့မည့် ဆန်အားတင်းကြပ်သော စစ်ဆေးမှုကို စတင်ဆောင်ရွက်မည့် အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

ထိုင်းလယ်သမားအချို့သည် ဗီယက်နမ်ဆန်မွှေးမျိုးကိုဝယ်၍ နာခွန်စဝမ်ပြည်နယ်ရှိ ချွမ်စအမ်ခရိုင်၌ စိုက်ပျိုးမှုရှိနေသည့် ကောလဟာလ သတင်းများကို ထိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငြင်းဆိုထားပါသည်။ ဟုမ်မလီဆန်မွှေးကို နိုင်ငံခြားသို့ တင်ပို့ရာတွင်လည်း ဗီယက်နမ်ဆန်မွှေးကို ရောနှော ထည့်သွင်းခြင်းမရှိကြောင်းနှင့် ဆန်ပုံသဏ္ဌာန်သည် မတူညီကြဘဲ ဗီယက်နမ်ဆန်မွှေးသည် ဆန်လုံးတိုပြီး၊ ဟုမ်မလီဆန်မွှေးသည် ဆန်လုံးရှည်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Adul Chotinisakorn က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး။**

## ပထမ (၁၀) လအတွင်းတွင် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းအကျိုးအမြတ် ၁၃ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်

၂၀၁၈ ခုနှစ် ပထမ (၁၀) လအတွင်းတွင် တရုတ်နိုင်ငံ၏ အဓိကကျသောစက်မှုနယ်ပယ်များ၏ အကျိုးအမြတ်သည် ရှေ့တစ်နှစ်ကထက် ၁၃ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း National Bureau of Statistics မှ ပြောကြားခဲ့ပါသည်။

National Bureau of Statistics အရ စစ်တမ်းကောက် ယူခဲ့သည့် ကဏ္ဍ ၄၁ ခုအနက် ကဏ္ဍ ၃၄ ခု၏ အကျိုးအမြတ်သည် အစောပိုင်း တစ်နှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပြောင်းလဲမှုမရှိဘဲ တိုးတက်လာခဲ့ပါသည်။

အောက်တိုဘာလတွင် စက်မှုနယ်ပယ်များ၌ နှစ်စဉ်ဝင်ငွေ ၂၀ မီလီယံယွမ်ထက်ပိုသော (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈ မီလီယံခန့်) နှုန်းဖြင့် စုစုပေါင်း အကျိုးအမြတ်သည် ၅၄၈ ဘီလီယံယွမ်အထိ ရှေ့တစ်နှစ်ကထက် ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါသည်။

National Bureau of Statistics အရ စတီး၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဆီနှင့် ဓာတုပစ္စည်းကဏ္ဍများတွင် စက်မှုဇုန်ကဏ္ဍအားလုံး အကျိုးအမြတ် တိုးတက်လာမှု ၇၅ ဒသမ ၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း သိရပါသည်။

အောက်တိုဘာလကုန်ပိုင်းတွင် အဓိကစက်မှုလုပ်ငန်း နယ်ပယ်များ၌ ကြွေးမြီ ပိုင်ဆိုင်မှု အချိုးများသည် နှစ်စောပိုင်းတွင် ၅၆ ဒသမ ၇ ရာခိုင်နှုန်းသို့ရောက်ရှိပြီး သုည ဒသမ ၅ percentage ကျဆင်းခဲ့သည်။

National Bureau of Statistics ၏ အရာရှိ He Ping က ပြီးခဲ့သည့်နှစ်မှ မြင့်မားသော တိုးတက်မှုနှုန်းများကို အခြေခံပြီး အောက်တိုဘာလတွင် စက်မှုထုတ်ကုန်များနှင့် ကုန်ပစ္စည်းဈေးနှုန်းများတွင် စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့သည့် ကျဆင်းမှုကိုနှိုင်းယှဉ်ပြခဲ့ပါသည်။

နိုဝင်ဘာလ အစောပိုင်းတွင် National Bureau of Statistics သည် အရေးကြီးသော စီးပွားရေး ညွှန်းကိန်းများ ဖြစ်သည့် တရုတ်နိုင်ငံ၏ value-added industrial output သည် အောက်တိုဘာလတွင် ယခင်လကထက် မြန်ဆန်စွာ တိုးတက်ခဲ့သည်ကို မြင်တွေ့ခဲ့ရပါသည်။

စက်တင်ဘာလ မှတ်တမ်းများအရ ထုတ်လုပ်မှုပမာဏသည် ရှေ့တစ်နှစ်ကထက် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျယ်ပြန့်လာခဲ့သည့်အပြင် ပြီးခဲ့သည့်လ၌ သုည ဒသမ ၁ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပါသည်။

**ခြူးသီရိရွှင် (WTO)**

## ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်း အခြေအနေနှင့် ပါကစ္စတန်၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ပဲအဝယ်ရှိ

ရန်ကုန်အနောက်ပိုင်းခရိုင်၊ မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း မတ်ပဲ FAQ/RC (2018) သည် ဇန်နဝါရီ ၈ ရက်တွင် တစ်တန်လျှင် ကျပ် ၇၅၂၀၀၀ အထိ ဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး၊ ဇန်နဝါရီ ၂၃ ရက်တွင် ကျပ် ၇၂၂၀၀၀ ဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၆၀၄၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဖေဖော်ဝါရီ ၁ ရက်တွင် ကျပ် ၅၇၀၀၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ပဲစင်းငုံ RC(2017) သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် တစ်တန်လျှင် ကျပ် ၇၉၀၀၀၀ အထိဈေးမြင့်တက်ခဲ့ပြီး ဇန်နဝါရီ၃၁ ရက်တွင် ကျပ် ၇၁၀၀၀၀ ရှိရာမှ ဖေဖော်ဝါရီ ၁ ရက်တွင် ကျပ် ၆၈၀၀၀၀ သို့ကျဆင်းခဲ့ကြောင်း သတင်းရရှိပါသည်။

ဖေဖော်ဝါရီ ၄ ရက်တွင်မူ မတ်ပဲ FAQ/RC(2018) တစ်တန်လျှင် ကျပ် ၅၇၈၅၀၀ နှင့် ပဲစင်းငုံ RC(2017) မှာ ကျပ် ၇၀၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ ပဲတင်သွင်းမှုအပေါ် ခွဲတမ်းစနစ် (Quota)ဖြင့် တင်သွင်းစေခဲ့ပြီး အဆိုပါခွဲတမ်းစနစ်သာမက ၎င်းတို့၏လိုအပ်ချက်အရ ဆက်လက် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မတ်ပဲတန်ချိန်တစ်သိန်းခွဲ၊ ပဲစင်းငုံ တန်ချိန်နှစ်သိန်း၊ ပဲတီစိမ်းတန်ချိန်တစ်သိန်းခွဲ ဝယ်ယူမည်ဖြစ်ကြောင်း အိန္ဒိယမှကြေညာခဲ့သော်လည်း လိုအပ်ချက်အရ ပိုမိုဝယ်ယူခဲ့ကြောင်း သိရပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ မတ်ပဲတန်ချိန် (၆) သိန်းကျော်နှင့် ပဲစင်းငုံတန်ချိန် ၂ ဒသမ ၅ သိန်း အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး လက်ရှိတွင် FAQ/RC (2018) မတ်ပဲလက်ကျန်မှာတန်(၅)သောင်းနှင့် (၆) သောင်းကြားရှိကြောင်း ကုန်စည်ဒိုင်မှ သိရှိရပါသည်။ ၂၀၁၇-၂၀၁၈ ပဲစင်းငုံလက်ကျန်မှာ တန်ချိန်တစ်သောင်းကျော်ရှိပြီး (၂၀၁၈-၂၀၁၉) ပဲစင်းငုံမှာ တောင်သူလက်ကျန်တန်ချိန် ၄၀၀၀၀ ကျော် (ခန့်မှန်း) ရှိနိုင်ကြောင်း သတင်းရရှိပါသည်။ မြန်မာနိုင်ငံမှအဓိကပဲတင်ပို့နေသည့် အိန္ဒိယနိုင်ငံ ချန်နိုင်းပြည်နယ်တရားရုံးက ပြည်ပမှ ပဲတင်သွင်းမှုတားဆီးသည့် အမိန့်စာကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် ဇန်နဝါရီလ ၂၈ ရက်နောက်ပိုင်း တင်သွင်းသည့်ပဲများကို ဆိပ်ကမ်းများမှ ထုတ်ယူခွင့်မပြုဟု အိန္ဒိယနိုင်ငံ အကောက်အခွန်ဌာနက ကြေညာချက်ထုတ်ပြန်ကြောင်း လည်း သိရပါသည်။ ထိုသို့ အိန္ဒိယနိုင်ငံ၏ မူဝါဒသဘောထား အပြောင်းအလဲများကြောင့် နှစ်နိုင်ငံကုန်သည်များအကြား အရောင်းအဝယ်မဖြစ်၍ ဈေးနှုန်းကျဆင်းရကြောင်း သတင်း ရရှိပါသည်။ သို့သော် ဖေဖော်ဝါရီ ၆ ရက်တွင် ပါကစ္စတန်၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ပဲအဝယ်ရှိလာသဖြင့် မတ်ပဲ FAQ/RC(2018) သည်တစ်တန်လျှင် ကျပ် ၆၀၀၀၀၀ မှ ကျပ် ၆၁၀၀၀၀ နှင့် ပဲစင်းငုံမှာ ကျပ် ၇၂၀၀၀၀ တို့ဖြင့် ပြည်တွင်းတွင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရှိရပါသည်။

**ဖေယျာလင်း(စားသုံး)**

## လျှပ်စစ်မော်တော်ယာဉ်သုံး အစိတ်အပိုင်းများအပေါ် သွင်းကုန်ခွန်ကို အိန္ဒိယအစိုးရ လျှော့ချသတ်မှတ်

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်ရန်အတွက် အဆိုပါ မော်တော်ယာဉ်များ၏ အစိတ်အပိုင်းများ တင်သွင်းမှု အပေါ် သွင်းကုန်ခွန်ကို ၁၀-၁၅ ရာခိုင်နှုန်းအတွင်းသို့ ဇန်နဝါရီလ ၂၉ ရက်တွင် လျှော့ချသတ်မှတ်လိုက်ကြောင်း သိရှိရပါသည်။

လက်ရှိမတိုင်ခင်က အိန္ဒိယနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်ရန်အတွက် တင်သွင်းလာသည့် မော်တော်ယာဉ် အစိတ်အပိုင်းများအပေါ် သွင်းကုန်ခွန် ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကောက်ခံခဲ့ကြောင်း၊ ယခုအခါ ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ Central Board of Indirect Taxes and Customs (CBIC) သည် လျှပ်စစ်မော်တော်ယာဉ်များအတွက် သီးခြားခေါင်းစဉ်တစ်ခုခွဲ ထုတ်၍ အကောက်ခွန်နှုန်းထားကို ၁၀-၁၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် အိန္ဒိယအစိုးရသည် အဆိုပါ လျှပ်စစ်မော်တော်ယာဉ်များတွင် အသုံးပြုသည့်ဘက်ထရီများအပေါ် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ကို ဖယ်ရှားခဲ့ပြီး မိုဘိုင်းဖုန်းဘက်ထရီများအပေါ် သွင်းကုန်ခွန်ကို နှစ်ဆတိုးမြှင့် သတ်မှတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုအခါ လျှပ်စစ်မော်တော်ယာဉ်များတွင် အသုံးပြုသည့် ဘက်ထရီများအပေါ် ငါးရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကာ၊ မိုဘိုင်းဖုန်းသုံးဘက်ထရီများအပေါ် အခွန် ၂၀ ရာခိုင်နှုန်းစည်းကြပ် ကောက်ခံမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ကာ အခွန်နှုန်းထားသစ်များမှာ ဇန်နဝါရီလ ၃၀ ရက်တွင် စတင် အသက်ဝင်ခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး။**

# အမေရိကန်-တရုတ် ကုန်သွယ်မှုစစ်ပွဲဒဏ် ကာကွယ်နိုင်ရန် အာဆီယံဒေသတွင်း ကုန်သွယ်မှုကို ထိုင်းနိုင်ငံ ပိုမိုဆောင်ရွက်မည်

အမေရိကန်နှင့်တရုတ်တို့၏ကုန်သွယ်မှုစစ်ပွဲကဆက်လက်ရှည်ကြာဦးမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်းများ ယခုနှစ်မှာ ထပ်မံ ကျဆင်းစေမည်ဖြစ်သည့်အတွက် ထိုင်းနိုင်ငံသည် စစ်ပွဲမှရရှိသည့် ဒဏ်ရာဒဏ်ချက်တို့ကိုကုစားနိုင်ရန် အတွက် အာဆီယံဒေသတွင်းပေါင်းစည်းမှုမှ ရေရှည်အကျိုးစီးပွားများကိုရရှိအောင်ဆောင်ရွက်ရန်လိုသည်ဟု အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကျွမ်းကျင်သူများနှင့် ဘဏ္ဍာရေးကဏ္ဍကိုယ်စားလှယ်တို့ကပြောကြောင်း နေးရှင်းသတင်းတွင် ဖေဖော်ဝါရီ ၇ ရက်က ဖော်ပြသည်။



"ရပ်ဝန်းတစ်ခုလမ်းတစ်ခု အစီအစဉ်ကိုဖျက်ဆီး၊ တရုတ်ပို့ကုန်ကိုလျှော့ချပြီး နည်းပညာတိုးတက်မှုကို ဟန့်တားကာ ကြီးထွားနေတဲ့တရုတ်နိုင်ငံရဲ့ ဩဇာအာဏာဆန့်ကျင်ရေးကိုအဓိကနိုင်ငံခြားရေးမူဝါဒအဖြစ် အမေရိကန်ကဆောင်ရွက်နေပါတယ်" ဟု ထိုင်းနိုင်ငံလုံခြုံရေးနဲ့ အပြည်ပြည်ဆိုင်ရာ လေ့လာရေးအင်စတီကျု၏ ညွှန်ကြားရေးမှူး သီတီနန်ပွန်ဆူဒီရက်က ပြောသည်။

အမေရိကန်-တရုတ် ပဋိပက္ခသည် ကုန်သွယ်မှုကိစ္စထက် ကျော်လွန်လျက်ရှိသည့်အတွက် ရေရှည်ဖြစ်ပွားနေမည့်ပြဿနာဖြစ်နိုင်ကြောင်း သူကပြောသည်။

သီတီနန်သည် ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးက ကျင်းပသော 'ထိုင်းပို့ကုန် ၂၀၁၉ ခုနှစ် အလားအလာ'ပြပွဲတွင် ဖေဖော်ဝါရီ ၇ ရက်ကပြောခြင်းဖြစ်သည်။

"အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်က ရေရှည်စစ် ဖြစ်ပါတယ်။ ကမ္ဘာ့စင်မြင့်မှာ တရုတ်ရဲ့ ဩဇာလွှမ်းမိုးတာကို အမေရိကန်ကကန့်သတ်ဖို့ကြိုးစားတဲ့ ပဋိပက္ခတစ်ခုပါ"ဟု ကုလသမဂ္ဂ အာရှပစိဖိတ်ဒေသစီးပွားရေးနဲ့ လူမှုရေးကော်မရှင်မှ အတတ်ပညာရှင်နှင့် အကြံပေးဟောင်း ဆွမ်ဂျိုင်း ဖာဂါဖာဗီဗက်က ပြောသည်။

"ထိုင်းနိုင်ငံက ပစ္စည်းဖြန့်ဖြူးရေးလုပ်ငန်း အဆင့်ဆင့်နက်ရှိုင်းစွာမှာ ပါဝင်နေပြီး တရုတ်နိုင်ငံအပေါ် အမေရိကန်က အကောက်ခွန်တိုးကောက်တဲ့ဒဏ်ကိုခံနေရပါတယ်။ အထူးသဖြင့် အီလက်ထရွန်းနစ်ကုန်ပစ္စည်းတွေနဲ့ဆိုင်ပါတယ်။ ထိုင်းနိုင်ငံက တရုတ်နိုင်ငံကို အီလက်ထရွန်းနစ်အစိတ်အပိုင်းတွေ အဓိကတင်ပို့တဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ဒီကုန်ပစ္စည်းတွေအပေါ်ကို အမေရိကန်က အခွန်တိုးလိုက်တဲ့အခါ ထိုင်းနိုင်ငံရဲ့ မော်တော်ကား အစိတ်အပိုင်းတွေနဲ့ အီလက်ထရောနစ်အစိတ်အပိုင်းတွေရဲ့တင်ပို့မှုတွေ ကျဆင်းခဲ့ပါတယ်"ဟု ထိုင်းနိုင်ငံကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးမှညွှန်ကြားရေးမှူးချုပ် ပချာနွတ် ဗွန်ကောပွန်က ပြောသည်။

"ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံကိုတင်ပို့တဲ့ မော်တော်ကားအစိတ်အပိုင်းပို့ကုန်က ၁၂ ရာခိုင်နှုန်းနှင့် အီလက်ထရွန်းနစ်အစိတ်အပိုင်းတွေက ၁၈ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်" ဟု ထိုင်းနိုင်ငံ ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးက ပြောကြောင်း သိရသည်။ **စံမီအောင်**

# ဩစတြေးလျနိုင်ငံတွင် ရေလွှမ်းမိုးပြီးနောက် ကျွဲနွားများ သောင်းချီသေဆုံးနိုင်မည့် အန္တရာယ်ရှိ



ဩစတြေးလျ အရှေ့မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုစံချိန်တင်ဖြစ်ပွားပြီးနောက် အစာရေစာရှားပါးမှုကြောင့် ကျွဲနွားများသောင်းချီ သေဆုံးနိုင်မည့်အန္တရာယ်ရှိနေကြောင်းနှင့် အသက်ရှင် ကျန်နေသော တိရစ္ဆာန်များကို ကျွေးမွေးနိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း ဖေဖော်ဝါရီ ၈ ရက်မှာ အာဏာပိုင်တွေက ပြောကြားသည်ကို အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားသည်။

ရက်သတ္တနှစ်ပတ်နီးပါး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကွင်းစလန်ပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားပြီး ပူပြင်းခြောက်သွေ့မှု ဒဏ်ခံထားရသော ကျွဲနွားမွေးမြူရေး စခန်းများမှာ အကြီးအကျယ်ပျက်စီးပြီး ရေများကျသွားသောအခါ ပြောင် သလင်းခါသွားသည့် အခြေအနေကို ရောက်သွားသည်။

ကျွဲနွားသေဆုံးမှုက သောင်းချီရှိနိုင်ကြောင်းဝန်ကြီးချုပ်စကော့ မောရစ်ဆန်က ဆစ်ဒနီတွင် သတင်းထောက်များကို ပြောသည်။

"နှစ်ပေါင်းများစွာမိုးခေါင် ခြောက်သွေ့နေရာကနေ ရုတ်တရက်ကြီး ပြင်းပြင်းထန်ထန်ရေလွှမ်းမိုးပြီး သူတို့အသက်မွေးဝမ်းကျောင်းကို ခြိမ်း ခြောက်တာခံရတဲ့ သူတွေအတွက်တော့ ကြေကွဲစရာပါ " ဟုသူကပြောသည်။

ဖေဖော်ဝါရီ ၇ ရက်က ဒေသတစ်ခုကို သွားရောက်စဉ်က ကျွဲနွားတိရစ္ဆာန်တွေ အမြောက်အများ သေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်း ကွင်းစလန်ပြည်နယ်ဝန်ကြီးချုပ် အန်းနပ်စတာရှာပါလာရှုက ပြောသည်။

သဘာဝအန္တရာယ်ကြုံတွေ့ရသော ဒေသများသို့မြက်ခြောက်များနှင့်လောင်စာဆီများကို သယ်ယူပို့ဆောင်ပေးပြီး တောင်သူလယ်သမားများကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

သူတို့၏ ကျွဲနွားအကောင် ၁၅၀၀ အနက် ၈၀၀ မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဂျူလီယာခရိမြို့နယ်မှ ကျွဲနွား ခြံပိုင်ရှင်ဇနီးမောင်နှံက ပြောသည်။

ဩစတြေးလျမြောက်ပိုင်းဒေသတွင်ယေဘုယျအားဖြင့် မုတ်သုံရာသီတွင်သာ မိုးသည်းထန်စွာရွာသွန်းတတ်ကြောင်း သိရသည်။

**စံမီအောင်**

# ကော်ပိုရေးရှင်းများ၏ လူမှုတာဝန်ကို လေးစားလိုက်နာကြရန် နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံနေကြသော လုပ်ငန်းများကို ဗီယက်နမ်နိုင်ငံ တိုက်တွန်း

ဗီယက်နမ်စီးပွားရေး လုပ်ငန်းများသည် နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံကြသောအခါ အိမ်ရှင်နိုင်ငံ၏ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးကို မြှင့်တင်ပေးနိုင်ရန် သဘာဝ ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ကော်ပိုရေးရှင်းများ၏ လူမှုတာဝန် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ကြရန် ကျွမ်းကျင်သူတွေက တိုက်တွန်းကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

တည်ဆဲဥပဒေများတွင် ဗီယက် နမ်စီးပွားရေးလုပ်ငန်းများ ပြည်ပတွင် လုပ်ငန်း ဆောင်ရွက်သောစီမံကိန်းများအတွက် ကော်ပိုရေးရှင်းများ၏ လူမှုတာဝန်ကို ရှင်းလင်းပြတ်သားစွာပြဋ္ဌာန်းထားခြင်းမရှိသေးပေ။ သို့သော်လည်း စီမံကိန်းများဖွံ့ဖြိုးပြီး စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်အတွက် စီးပွားရေးလုပ်ငန်းများသည် ကော်ပိုရေးရှင်းများ၏ လူမှုတာဝန်ကို မျက်ကွယ်ပြု၍မရနိုင်ကြောင်း ၎င်းတို့က ပြောသည်။

ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ ပြည်ပတွင် လုပ်ငန်းများ ဆောင်ရွက်သောအခါ လူမှုနှင့်သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ပြတ်သားစွာနား လည်စေရန်၊ အိမ်ရှင်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားလိုက်နာရန်နှင့် လုပ်ငန်းကြောင့် ထိခိုက်နိုင်မည့်အခြေအနေများကို စီးပွားရေး စီမံကိန်း အကောင်အထည်မဖော်မီညှိနှိုင်းတိုင်ပင်ထားရန်လိုကြောင်း အင်န်ဂျီအိုအဖွဲ့ Oxfam Việt Nam က ဖန်ကွမ်တူက ပြောသည်။

ထို့အပြင် အိမ်ရှင်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လူမှုနှင့် သဘာဝပတ်ဝန်းကျင် ဂယက်ရိုက်ခတ်မှုအစီရင်ခံစာကို အတူတကွ တင်သွင်းရန်လိုကြောင်း သူက ပြောသည်။

အပြည်ပြည်ဆိုင်ရာဥပဒေများ၊ အိမ်ရှင်နိုင်ငံ၏ဥပဒေများ ယဉ်ကျေးမှုများဒေသခံပြည်သူတို့၏ ဓလေ့ထုံးစံများကိုလိုက်နာမှု နည်းပါးသည့်အတွက် အစိုးရများအချင်းချင်းရေးထိုးခဲ့ကြသော သဘောတူစာချုပ်များနှင့် ပြည်ပ စီမံကိန်းအများအပြားမှာ ရည်မှန်းချက်ကို မရောက်ရှိကြကြောင်း ဗီယက်နမ် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဟောင်ကွမ်ဖောင်းက ပြောသည်။

ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် ရေရှည်တည်တံ့မှုကို ဦးတည်၍ သူတို့၏ ရင်းနှီးမြှုပ်နှံမှုပုံစံကို ပြောင်းလဲရန်နှင့် စီးပွားရေးလုပ်ငန်းများ၏ကိုယ်ပိုင်အကျိုးစီးပွား အိမ်ရှင်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့်ပင်လယ်ရပ်ခြား ဈေးကွက်များတွင် ဗီယက်နမ်၏ပုံရိပ်ကို ထိခိုက်စေနိုင်သော ပြဿနာများကို ရှောင်ရှားရန်ကော်ပိုရေးရှင်း၏လူမှု တာဝန်မြှင့်တင်ဆောင်ရွက်ရမှာဖြစ်ကြောင်း ဖောင်က ပြောသည်။ **စံမီအောင်**



C B BANK

# INTERNATIONAL TRADE SERVICES

## နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

### Import Services
### သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဗိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည်ဖွင့်လှစ်ပေးခြင်း။

### Export Services
### ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းနှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ/ ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

### Export/Import Financing
### ပို့ကုန်/သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

### International Remittance
### အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။
  ( Inward Remittance )
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။
  ( Outward Remittance )



Call Centre : (+95) **1 231 777 0**


Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm




# IBS

## IDEAL BUSINESS SUCCESS CO., LTD.

EXPORTER, IMPORTER, GENERAL, TRADING & SERVICES




Our Services : Freight Forwarding, Ocean Freight(FCL/LCL), Air Freight /
: Consolidation and De-Consolidation
: Warehousing
: Box Truck Dellvery
: Customs Clerance
: Distribution

အမှတ်(၁၁၈)၊ မကွေးရာမင်းသားကြီး မောင်ပျို့လမ်း၊ စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 5014007, 09 5108500, 09 5135808, 09 5135510
01 684513, 01 684683 Email : ms.thanthansu@gmail.com, ibssuccess@myanmar.com.mm Website : www.ibssuccess.com

COMMERCE INTERNATIONAL

# ထိုင်းနိုင်ငံမှ ICV အများပိုင်ကုမ္ပဏီ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်

ICV (Index Creative Village Public Company Limited) အများပိုင်ကုမ္ပဏီသည် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း ကုမ္ပဏီတည်ထောင်သူနှင့် စီအီးအို Mr. Kreingkrai MekKanjanapokin က ပြောကြားခဲ့ပါသည်။

ICV ကုမ္ပဏီသည် မြန်မာ့ဈေးကွက်အပေါ် လေ့လာခြင်းအား အခြားဈေးကွက်များထက် ပိုမိုအချိန်ယူလေ့လာခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ၌ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုကို အလေးထားဆောင်ရွက်မည်ဖြစ်ပါသည်။ ICV သည် မြန်မာနိုင်ငံ၌ ပြပွဲအခမ်းအနား ၃၀ ခန့်အား နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ Myanmar FoodBev၊ Myanmar Retail Sourcing Expo 2019 နှင့် Myanmar Build & Décor စသည့် အဓိကပြပွဲ ၃ ခုကိုလည်း ၂၀၁၉ ဒုတိယနှစ်ဝက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရှိရပါသည်။




ICV ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံရှိလုပ်ငန်းများမှ ဝင်ငွေစုစုပေါင်းအမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းရရှိ၍ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ မြန်မာ၌တိုးတက်မည့် အလားအလာ ကောင်းများရှိသဖြင့် ယခုနှစ်တွင် ဝင်ငွေစုစုပေါင်း ဒေါ်လာ ၃ ဒသမ ၄ သန်းအထိတိုးတက်ရရှိရန် မျှော်မှန်းထားကြောင်း၊ ရုပ်မြင်သံကြားနှင့် စာအုပ်စာတမ်းများ၌ ကြော်ငြာအသုံးစရိတ်အပေါ် အနုတ်လက္ခဏာအကျိုးသက်ရောက်စေမည့်ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးလာခြင်းကြောင့် မီဒီယာကဏ္ဍကို ထိခိုက်နိုင်ကြောင်း၊ သတင်းအချက်အလက်များအား သိမ်းဆည်းရန်Cloud နည်းပညာဖွံ့ဖြိုးမှုကြောင့် ကွန်ပျူတာသုံးဓာတ်ပြား (disk)၊ စီဒီနှင့် ဒီဗွီဒီကို သုံးစွဲမှုနည်းလာ၍ မီဒီယာလုပ်ငန်းများသည် ငွေကြေး အခက်အခဲများဖြင့် ရင်ဆိုင်ကြရပြီးနောက် မဂ္ဂဇင်းနှင့် သတင်းစာထုတ်ဝေရေးကို ရပ်နားကြရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင်လည်း လွန်ခဲ့သော ၃ နှစ်အတွင်း ရုပ်မြင်သံကြားနှင့် မဂ္ဂဇင်းစာအုပ်များ၌ ကြော်ငြာအသုံးစရိတ် ကျဆင်းသော အခြေအနေကိုကြုံတွေ့ခဲ့ရကြောင်း၊ ယင်းအခြေအနေသည် ကမ္ဘာလုံးဆိုင်ရာပြောင်းလဲလာခြင်းဖြစ်၍ စီးပွား ရေးလုပ်ငန်းများအနေဖြင့် ဒ စ်ဂျစ်တယ်ဈေးကွက်အတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း၊ ICV သည် မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး အချက်အချာနေရာဖြစ်သော ရန်ကုန်မြို့၌ လုပ်ငန်းတိုးချဲ့မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် Junction City နှင့် City Mall St.Johnအပါအဝင် ဈေးဝယ်စင်တာအသစ်များ ဖွင့်လှစ်ပြီးနောက်တွင် ဧရိယာအကျယ်အဝန်းသည် စတုရန်းပေ ၁၅၀၁၄၈၀ အထိရှိလာပြီး ၂၀၁၅ ခုနှစ်ထက် စတုရန်းပေ ၄၀၀၀၀၀ ခန့် တိုးတက်လာကြောင်း စီအီးအို Mr. Kreingkrai က ပြောကြားခဲ့ပါသည်။

ICV ကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ကုန်စည်ပြပွဲကျင်းပရာတွင် အဓိကအားဖြင့် အစားအသောက်နှင့် အဖျော်ယမကာ၊ စက်ရုံအင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ အီလက်ထရောနစ်၊ လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ မော်တော်ယာဉ်နှင့် ဆေးဝါးများအတွက် ပြပွဲများကိုအလေးထား ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဂျပန်၊ ယူအေအီး၊ ထိုင်ဝမ်နှင့် တောင်ကိုးရီးယား စသည့်နိုင်ငံများတွင်လည်း ကုန်စည်ပြပွဲများကျင်းပရန် စီစဉ်ထားပါသည်။ အရှေ့အလယ်ပိုင်းဒေသသည် ICV အတွက် ဈေးကွက်အသစ်တစ်ခုဖြစ်ပါသည်။ ICV သည် ဆန်းသစ်တီထွင်မှု ပိုမိုလိုအပ်လျက်ရှိသောမြန်မာနိုင်ငံနှင့် အရှေ့အလယ်ပိုင်း ဈေးကွက်ကို အဓိကအလေးထားပါသည်။ ယူအေအီး၊ ကာတာနှင့် ဘာရိန်းနိုင်ငံတို့သည် တူညီသော မဟာဗျူဟာများထားရှိကြပြီး ရေနံဈေးနှုန်း ကျဆင်းလာချိန်တွင် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရန်အတွက် ဆန်းသစ်တီထွင်ကဏ္ဍအသစ် တစ်ခုကို အလိုရှိနေကြပါသည်။ ဒေသတစ်ခုချင်းစီ၌ ပြပွဲအခမ်းအနားလုပ်ငန်းသည် တိုးတက်လျက်ရှိပြီး ICV ကုမ္ပဏီအနေဖြင့် ဒီဂျစ်တယ်ခေတ်တွင် ဖောက်သည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။

ICVကုမ္ပဏီသည် ပြပွဲဈေးကွက်လုပ်ငန်း၊ ကုန်အမှတ်တံဆိပ် ထိုးဖောက်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကဆိုင်ရာ ကုန်စည်ပြပွဲနှင့် ပျော်ရွှင်စရာပွဲတော်များ ကျင်းပသည့်အတွေ့အကြုံ ၂၉ နှစ်ရှိပါသည်။ မြန်မာစားသုံးသူများ၏ အမူအကျင့်ပြောင်းလဲပြီး ၎င်းတို့အနေဖြင့် နေထိုင်မှုပုံစံအသွင်သစ်နှင့် နည်းပညာများကို လမ်းဖွင့်ထားပါသည်။ ပြပွဲအသစ်များကို ကျင်းပပေးခြင်းဖြင့် ပြပွဲခန်းမ၊ ဟိုတယ်နှင့် ဈေးဝယ်စင်တာများ၏ တိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပြပွဲအခမ်းအနား လုပ်ငန်းအတွက် တိုးတက်မှု အလားအလာရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြပွဲလုပ်ငန်းအား ဈေးကွက်ရှာဖွေခြင်း၊ ကုန်စည်ပြပွဲနှင့် ဖျော်ဖြေပွဲဟူ၍ ပြပွဲအမျိုးအစား ၃ မျိုးခွဲခြားနိုင်ပါသည်။ မန္တလေးမြို့သည် ICV အတွက် နောက် ထပ်လုပ်ငန်းတိုးချဲ့မည့်နေရာတစ်ခုဖြစ်ပြီး နေပြည်တော်၊ ပုသိမ်နှင့် တောင်ကြီးမြို့များကိုလည်း စောင့်ကြည့်နေကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် အမျိုးမျိုးသော လုပ်ငန်းများ၏ ခေတ်မီကုန်စည်ပွဲတော်ပုံမျိုးဖြစ်အောင် မတူညီသောအခြေခံများကို ဖန်တီးပေးရေးသည် ICV၏ မဟာဗျူဟာဖြစ်ကြောင်း စီအီးအို Mr. Kreingkrai က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး။**

## ကန့်သတ်ထားသည့် ပဲအမျိုးအစား အားလုံးအတွက် ဆိပ်ကမ်းရှင်းလင်းရေး ဆောင်ရွက်ပေးမှုများအား ရပ်တန့်ရန် ချင်နိုင်းအကောက်ခွန်ဦးစီးဌာန ညွှန်ကြားချက်ထုတ်

ချင်နိုင်းအကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထုတ် ညွှန်ကြားလွှာတွင် ဖော်ပြချက်အရ ဇန်နဝါရီလ ၂၈ ရက် တွင် အိန္ဒိယဗဟိုတရားရုံး (Supreme Court) က DGFT အနေဖြင့် ထုတ်ပြန်ထားသည့် ပဲတင်သွင်းခွင့်မူဝါဒဆိုင်ရာ ညွှန်ကြားလွှာများအား အတည်ပြုသည်ဟု ဖော်ပြထားသည့်အတွက် DGFT မှ ထုတ်ပြန်ထားသော ပဲအမျိုးအစားအားလုံးအတွက် ဆိပ်ကမ်းရှင်းလင်းရေး ဆောင်ရွက်ပေးမှုများအား ရပ်တန့်ရန် ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး။**

Don't be drastic, Say "no" to plastic
ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။

## ပို့ကုန်ပမာဏနှစ်ဆခန့် တိုးမြှင့်တင်ပို့ရန် ကြိုးစားနေကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ပြောကြား

အိန္ဒိယနိုင်ငံ၏ ပို့ကုန်ပမာဏ မှာ လက်ရှိတွင် အမေရိကန်ဒေါ်လာ ၃၂၁ ဘီလီယံခန့်ရှိပြီး အစိုးရက ဖော်ဆောင်နေသည့် မူဝါဒသစ်များသည် လာမည့်နှစ်အနည်းငယ်အတွင်း နှစ်ဆခန့် တိုးမြှင့်တင်ပို့နိုင်လိမ့်မည်ဟု ပြည်ထောင်စုဝန်ကြီး Shri Suresh Prabhu ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပထမဆုံးသော စိုက်ပျိုးရေးမူဝါဒကို မကြာသေးမီက ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ရာ နိုင်ငံ၏ ပို့ကုန်ကဏ္ဍအတွက် အဓိကအလားအလာရှိသည့်ကဏ္ဍမှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဖြစ်ကြောင်း၊ ၎င်းမူဝါဒသည် ကဏ္ဍငါးခုကို ဗဟိုချက်ပြုထား ပြီး လယ်ယာလုပ်ငန်း၊ သစ်သီးဝလံပန်းမန်စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသားထုတ်လုပ်ရေးကဏ္ဍတို့ပါဝင်ကြောင်း၊ ယင်းကဏ္ဍများမှ ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရေး ဆောင်ရွက်မည်ဖြစ်ကာ လက်ရှိတွင် အဆိုပါကဏ္ဍများ၏ ပြည်ပပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ သာရှိရာ အနာဂတ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ အထိ တိုးတက်လာစေရန် မျှော်မှန်း ထားကြောင်း သိရှိရပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ပို့ကုန်ကဏ္ဍအတွက် အရေးပါရုံသာမက အလုပ်အကိုင်များစွာကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းတင်ပို့မှုကို အားပေးမြှင့်တင်နိုင်မည့် အစီအစဉ်များကိုလည်း အစိုးရကဖော်ဆောင်နေရာ မကြာသေးမီက ကြေညာခဲ့သည့် Air Cargo policy သည် ရေထွက်ပစ္စည်းတင်ပို့မှုကို အားပေးမြှင့်တင်လာနိုင်ပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် သီဟိုဠ်စေ့များကိုပါ လေကြောင်းဖြင့် အလွယ်တကူတင်ပို့လာနိုင်မည်ဟု ပြည်ထောင်စုဝန်ကြီး Suresh Prabhu ကပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး။**